The VOICE Sunday

Vol. 5 / No. 291 | Established in 2004 | ၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၂) ရက်၊ တနင်္ဂနွေနေ့၊ (Sunday, March 18, 2018)

# ဒုက္ခသည်များ ပြန်လက်ခံရေး ကုလ ပါဝင်ခွင့်ရရှိရန် မြန်မာအစိုးရနှင့် ညှိနှိုင်း

**ရန်ကုန်၊ မတ် ၁၇**

ရခိုင်ပြည်နယ်ပဋိပက္ခအရေးကြောင့် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ခွာသွားသည့် ဒုက္ခသည်များပြန်လည်လက်ခံရေးတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ( UNDP) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး( UNHCR) တို့မှ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးနေကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

"ဆွေးနွေးနေတယ်။ အချောသတ်ကတော့ မထွက်သေးဘူး။ UNDP နဲ့ UNHCR ရယ် အစိုးရအဖွဲ့ နဲ့တွေ့ ပြီး ပူးပေါင်းဖို့ဆွေးနွေးနေတယ်"ဟု ၎င်းက ပြောကြားသည်။ P - 2

## ဖားကန့်တွင် မြေစာပုံပြိုကျ၍ ရေမဆေးသမား လေးဦးသေဆုံး၊ ၄၀ ခန့် ပျောက်ဆုံး

**မြစ်ကြီးနား၊ မတ် ၁၇**



ဓာတ်ပုံ- ယိန်းခေါ်



P - 2

ဓာတ်ပုံ- ယိန်းခေါ်

မြေစာပုံပြိုကျမှုကို လာရောက်ကြည့်ရှုနေသူများနှင့် တစ်ပိုင်းတစ်စ နစ်မြုပ်နေသော စက်ယန္တရားများကို မတ်လ ၁၇ ရက်နေ့ မွန်းလွဲပိုင်းက တွေ့ရစဉ်

## RCSS နှင့် TNLA တိုက်ပွဲများတွင် လူ ၂၀၀ ခန့် ပိတ်မိ

**ရန်ကုန်၊ မတ် ၁၇**

တိုင်းရင်းသား လက်နက်ကိုင်နှစ်ဖွဲ့ဖြစ်သော ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် တအာင်းပလောင်အဖွဲ့ (TNLA) တို့ ရှမ်းမြောက်ဒေသတွင် တိုက်ပွဲပြင်းထန်နေပြီး တိုက်ပွဲများကြောင့် ကျောက်မဲရှိ ရွာအချို့တွင် လူ ၂၀၀ ခန့်ပိတ်မိနေဆဲဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

ယခုရက်ပိုင်းအတွင်း TNLA နှင့် RCSS တို့ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီး မတ်လ ၁၆ ရက်က တိုက်ပွဲရှောင် လူ ၂၂၀ ကျော်ကို ပရဟိတအသင်းများက ကယ်ထုတ်ကာ ကျောက်မဲမြို့ပေါ်သို့ ရွှေ့ပြောင်းပေးနိုင်ခဲ့သော်လည်း P - 3

## အခြေခံပညာ သင်ရိုးသစ်များကို လာမည့်ငါးနှစ်အတွင်း အပြီးပြောင်းလဲမည်

P - 11

## အကယ်ဒမီရွှေကြယ် အောင်သမာဓိရွှေဆိုင် လုပ်ကိုင်ခွင့်ရ P - 11

## ခွေးမှုဆိုးများကို မိုရှာတွင် ဖမ်းမိ P - 3

## အာဆီယံအစည်းအဝေးတက်ရောက်မည့် ဒေါ်အောင်ဆန်းစုကြည်ကို ဆစ်ဒနီရှိ ဘင်္ဂါလီအရေးလှုပ်ရှားသူများ ဆန္ဒပြ P - 2



# အာဆီယံအစည်းအဝေး တက်ရောက်မည့် ဒေါ်အောင်ဆန်းစုကြည်ကို ဆစ်ဒနီရှိ ဘင်္ဂါလီအရေး လှုပ်ရှားသူများ ဆန္ဒပြ




ဒေါ်အောင်ဆန်းစုကြည်ကို နာဇီခေါင်းဆောင် ဟစ်တလာကဲ့သို့ နှုတ်ခမ်းမွေးတပ်ထားသည့် ဓာတ်ပုံကိုင်ဆောင်ကာ ဆစ်ဒနီမြို့တွင် ဆန္ဒပြနေကြသည့် ဘင်္ဂါလီများ

**ဆစ်ဒနီ၊ မတ် ၁၇**

သြစတြေးလျနိုင်ငံတွင် ကျင်းပမည့် အာဆီယံအထူးအစည်းအဝေးပွဲသို့ မြန်မာနိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မည့်အစီအစဉ်ကို ဆန့်ကျင်ကန့်ကွက်သူများက မြို့တော်ဆစ်ဒနီတွင် ကန့်ကွက်ဆန္ဒပြမှုပြုလုပ်ခဲ့ကြောင်း Press TV သတင်းဌာနက ရေးသားဖော်ပြသည်။

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများ ဖိနှိပ်ခံရမှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့်ပတ်သက်၍ မကျေနပ်သူ ၁၀၀ ကျော်ခန့်က ဆစ်ဒနီမြို့ ဟိုက်ဒီပဲ့ပါ်တွင် စနေနေ့က ဆန္ဒပြခဲ့ခြင်းဖြစ်သည်။ ၎င်းတို့က အာဆီယံအထူးအစည်းအဝေးသို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မည့်ကိစ္စကိုကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

သြစတြေးလျဝန်ကြီးချုပ် မယ်ကွမ်တန်းဘူးလ်က သြစတြေးလျသို့ဒေါ်အောင်ဆန်းစုကြည် သုံးရက်တာမျှ လာရောက်မည့် အဆိုပါခရီးစဉ်တွင် ဘင်္ဂါလီအရေးကိစ္စကို ထုတ်ဖော်ဆွေးနွေးမည်ဖြစ်သည်ဟု သောကြာနေ့က ပြောကြားသည်။

စနေနေ့ ဆန္ဒပြပွဲတွင် သြစတြေးလျအခြေစိုက် ဘင်္ဂါလီအသင်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက မြန်မာနိုင်ငံ၊ ဘင်္ဂါလီပြဿနာအတွက် ခိုင်မာပြီး လူသားဆန်သည့် ဖြေရှင်းချက်တစ်ခုရှာဖွေရာတွင် အကူအညီပေးရန် အာဆီယံခေါင်းဆောင်များကို တိုက်တွန်းကြောင်း ပြောကြားသည်။

"သြစတြေးလျအစိုးရ အပါအဝင် အာဆီယံခေါင်းဆောင်တွေအနေနဲ့ လူ့အခွင့်အရေးကာကွယ်ပေးရေးအတွက် မှန်ကန်တဲ့ ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်မယ်လို့ မျှော်လင့်တယ်။ ထို့အတူ ခိုင်မာပြီး လူသားဆန်တဲ့ဖြေရှင်းချက် တစ်ရပ်ထွက်ပေါ်ရေးအတွက် မြန်မာခေါင်းဆောင်တွေ၊ ဘင်္ဂါလီခေါင်းဆောင်တွေနဲ့အတူ အဆက်မပြတ်ဆွေးနွေးသွားနိုင်အောင် ဆက်လက်လုပ်ဆောင်ပေးနိုင်မယ်လို့လည်း မျှော်လင့်တယ်" ဟု ဆူဂျာဒင်ကာရီမူဒင်ကပြောကြားသည်။

အဆိုပါ အာဆီယံထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာမည့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်ကိုလည်း ယင်းနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ကန့်ကွက်ဆန္ဒပြမှုများရှိခဲ့သည်။ ဟွန်ဆန်က ကမ္ဘောဒီးယားနိုင်ငံတွင်း ချီတက်ဆန္ဒပြမှုများကို အင်အားသုံးဖြိုခွင်းပစ်မည်ဖြစ်သည်ဟု ဆစ်ဒနီမြို့သို့ မသွားရောက်မီ ခြိမ်းခြောက်ပြောဆိုခဲ့သည်။

■ F-01

## မျက်နှာဖုံး - ဒုက္ခသည်များ ပြန်လက်ခံရေး ကုလပါဝင်ခွင့်ရရှိရန်မှ အဆက်

ဆွေးနွေးပွဲကို နေပြည်တော် နိုင်ငံတော်အတိုင်ပင်ခံရုံးတွင် အစိုးရအဖွဲ့ဝင်များအပါအဝင် လူဝင်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဒုက္ခသည်များပြန်လည်လက်ခံရေးတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ တာဝန်ရှိသူများနှင့် မတ်လ ၁၄ ရက်ကဆွေးနွေးခဲ့ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြောကြားသည်။

"အဲဒါတွေကို ဆွေးနွေးနေတုန်းပါ။ အဲဒါတွေပြီးမှ လဝက နဲ့ MoU ထိုးမယ်။ အခုက နှစ်နိုင်ငံ သဘောတူညီမှုတွေ ယူနေတယ်" ဟု ၎င်းက ပြောကြားသည်။

ရခိုင်ပြည်နယ်သို့ပြန်လာမည့် ဒုက္ခသည်များ လက်ခံရေးလုပ်ငန်းစဉ်များတွင် မည့်သည့် အခန်းကဏ္ဍက ပူးပေါင်းပါဝင်နိုင်မည်ကို အကြမ်းဖျင်းဆွေးနွေးထားသည့် အခြေအနေသာရှိသေးကြောင်း ၎င်းက ပြောကြားသည်။

ရခိုင်ပြည်နယ် မြောက်ပိုင်း ပဋိပက္ခကြောင့် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးတိမ်းရှောင်ရသူ စာရင်းကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများက ကျေးရွာများအထိ ကွင်းဆင်းကောက်ယူခဲ့ရာ ငါးသိန်းသုံးသောင်းကျော်ရှိသော်လည်း ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ထုတ်ပြန်ချက်တွင် ထွက်ပြေးလာသူ ခုနစ်သိန်းနီးပါးရှိသည်ဟု ထုတ်ပြန်ထားသည်။

ဘင်္ဂလားဒေ့ရှ်က ပြန်လာမည့် ဒုက္ခသည်တွေလက်ခံရေးလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအဖွဲ့အစည်းများအနေနှင့် ပူးပေါင်းပါဝင်မှု၌ အစိုးရအနေနှင့် အကန့်အသတ် ရှိသင့်သည်ဟု မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းက ပြောကြားသည်။

"ဟိုကပြန်လာတဲ့သူတွေမှာ အကြမ်းဖက်သူပါဝင်တာ မပါတာ၊ ဒီဒေသမှာနေထိုင်ခဲ့ဖူးသလားကို ကျွန်တော်တို့ အစိုးရက လုပ်ရမယ့်အလုပ်တွေ နိုင်နိုင်နင်းနင်း လုပ်နိုင်တဲ့ အဲဒီအပိုင်းတွေမှာ ဝင်ပြီးဆရာကြီးလုပ်လာရင်တော့ ပြဿနာရှိတယ်။ အစိုးရ သီးသန့်စစ်ဆေးတဲ့ အခန်းကဏ္ဍကို UN အဖွဲ့အစည်းတွေက အနှောင့်အယှက်ဖြစ်မယ်။ အခြားနေရာတွေမှာ လေ့လာတာစောင့်ကြည့်တာတို့နေရာမှာ ဝင်ပြီးပူးပေါင်းရင်တော့ အဆင်ပြေတယ်" ဟု ၎င်းက ပြောကြားသည်။

■ J-18

KYAW PANDA Engineering Co.Ltd.,
PANDA Air-Con Sale & Service Centre
■ Air-Con Brand New များ Dealer
■ Air-Con Installation, Servicing, Repairing
Boiler နှင့် Heater များ
Car Rental
Alphard, Hiace
09 515 8803, 09 253582510, 09 732 29024,
No.130(B),G/F, Upper 94th Street, By Daw Thein Tin Road, MTNT

# ဖားကန့်တွင် မြေစာပုံပြိုကျ၊ ရေမဆေးသမား လေးဦး သေဆုံး၊ ၄၀ ခန့်ပျောက်ဆုံး

**မြစ်ကြီးနား၊ မတ် ၁၇**

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ ကန်ခါမော်ရှိ စုပေါင်းမြေစာပုံတစ်ခုတွင် မတ်လ ၁၆ ရက်နေ့ ည ၁၀ နာရီခွဲခန့်က မြေစာပုံပြိုကျမှုကြောင့် ရေမဆေးသမား လေးဦးသေဆုံးကာ ၄၀ ဦးခန့် ပျောက်ဆုံးခဲ့ပြီး ကုမ္ပဏီ မြေတင်ယာဉ်နှစ်စီး မြေမြုပ်သွားကြောင်း ယင်းမြေစာပုံပြိုကျသည့်နေရာသို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး ဆောင်ရွက်သူများထံမှ သိရသည်။

"အခုအဲဒီမှာ မျက်မြင်သက်သေ ရေမဆေးတွေရဲ့ပြောကြားချက်အရ ၃၀၊ ၄၀ ပတ်ဝန်းကျင်လောက် မြုပ်သွားတယ်လို့ ခန့်မှန်းရတယ်။ ဒါပေမဲ့ အခုလက်ရှိအထိ လူပျောက်စာရင်းရထားတာက ငါးဦးရှိတယ်။ ကုမ္ပဏီကားကတော့ မြေတင်ကားနှစ်စီးမြုပ်နေတယ်" ဟု ယင်းမြေစာပုံပြိုကျသည့်နေရာသို့ ရောက်ရှိနေသည့် ဖားကန့်အခြေစိုက် Green Land သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးယိန်းခေါက ပြောဆိုသည်။

အဆိုပါ မြေစာပုံပြိုကျမှုကြောင့် အမျိုးသားနှစ်ဦးဒဏ်ရာရရှိပြီး အနီးပတ်ဝန်းကျင် ပြောစကားအရ မြေစာပုံအောက်သို့ ၃၀ ကျော်၊ ၄၀ ကျော်ခန့် ပိမိနေသည်ဟုဆိုသော်လည်း လက်ရှိအချိန်တွင် အသေးစိတ်ကိုမူ မသိရှိရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"မြေစာပုံက အရမ်းမြင့်တော့ တူးရှာရင်းနဲ့ ခါးပြတ်ပြီး ပြိုကျတာပေါ့။ သတင်းစကားတွေအရတော့ လေးဆယ်လောက်ဖိမိနိုင်တယ်လို့ သိရတယ်။ အခုမှရှာဖွေရေး တွေလုပ်နေတယ်။ အတိအကျမသိရသေးဘူး" ဟု ဆိတ်မူကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရွှေသိန်းက ပြောဆိုသည်။

အဆိုပါမြေပြိုကျသည့် နေရာသည် တစ်သုံးလုံးကုမ္ပဏီအပိုင်ရှိ စုပေါင်းမြေစာပုံဖြစ်ပြီး မြေပြိုမှုကြောင့် သေဆုံးသူစာရင်းနှင့် လူပျောက်စာရင်း အတိအကျကို စိစစ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ဖားကန့်မြို့နယ်မှ ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလှုဆိုင်းက ပြောကြားသည်။

ယခုပြိုကျသည့် ကန်ခါမော်ရှိ တစ်သုံးလုံးကုမ္ပဏီပိုင် မြေစာပုံပြိုကျသည့်နေရာသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက မြေစာပုံပြိုကျမှုကြောင့် လူ ၁၁၄ ဦးသေဆုံးခဲ့သည့် နေရာလည်းဖြစ်သည်။

■ R-06

# အမျိုးသားသတင်းဆုပေးပွဲ မေ ၃ ရက်တွင် ကျင်းပမည်

**ရန်ကုန်၊ မတ် ၁၇**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြီးမှူးသည့် ခြောက်ကြိမ်မြောက် အမျိုးသားသတင်းဆုပေးပွဲကို ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day)ဖြစ်သော မေလ ၃ရက်တွင် SKY STAR ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းစာဆရာများအသင်းမှ ဘဏ္ဍာရေးမှူး ဒေါ်အိအိတင်က ပြောကြားသည်။

"ဒီနှစ်မှာက ခုနစ်ဆုဖြစ်သွားတယ်။ အကောင်းဆုံး အယ်ဒီတာ့အာဘော်ဆုပါလာတယ်။ ဆုတစ်ခုကို ၁၀ သိန်း ကျပ်ပေးသွားမယ်။ ဆုရွေးချယ်မယ့်သူတွေက ပညာရှင်တွေက စိစစ်မှာပါ။ သတင်းသမားတွေ အကုန်ဝင်ပြိုင်စေချင်တယ်။ ဆုရွေးချယ်တဲ့ နေရာမှာ စံနှုန်းသတ်မှတ်ချက်တွေနဲ့ စိစစ်သွားမှာပါ" ဟု ၎င်းက ဆိုသည်။

အမျိုးသားသတင်းဆုချီးမြှင့်ပွဲတွင် သတင်းသူရဲကောင်းဆု၊ အကောင်းဆုံး သတင်းဆု၊ အကောင်းဆုံး သတင်း ဆောင်းပါးဆု၊ အကောင်းဆုံး အယ်ဒီတာ့အာဘော်/ ဆောင်းပါးရှင်အာဘော်ဆု၊ အကောင်းဆုံး သတင်းကာတွန်း ဆု၊ အကောင်းဆုံး ရုပ်သံသတင်းဆုများကို ရွေးချယ်ချီးမြှင့်သွားမည် ဖြစ်သည်။

ဆုရွေးချယ်ရေးအတွက် ပေးပို့မည့် စာမူများကို ၂၀၁၇ ခုနှစ် ဧပြီလ ၁ရက်မှ ဒီဇင်ဘာလ ၃၀ ရက်အတွင်း ထုတ် လုပ်ခဲ့သည့် ပုံနှိပ်မီဒီယာတွင် ဖော်ပြပါရှိ ထုတ်လွှင့်ခဲ့သည့် စာမူများကို ပုံနှိပ်၊ မိတ္တူတင်ပြရမည်ဖြစ်သည်။

ထို့အပြင် ရုပ်သံသတင်းများ အတွက် အွန်လိုင်းဝက်ဘ်ဆိုက်တွင် Link များကို တင်ပြရမည်ဖြစ်သည်။

လျှောက်ထားလိုသူများသည် မိမိပေးပို့မည့် စာမူများ၏အမည်စာရင်းကို myanmarmarja12@gmail.com ၊ မြန်မာနိုင်ငံသတင်းစာဆရာ များအသင်းသို့ ပေးပို့ရမည် ဖြစ်သည်။

■ J-18

09 5078302, 09 785078302

# ပုသိမ်တွင် သက်ငယ်မုဒိမ်း သေဒဏ်ပေးရေးနှင့် အမျိုးသမီးထုဘဝ လုံခြုံရေး လှုပ်ရှားမှုလုပ်

ပုသိမ်၊ မတ် ၁၇



ဓာတ်ပုံ- မောင်မျိုးထက်

ဧရာဝတီတိုင်း ပုသိမ်မြို့တွင် မတ်လ ၁၇ရက် နံနက်ပိုင်းက အရပ်ဘက် အဖွဲ့အစည်း ၂၀ ကျော် ပူးပေါင်းကာ သက်ငယ်မုဒိမ်းမှု သေဒဏ်ပေးရေး၊ အမျိုးသမီးထုဘဝလုံခြုံရေး လှုပ်ရှားမှုကို လုပ်ဆောင်ခဲ့သည်။

ပုသိမ်မြို့၏ လူစည်ကားရာနေရာများ ဖြစ်သော ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်၊ မြို့မဈေးကြီး ၊ ဘူတာဈေး၊ မြို့သစ်ဈေး၊ ကုလားကုန်းဈေး၊ ရွှေပြည်သာဈေးနှင့်မဟာဗန္ဓုလ လမ်းမကြီး တစ်လျှောက် မီးပွိုင့်များအနီးတွင် ဓာတ်ပုံ၊ ပိုစတာလှုပ်ရှားမှု နှင့် သက်ငယ်မုဒိမ်းနှင့် ပတ်သက်သည့် အသိပညာပေး စာရွက်စာတမ်းများကို ဖြန့်ဝေခဲ့ကြောင်း ယင်းလှုပ်ရှားတွင်ပါဝင်သည့် ဖြူစင်မေတ္တာ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး အသင်းမှ ဦးသန်းထွန်းနိုင် (ခ) ကိုနိုင်ကြီးက ပြောသည်။

အဆိုပါ လှုပ်ရှားမှုကို ဧရာဝတီတိုင်း လွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် ဦးဆောင်ကာ မန္တလေး အွန်လိုင်းပရဟိတ အဖွဲ့နှင့် ပုသိမ်မြို့ရှိ အရပ်ဘက် အဖွဲ့အစည်းများမှ လူ၁၅၀ခန့်က လုပ်ဆောင်ခဲ့သည်။

မုဒိမ်းမှုများ အဖြစ်များလာရသည်မှာ ဥပဒေ၏ အားနည်းချက်များ ရှိနေသောကြောင့်ဖြစ်ပြီး ယင်းဥပဒေများကို ထိရောက်သည့် ပြစ်ဒဏ်အဖြစ် ပြင်ဆင်သင့်ကြောင်း၊ ကျူးလွန်သူအများစုမှာ အရက်၊ မူးယစ်ဆေး သောက်စားထားသူများ ဖြစ်သောကြောင့် တရားမဝင် အရက်ဆိုင်များနှင့် မူးယစ်ဆေးရောင်းသူများကို ထိရောက်စွာ အရေးယူသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"မိဘတစ်ယောက်အနေနဲ့ ကျွန်မ သမီးလေးအတွက် ပြောမပြတတ်အောင် ခံစားနေရပါတယ်၊ ဘယ်လိုလူမျိုးကို ဖြစ်ဖြစ် ထိထိရောက်ရောက် ထိုက်သင့်တဲ့ အပြစ်ဒဏ်ဏ်ပေးသင့်ပါတယ်၊ ကျွန်မ ရင်ထဲမှာ ရှိတာပြောရရင် သေဒဏ် အထိ အပြစ်ပေးစေချင်တယ်" ဟု သက်ငယ်မုဒိမ်း ပြုကျင့်ခံရသည့် မိန်းကလေး၏ မိခင်က ပြောသည်။

သက်ငယ်မုဒိမ်း လျှော့ကျပပျောက်ရေးအတွက် တာဝန်ရှိသူများနှင့် အရပ်ဘက် အဖွဲ့အစည်းများ ပူးပေါင်းကာ ကျေးလက်ဒေသများအထိ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းလှုပ်ရှားမှုတွင် ပါဝင်သော မြန်မာပွင့်လင်းမြင်သာမှု တာဝန်ခံမှုဆိုင်ရာ အရပ်ဘက် မဟာမိတ်အဖွဲ့ (MATA) အဖွဲ့မှ ဦးမိုးကြီးက ပြောကြားသည်။

အသက် ၁၆ နှစ်အောက် သက်ငယ်မုဒိမ်းမှုများမှာ မြန်မာနိုင်ငံ အနှံ့အပြား ဖြစ်ပွားမှုနှုန်း မြင့်တက်နေကြောင်း၊ ၂၀၁၇ ခုနှစ်က တစ်နိုင်ငံလုံးအနေဖြင့် သက်ငယ် မုဒိမ်းမှု ၉၇၇မှု ဖြစ်ပွားပြီး ဧရာဝတီတိုင်းတွင် သက်ငယ်မုဒိမ်း ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်ကြောင်း တိုင်းရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ R12

# ခွေးမုဆိုးများကို မုံရွာတွင် ဖမ်းမိ

မုံရွာ၊ မတ် ၁၇

ခွေးများကို လိုက်လံဖမ်းဆီးနေသူများကို မတ်လ ၁၇ ရက်နေ့ နံနက် ၈ နာရီခန့်က မုံရွာမြို့နယ်၊ မြို့သစ်ရပ်ကွက်အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း မုံရွာမြို့မရဲစခန်းထံမှ သိရသည်။

မြို့သစ်ရပ်ကွက်၊ ယာခင်းအနီး လူမနေသည့် နွားခြံတစ်ခုတွင် အဆိုပါခွေးဖမ်းသူများနေထိုင်ကာ ခွေးများကိုဖမ်းဆီးမှုရှိနေသည်ဟု တိုင်ကြားချက်များရရှိ၍ ချောင်းမြောင်းနေစဉ် ယင်းနေ့နံနက်က ဆိုင်ကယ်နှစ်စီးဖြင့် ခွေးရှစ်ကောင်ကို လှောင်အိမ်အတွင်းထည့်ကာ သယ်ဆောင်လာသူ သုံးဦးကို ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း မြို့သစ်လူငယ်အဖွဲ့ထံမှ သိရသည်။

"ရေဦးနယ်က လူငယ်သုံးဦး ညတည်းက ဆိုင်ကယ်နှစ်စီး ခွေးဖမ်းတဲ့ကွင်းတွေ၊ ကြိုးတွေ ပစ္စည်းပစ္စယတွေနဲ့ ရောက်လာပြီး သူတို့ဖမ်းထားတဲ့ ခွေးရှစ်ကောင်နဲ့ အတူ ရေဦးဘက်ပြန်ဖို့ လုပ်တုန်း ဖမ်းမိတယ်" ဟု မြို့သစ်လူငယ်အဖွဲ့မှ ဦးလှငွေးက ဆိုသည်။

ယင်းသို့ခွေးများကို လိုက်လံဖမ်းဆီးသူ အောင်ကိုကို ၂၆နှစ်၊ ရန်ပိုင်စိုး ၂၉နှစ်နှင့် အောင်သိန်းထွေး ၃၁ နှစ်တို့ကို ရပ်ကွက်ရုံးတွင် စစ်မေးချက်အရ ခွေးများကို အမှိုက်ပုံများအနီး ကျော့ကွင်းထောင်ဖမ်းယူခြင်းဖြစ်ပြီး ရေဦးနယ်၊ တန့်ဆည်နယ်သို့ရောက်ရှိပါက အဝယ်သမားများက တစ်ကောင်တစ်သောင်းပေးကာ ဝယ်ယူကြောင်း၊ ယခု ဖမ်းဆီးမှုမှာ ပထမဆုံးဖြစ်ကာ ယခုကဲ့သို့ အရေးယူမှုရှိမှန်းသိရှိပါက ဖမ်းဆီးမည် မဟုတ်ကြောင်းဟု ထွက်ဆိုခဲ့သည်။

မုံရွာမြို့ပေါ်မှ ခွေးများကိုဖမ်းဆီးကာ အသားခြောက် ပြုလုပ်ရောင်းချနေကြောင်း၊ ခွေးများပျောက်ဆုံးမှုရှိနေသည်ကိုလည်း နယ်/လုံဝန်ကြီးထံ တင်ပြ၍ ဖမ်းဆီးနေသည့် အဖွဲ့ကိုဖမ်းခွင့်တောင်းခံသော်လည်း မရခဲ့ကြောင်း ယခုဖမ်းမိသူများကို တိရစ္ဆာန်ဖမ်းဆီး နှိပ်စက်သတ်ဖြတ်ကာ အသားခြောက်လုပ်ရောင်းမှုဖြင့် အရေးယူရမည်ဖြစ်ကြောင်း၊ ပြန်လည်မလွှတ်ပေးသင့်ကြောင်း ခွေးချစ်သူအသင်းမှ ဦးခင်မောင်ဆန်းက ပြောကြားသည်။

အဆိုပါ ဖမ်းဆီးရမိသူများကို လက်ရှိ မြို့မစခန်းတွင်ချုပ်ထားကြောင်း၊ မုံရွာတွင် ခွေးဖမ်းသူများကို ပထမဆုံးဖမ်းမိခြင်းဖြစ်ပြီး အခြားမြို့များတွင် ညဘက်ဖမ်းမိသည့်ခွေးဖမ်းသမားများကို မောင်ရိပ်ခိုမှုနှင့် ဖမ်းဆီးသဖြင့် ထောင်တစ်လကျသည်လည်းရှိကြောင်း မြို့မစခန်းမှူး ဒုရဲမှူးကျင်စိန်က ပြောဆိုသည်။

"အခုဖမ်းမိတဲ့သူတွေကို ၃၇၉/၅၄ ခိုးမှု မသင်္ကာနဲ့အရေးယူထားတယ်" ဟု ၎င်းက ဆိုသည်။

ယင်းခွေးဖမ်းအဖွဲ့မှာ အသေဖမ်းအဖွဲ့နှင့် အရှင်ဖမ်းအဖွဲ့ဟူ၍ရှိပြီး အသေဖမ်းသူများသည် အသားခြောက်ပြုလုပ်ရောင်းချ၍ အရှင်ဖမ်းသူများသည် တမူး- မိုရေးသို့ပို့ကာ နယ်စပ်၌ တစ်ကောင်ခုနစ်သောင်းဖြင့်ရောင်းချကြကြောင်း၊ မုံရွာ- ရေဦး လမ်းကိုဖြတ်သန်းကာ တမူးလမ်းအတိုင်း ဆိုင်ကယ်များဖြင့် ခွေးပို့သူ၊ ရောင်းစားသူဈေးကွက်ဖြစ်ပေါ်နေကြောင်း မြို့ခံများက သုံးသပ်ပြောကြားသည်။ ■ R-08

# တောင်ငူတွင် သက်ငယ်မုဒိမ်းမှုများကို သေဒဏ်ပေးရေး ဆန္ဒပြ

တောင်ငူ ၊ မတ် ၁၇

တောင်ငူမြို့နယ်တွင် သက်ငယ်မုဒိမ်းမှုများကို သေဒဏ်ပေးရေးအတွက် လူ ၁၀၀ ခန့်က မတ်လ ၁၇ရက် ညနေပိုင်းက မြို့တွင်းလမ်းမများပေါ် လှည့်လည်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အဆိုပါ ဆန္ဒပြပွဲကို တောင်ငူမြို့ နာရေးကူညီမှုအသင်းက ဦးဆောင်ကာ လုပ်ဆောင်ခဲ့ပြီး တောင်ငူမြို့ရှိ ရွှေဆံတော်ဘုရား အရှေ့ဘက်မုခ်ဦးမှ စတင်ကာ အမှတ် ၆ လမ်း၊ အမှတ်၁လမ်း၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ ကုန်သည်လမ်း၊ စတီးလမ်းမှမင်းကြီးညို ရုပ်တုရှေ့အထိ လမ်းလျှောက်ကာ သက်ငယ်မုဒိမ်းလျှော့ကျရေး၊ ကျူးလွန်သူများကို ထိရောက်သော ပြစ်ဒဏ်ပေးရေးများကို ဟောပြောခဲ့ကြောင်း ဆန္ဒပြပွဲကို ဦးဆောင်သူထံမှ သိရသည်။

"နိုင်ငံတစ်ဝန်းမှာဖြစ်ပေါ်နေတဲ့ သက်ငယ်မုဒိမ်းမှုတွေကို ထိရောက်တဲ့ ပြစ်ဒဏ် ချမှတ်ရေးအတွက် ဥပဒေပြုရေးအာဏာရှိတဲ့ လွှတ်တော်ကို အကြံပြုတဲ့သဘောပါ" ဟု ဆန္ဒပြပွဲတွင် ပါဝင်သူ တောင်ငူမြို့ နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူ ဦးလှမျိုးဝင်းက ပြောကြားသည်။

ဘာသာရေးအရ မသင့်တော်သည့် သက်ငယ်မုဒိမ်းမှုကျူးလွန်ကြောင်း မှန်ကန်ပါက ကြီးလေးသည့် ပြစ်ဒဏ်တစ်ခုဖြစ်သော သေဒဏ်ကို ပေးစေလိုကြောင်း တရားလွှတ်တော်ရှေ့နေ ဦးဝင်းစည်သူက ပြောကြားသည်။ ■ R-15

# ASEAN Skills Competition ပြိုင်ပွဲသို့ ဝင်ရောက်ရန် ကျွမ်းကျင်လုပ်သား ရွေးချယ်

ရန်ကုန်၊ မတ် ၁၇

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပမည့် အာဆီယံအလုပ်ကျွမ်းကျင်မှုပြိုင်ပွဲ ASEAN Skills Competition သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များကို ရွေးချယ်သွားမည်ဖြစ်ကြောင်း အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန (ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ပြောကြားသည်။

အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကျွမ်းကျင်လုပ်သား ၂၄ ဦးကို ရန်ကုန်၊ နေပြည်တော်နှင့်မကွေးတိုင်းတို့တွင် မတ်လ ၁၇ ရက်မှ ဧပြီလ ၈ ရက်အထိ ရွေးချယ်မည်ဖြစ်သည်။

"ကျွန်တော်တို့က အလုပ်ကိုင် ဧရိယာ ၁၂ ခုအတွက် တစ်ခုကို ၂ယောက်နှုန်းတော့ ရွေးချယ်မယ့်လို့တော့ စဉ်းစားထားတယ်။ တကယ်ကို ကျွမ်းကျင်တဲ့ အလုပ်သမားတွေ အင်္ဂလိပ်စာလည်းကောင်းတဲ့သူတွေကို စိစစ်ရွေးချယ်မှာပါ။ လေယာဉ်ခရီးစရိတ်တွေ အကုန်စီစဉ်ရမယ်" ဟု ဦးကျော်ကျော်လွင်က ဆိုသည်။

လျှပ်စစ်ဝါယာရိန်း၊ Web Design IT နည်းပညာ၊ အင်ဂျင်နီယာ၊ ပရိဘောဂ လက်သမားလုပ်ငန်း၊ မော်တာ၊ Auto mobile၊ ဟိုတယ်လုပ်ငန်း၊ စားပွဲထိုး လုပ်ငန်းအပါအဝင် အလုပ်အကိုင် ၁၂ မျိုး အတွက် ရွေးချယ်မည်ဖြစ်သည်။

မကွေးတိုင်းတွင် Auto mobile နည်းပညာကျွမ်းကျင်လုပ်သားများကို ရွေးချယ်မည်ဖြစ်ပြီး နေပြည်တော်တွင် ဟိုတယ် ဝန်ဆောင်မှု ကျွမ်းကျင်လုပ်သားများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ကျန်လုပ်ငန်း ဆယ်မျိုးကို ရန်ကုန်တိုင်းရှိ ကျွမ်းကျင်လုပ်သားများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း ဦးကျော်ကျော်လွင်က ပြောကြားသည်။

ဝင်ရောက်ယှဉ်ပြိုင်မည့် လုပ်သားများသည်အသက် ၂၂အောက်၊ အင်္ဂလိပ်စာ ကျွမ်းကျင်မှုရှိသူများ၊ သက်ဆိုင်ရာနယ်ပယ်တွင် ကျွမ်းကျင်သည့်ဝန်ထမ်းများကို ရွေးချယ်သွားမည်ဖြစ်သည်။ ■ J-18

## မျက်နှာဖုံး - RCSS နှင့် TLNA တိုက်ပွဲများတွင် လူ ၂၀၀ ခန့်ပိတ်မိမှ အဆက်

အချို့မှာ တိုက်ပွဲများအတွင်း ပိတ်မိနေဆဲဖြစ်ကြောင်း ကူညီကယ်ဆယ်ရေး လုပ်ကိုင်နေသည့် ပရဟိတအသင်းများထံမှ သိရသည်။

တောဖယ်ကျေးရွာနှင့် ခွန်ကော်ကျေးရွာတို့တွင် တိုက်ပွဲဆက်ရှိနေသောကြောင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ အရောက်သွားနိုင်ခြင်းမရှိဘဲ ယင်းကျေးရွာများမှ လူ ၂၀၀ခန့် ပိတ်မိနေဆဲဖြစ်ကြောင်း ကမ်းလင့်လက်များ လူမှုကူညီရေးအသင်း (နောင်ပိန်) မှ အသင်းဝင် တစ်ဦးက ပြောကြားသည်။

"သူတို့ ပိတ်မိနေတာ တစ်ပတ်လောက်ရှိနေပြီ။ တချို့ သူတို့ဘာသာ ဖောက်ထွက်လာနိုင်လို့ ၂၂၀ ကျော်လောက်ကို သွားခေါ်ထုတ်လာနိုင်တာ။ ကျွန်တော်တို့လည်း ဆက်တိုးလို့ မရသေးဘူး။ တိုက်ပွဲက မငြိမ်သေးဘူး" ဟု ကူညီဆောင်ရွက်နေသူတစ်ဦးက ဆိုသည်။

TNLA နှင့် RCSS အဖွဲ့တို့သည် မတ်လ ၁၄ ရက်က ကျောက်မဲမြို့နယ် တောဖယ်ကျေးရွာအနီးတွင် တိုက်ပွဲပြင်းထန်ခဲ့ပြီး လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဒေသခံနှစ်ဦး သေဆုံးကာ သုံးဦးထိ ဒဏ်ရာရရှိခဲ့ကြောင်း တအာင်း-ပလောင် လက်နက်ကိုင်အဖွဲ့ (TNLA) သတင်းနှင့် ပြန်ကြားရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

RCSS နှင့် TNLA တို့သည် မတ်လ ၁၀ ရက်က စတင်ပြီး အဆိုပါဒေသအတွင်း တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွား နေခြင်းဖြစ်ပြီး TNLA အဖွဲ့က RCSS တပ်စခန်းများကို ဝင်ရောက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် တိုက် ပွဲများ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း RCSS က ပြောကြားထားသည်။

TNLA အဖွဲ့ကလည်း RCSS တပ်များက တအာင်း ဒေသအတွင်းသို့ ဝင်ရောက်၍ တပ်စခန်းများ လာချခြင်းကြောင့် ရှင်းလင်းတိုက်ခိုက်နေခြင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

မတ်လ ၁၀ရက်က နမ့်ဆန်နှင့် ကျောက်မဲကြားရှိကြက်သေကျေးရွာတွင် RCSS နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး RCSS ၏ တပ်စခန်းအချို့ကို ရှင်းလင်းနိုင်ခဲ့ကြောင်း TNLA သတင်းနှင့် ပြန်ကြားရေးက ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် စစ်ဘေးရှောင်များအတွက် စောင်နှင့် ရိက္ခာအကူအညီ လိုအပ်နေလျက်ရှိပြီး ဒေသခံများနှင့် လူမှုရေး အသင်းအချို့က ထောက်ပံ့လျက်ရှိကြောင်း မန်စံကျေးရွာတွင် ကူညီပေးနေသူတစ်ဦးက ပြောကြားသည်။

တအာင်း -ပလောင် လက်နက်ကိုင်အဖွဲ့ (TNLA) သည် အပစ်ရပ်စာချုပ် (NCA) ကို လက်မှတ်ရေးထိုးရခြင်း မရှိသေးဘဲ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့သည် NCA ကို လက်မှတ်ထိုးထားသည်။

ယင်းလက်နက်ကိုင် နှစ်ဖွဲ့ကြားတွင် နယ်မြေပြဿနာများ ရှိနေပြီး NCA ထိုးပြီးနောက် RCSS အဖွဲ့များသည် TNLA နယ်မြေများသို့ ဝင်ရောက်တပ်စွဲလာကြောင်း TNLA က စွပ်စွဲထားသည်။ ■ J-08



# စစ်တွေ မိုင်းပေါက်ကွဲမှုကြောင့် အဖမ်းခံထားရသူ ဦးနိုင်စိုး ကျန်းမာရေးစစ်ဆေးမှုခံယူ

**စစ်တွေ၊ မတ် ၁၇**

စစ်တွေမြို့တွင် မိုင်းသုံးလုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ သံသယရှိ၍ ဖမ်းဆီးခံထားရသော ရခိုင်အမျိုးသား ကောင်စီ (ANC) မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် လူမှုရေးဌာနတာဝန်ခံ ဦးနိုင်စိုးကို မတ်လ ၁၇ ရက် မွန်းလွဲပိုင်းက စစ်တွေမြို့မရဲစခန်းတွင် ကျန်းမာရေး စစ်ဆေးခဲ့ကြောင်း စစ်တွေမြို့ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်က ပြောကြားသည်။

ဦးနိုင်စိုးမှာ အသည်းရောင် အသားဝါ ဝေဒနာရှင်တစ်ဦးဖြစ်ပြီး မျက်လုံးများဝါနေပြီး နေမကောင်းသဖြင့် မိသားစုဝင်များက ကျန်းမာရေးအခြေအနေကို စိုးရိမ်သောကြောင့် စစ်ဆေးပေးရန် အကူအညီတောင်းခဲ့ကြောင်း၊ ယင်းကြောင့် လက်ထောက်ဆရာဝန်က စစ်တွေမြို့မရဲစခန်းထံလာရောက်ကာ စစ်ဆေးခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"အခုတော့ ပုံမှန်ပါပဲ၊ အရင်ကတော့ ညအိပ်ပျက် အားနည်းလို့ဖြစ်မယ်ထင်တယ်။ မိသားစုကတော့ သွေးဖောက်စစ်ဆေးချင်တယ်လို့ပြောတယ်။ ဒါကတော့ ကျွန်တော့်အနေနဲ့ လုပ်ပိုင်ခွင့်မရှိလို့ အထူးကု ဆရာဝန်ကြီးတွေနဲ့ စစ်ဆေးဖို့ ပြောခဲ့တယ်"ဟု လက်ထောက်ဆရာဝန်က ပြောသည်။

၎င်းသည် ၂၀၀၉ ခုနှစ်က အကြမ်းဖက် ဖောက်ခွဲမှုတွင် ပါဝင်ပတ်သက်သည်ဟုဆိုကာ ထောင်ဒဏ် ၈ နှစ် ချမှတ်ခဲ့ရသော်လည်း လေးနှစ်ခွဲဖြင့် ပြန်လည်လွတ်မြောက်လာကြောင်း၊ ၂၀၁၃ ခုနှစ်မကုန်မီ အိမ်ထောင်ကျပြီးနောက်အသည်းရောင်အသားဝါ ဖြစ်သည်ကို သိရကြောင်း၊ ၎င်းမှာ စစ်တွေမှ ရန်ကုန်သို့ သွားရောက်ကာ ဆေးကုသနေရကြောင်း ဦးနိုင်စိုး၏ ဇနီး ဒေါ်ကေခိုင်ဝင်းက ပြောသည်။

ဦးနိုင်စိုးကို စစ်ဆေးရာတွင် မိုင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်းထက် ရခိုင်အမျိုးသားကောင်စီ၏ အကြောင်းအရင်းများကိုသာ ပို၍ မေးမြန်းကြောင်း ၎င်း၏ညီဖြစ်သူ ကိုရဲပိုင်စိုးက ဆိုသည်။

ဖေဖော်ဝါရီလ ၂၄ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ အတွင်းရေးမှူး ဦးတင်မောင်ဆွေ၏အိမ်၊ ပြည်နယ် တရားလွှတ်တော်ရုံးရှေ့နှင့် ပြည်နယ်မြေစာရင်းဦးစီးဌာနရုံးရှေ့တို့တွင် ချိန်ကိုက်မိုင်းသုံးလုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ၂၅ ရက် ညနေပိုင်းက ဦးနိုင်စိုးကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဝရမ်းမပါရှိဘဲ စစ်ဆေး မေးမြန်းရန်ရှိသည်ဟု ဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားသည်။

ဦးနိုင်စိုးသည် ယခုအချိန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင် လုပ်ကိုင်နေသူဖြစ်ကြောင်း အမြန်ဆုံးလွှတ်ပေးရန် ရခိုင်အမျိုးသားကောင်စီက ဖေဖော်ဝါရီလကုန်ပိုင်းတွင် တောင်းဆိုခဲ့သည်။

လက်ရှိတွင် မိုင်းပေါက်ကွဲမှုနှင့် သံသယရှိ၍ ဦးနိုင်စိုးအပါအဝင် ကိုးဦးကိုဖမ်းဆီးချုပ်နှောင်ကာ စစ်ဆေးမေးမြန်းလျက်ရှိသည်။

■

**R-22**

# အင်းဒင်ကျေးရွာသစ်တွင် အိမ်များ စဆောက်

**စစ်တွေ၊ မတ် ၁၇**

မောင်တောမြို့နယ် အင်းဒင်ကျေးရွာသစ်သို့ ရွှေ့ပြောင်း အခြေချနေထိုင်လာသူများကို မတ်လ ၁၆ ရက်မှစတင်ကာ အိမ်များ ဆောက်လုပ်နေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးက ပြောသည်။

အဆိုပါ ကျေးရွာတွင် အိမ်ထောင်စု ၆၉စု ၊ လူဦးရေ ၂၅၆ဦးရှိပြီး အိမ်ခြေ ၁၀၀ တည်ဆောက်မည်ဖြစ်ကြောင်း၊ အိမ်များကို အလျား ၂၈ ပေ ၊ အနံ ၁၆ပေမှ ၁၈ပေခန့်ရှိပြီး အောက်ခြေ ကွန်ကရစ်ဖောင်ဒေးရှင်း၊ ကျောက်ပြား နံရံကာ၊ သွပ်မိုးဖြင့် တည်ဆောက်ပေးမည်ဖြစ်ကြောင်း တည်ဆောက်နေသော မင်းကြိုက်ကုမ္ပဏီထံမှ သိရသည်။

ကျေးရွာသစ်တွင် အခြေချနေထိုင်ရန် သံတွဲ၊ ကျောက်ဖြူ၊ ကျောက်တော် ၊ ရသေ့တောင်နှင့် မြေပုံမြို့နယ်များမှ ပြောင်းရွှေ့လာကြကြောင်း လတ်တလောတွင် ရွှေ့ပြောင်းသူများမှာ ယာယီမိုးကာတဲများဖြင့် နေထိုင်နေပြီး အလုပ်အကိုင်မရှိကြကြောင်း ရွှေ့ပြောင်းလာသူ ဦးစိုးသိန်းထွန်းကပြောသည်။

အိမ်များဆောက်လုပ်ရာတွင် ရွှေ့ပြောင်းလာသူများကို တစ်ရက်လုပ်အားခ အမျိုးသားတစ်ဦးလျှင် ကျပ်တစ်သောင်း၊ အမျိုးသမီးတစ်ဦးလျှင် ကျပ်ခုနစ်ထောင်နှုန်းဖြင့် အိမ်ဆောက်သည့်လုပ်ငန်းခွင်တွင် ဝင်ရောက် လုပ်ကိုင်နိုင်ကြောင်း အင်းဒင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးက ပြောသည်။

အင်းဒင်ကျေးရွာသစ်သည် အင်းဒင်ကျေးရွာ (ဟောင်း)၏ တောင်ဘက် တစ်မိုင်ခန့်အကွာတွင်တည်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။ **R-22**

The VOICE Sunday

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe.
**Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo,
Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu,
Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo.
Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet,
Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com,
**Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040,
09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772
**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com,
**News Room** : newsroom@thevoicemyanmar.com.

## Editor's Word

# ပန်းတိုင်းပွင့်ပါစေ

တက်သစ်စ လူငယ်အမျိုးသမီး ဒါရိုက်တာရိုက်ကူးသည့် မုဒြာခေါ်သံ ရုပ်ရှင်ဇာတ်ကားကိုအခြေပြုကာ မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် ပတ်သက်၍ နာမည်ကျော် ဝါရင့်အမျိုးသမီးသရုပ်ဆောင်တစ်ဦး၏ ခပ်ပြင်းပြင်း မှတ်ချက်ပေးလိုက်သည့်အပေါ် အမြင်မတူသည့်သဘောထားများဖြင့် အွန်လိုင်းလူမှုကွန်ရက်တွင် ထောက်ခံ၊ ကန့်ကွက်သံများ ဆူညံသွားခဲ့သည်။

ကာယကံရှင်က မည်သည့်သဘောထားနှင့်ပြောလိုက်သည်ကိုကာယကံရှင်သာ အသိဆုံးဖြစ်သော်လည်း ထိုစကားတွင် ပါဝင်သော စကားလုံးအချို့အပေါ် ရုပ်ရှင်လောကသားအချို့က ၎င်းတို့ယူဆသည့် အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူကာ ၎င်းတို့သဘောထားကို ဖော်ပြခဲ့ကြသည်။

ထိုသို့ဖော်ပြကြခြင်းကို ပရိသတ်အချို့က မုဒိတာစိတ်မထားနိုင်သူ၊ မနာလိုစိတ်ရှိသူ၊ သဘောထား သေးနုပ်သူများအဖြစ် ဝေဖန်ရှုတ်ချခဲ့ကြပြီး နာမည်ကြီး ဒါရိုက်တာတစ်ဦး ရိုက်ကူးထားသော ရွှေကြာဇာတ်ကားနှင့် နှိုင်းယှဉ်ကာ အုပ်စုနှစ်စုကွဲသွားသည်အထိ ပြင်းထန်သွားခဲ့သည်။

မုဒြာခေါ်သံ ရုပ်ရှင်ဇာတ်ကား မပြသခင်က အဆိုပါ လူငယ်အမျိုးသမီးဒါရိုက်တာ ရိုက်ကူးခဲ့သည့် ဥပါယ်တံမျဉ်ဇာတ်ကားကိုလည်း ပရိသတ် တခဲတနက်အားပေးမှုကြောင့် ရှစ်ပတ်မြောက်အထိ ပြသခဲ့ရခြင်းသည်လည်း ယခုကဲ့သို့ ပွဲဆူလှုပ်ခတ်သွားစေသည့် အခြေခံအကြောင်းရင်းတစ်ရပ် ဖြစ်ခဲ့သည်။

ထို့အပြင် အဆိုပါ အမျိုးသမီးဒါရိုက်တာနှင့် ၎င်း၏ခင်ပွန်း အမျိုးသားသရုပ်ဆောင်တို့နှစ်ဦး ရုပ်ရှင်လောကအတွင်းသို့ စတင်ဝင်ရောက်လာစဉ်က ရုပ်ရှင်လောကသားအချို့၏ ခါးသီးသောဆက်ဆံမှု၊ ခြိမ်းခြောက်မှုတို့ရှိခဲ့ခြင်း၊ မူလကပင် 'မြန်မာပေါကားများ ရပ်' လှုပ်ရှားမှုဖြင့် မြန်မာရုပ်ရှင်ဇာတ်ကားအများစုအပေါ် ပရိသတ်က စိတ်ကုန်စပြုနေခြင်းတို့မှာ အရင်းခံ အကြောင်းတရားများဖြစ်သည်။

ထိုအခြေအနေတွင် ဝါရင့်အမျိုးသမီးသရုပ်ဆောင်၏ အတန်ငယ် ကြမ်းရှသော်လည်း ပရိသတ်အများစုက ထောက်ခံဩဘာပေးနေသည့် မှတ်ချက်စကားထွက်ပေါ်လာခြင်းသည် မည်သူ့ကိုဒေါသထွက် ပေါက်ကွဲရမှန်းမသိဖြစ်နေသော ရုပ်ရှင်လောကသားအချို့အတွက် အကြောင်းပြစရာတစ်ခုဖြစ်သွားခဲ့သည်။

စင်စစ်အားဖြင့် တက်သစ်စ လူငယ်ဒါရိုက်တာနှင့် သရုပ်ဆောင်အတွဲအပေါ် အငြင်းပွားဖွယ် မှတ်ချက်စကားတစ်ခွန်းပြောခဲ့ဖူးသူ နာမည်ကြီးဒါရိုက်တာ ရိုက်ကူးထားသည့် ရွှေကြာရုပ်ရှင်သည်လည်းကောင်း၊ မုဒြာခေါ်သံ ရုပ်ရှင်ဇာတ်ကားသည်လည်းကောင်း ရုပ်ရှင်ချစ်သူ ပရိသတ်များကို ဖျော်ဖြေပေးရန် သို့မဟုတ် ပရိသတ်၏ အကဲဖြတ်မှုကို ရယူရန် ကြိုးစားထားကြသည့် အနုပညာဖန်တီးမှုများ ဖြစ်ကြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားနှစ်ကား တိုက်ဆိုင်စွာ အပြိုင်ရုံတင်နေချိန်တွင် ဝေဖန်မှတ်ချက်စကားတစ်ခွန်း၊ ယင်းစကားအပေါ် တုံ့ပြန်မှုအချို့အပေါ်မူတည်ကာ ပရိသတ်များက သူ့ဘက်၊ ကိုယ့်ဘက် စကားနိုင်လု၊ အုပ်စုခွဲကာ တစ်ဖက်နှင့်တစ်ဖက် စကားတင်းဆို၊ အချီ၊ အချတိုက်ခိုက်နေကြခြင်းမှာ မြန်မာလူ့အဖွဲ့အစည်း၏ ပြင်ဆင်အပ်သည့် စရိုက်လက္ခဏာပေလောဟု စောကြောစရာ ဖြစ်သွားခဲ့သည်။

နိုင်ငံရေးလောကတွင်လည်း လူပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်းအပေါ်မူတည်ကာ ငြိုးသူရန်ဘက်များပမာ အပြန်အလှန် တိုက်ခိုက်နေကြသောကြောင့် အဓိကပန်းတိုင်သို့မရောက်နိုင်ဘဲ ယနေ့အချိန်အထိ အမျိုးသားပြန်လည် ရင်ကြားစေ့ရေး မအောင်မြင်ရခြင်းမှာလည်း ထိုပြင်ဆင်အပ်သည့် စရိုက်လက္ခဏာက အဓိကအဟန့်အတားဟု ဆိုနိုင်သည်။

ရုပ်ရှင်လောကတွင် ရုပ်ရှင်ဇာတ်ကားတစ်ကား ထွက်ပေါ်လာခြင်းသည် ပန်းဥယျာဉ်အတွင်း ပန်းတစ်ပွင့် ပွင့်လာသည့်သဘောဖြစ်သည်။ ပန်းဥယျာဉ်တို့မည်သည် မည်သည့်ပန်းမဆို လွတ်လပ်စွာ အစွမ်းကုန် ပွင့်လန်းနိုင်ခွင့်ရှိသည်။ မုဒြာခေါ်သံနှင့် ရွှေကြာတို့သည် ထိုဥယျာဉ်အတွင်း ၎င်းတို့အစွမ်းရှိသရွေ့ ဝေဆာဖူးပွင့်နိုင်ကြသည်။

ထိုပန်းများရှိ ဝတ်ရည်များကို လာရောက် စုပ်ယူသောက်သုံးကြမည့် ပျားပိတုန်းနှင့် လိပ်ပြာများ သို့မဟုတ် ရုပ်ရှင်ချစ်ပရိသတ်များသည် သူတို့ အလိုရှိသောပန်းထံမှ ရနံ့နှင့်ဝတ်ရည်ကို ခံစားစုပ်ယူကြမည်ဖြစ်သည်။ ဥယျာဉ်မှူးနှင့်တူသော အနုပညာဖန်တီးသူများက ပန်းတိုင်းပွင့်စေလိုသော စေတနာ၊ ပန်းတိုင်း၏ ဝတ်ရည်နှင့် ရနံ့များ ချိုမြမွှေးပျံ့စေလိုသော စေတနာရှိရန်သာ အရေးကြီးသည်။

ရုပ်ရှင်လောကတွင်မှမဟုတ် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးလောကတွင်လည်း ထို့အတူပင်။ များစွာအရေးကြီးသည်မှာ ပရိသတ်အတွက်၊ နိုင်ငံသားများအတွက်၊ နိုင်ငံတော်တစ်ရပ်လုံးအတွက် စစ်စစ်မှန်မှန် စေတနာထားရိုးမှန်လျှင် ထိုစေတနာအတိုင်းအတာနှင့် ညီမျှသော တုံ့ပြန် ချစ်ခင်၊ လေးစားမှု ပြန်ရမည်မှာ သေချာကြောင်းပင်ဖြစ်သည်။

**အယ်ဒီတာ (၁၇-၃-၂၀၁၈)**

# ရန်ကုန်သင်္ကြန်တွင် မဏ္ဍပ် ၉၅ ခုကို တည်ဆောက်ခွင့်ပြုမည်

**ရန်ကုန်၊ မတ် ၁၇**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ပြည်လမ်းအပါအဝင် အခြားလမ်းမကြီးများတွင် ဖျော်ဖြေရေးမဏ္ဍပ် ၃၅ ခု၊ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၆၀ခု စုစုပေါင်း မဏ္ဍပ် ၉၅ခုကို ခွင့်ပြုမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

ယင်းအတွက်ကြောင့် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်လွှာများကို မတ်လ ၁၉ ရက်မှစတင် လျှောက်ထားနိုင်ကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် တိုင်းဒေသကြီးအစိုးရက ပြည်လမ်းအပါအဝင် အခြားလမ်းမကြီးများတွင် စုစုပေါင်း မဏ္ဍပ် ၉၅ ခုကို ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ကမ္ဘာအေးဘုရားလမ်း၊ ကန်တော်ကြီးပတ်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်း (ကမ္ဘာအေးဘုရားလမ်းနှင့်အင်းလျားလမ်းကြား) တို့တွင် ရေကစားမဏ္ဍပ်ဆောက်လုပ်ခွင့်မပြုသည့် လမ်းများအဖြစ် သတ်မှတ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ကြေညာထားသည်။

"ဒီနှစ်က ပြည်လမ်းမှာ မဏ္ဍပ်တွေခွင့်ပြုပေးမယ့် ခြံဝင်းရမ်းခတွေက တစ်ထောင်လောက်ဖြစ်နေတော့ အရှုံးခံနိုင်တဲ့ လုပ်ငန်းရှင်တွေပဲ လုပ်ကြတာများတယ်။ အစ်ကိုကတော့ ကိုယ့်ခြံရှေ့မှာပဲ ကိုယ်ထိုးဖြစ်တယ်။ အခု မတ်လ ၁၉ ရက်နေ့ (တနင်္လာနေ့) မှ မဏ္ဍပ် ဆောက်လုပ်ခွင့် စတင်လျှောက်ထားခွင့်ရမယ် လို့ သိရတယ်" ဟု နှစ်စဉ်ရေကစားမဏ္ဍပ်ဆောက်လုပ်နေသူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အဆိုပါ သင်္ကြန်ရေကစားမဏ္ဍပ်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုနိုင်ရေးအတွက် မဏ္ဍပ်လျှောက်လွှာပုံစံများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တွင် အခမဲ့ရယူနိုင်ကြောင်းနှင့်မတ်လ ၂၅ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အကြီးတန်း အရာရှိတစ်ဦးက ပြောကြားသည်။

"မဏ္ဍပ်နေရာချထားရေး ကော်မတီရဲ့ စိစစ်ချက်နဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ရရှိမှသာ စတင်ဆောက်လုပ်ခွင့်ရပါမယ်။သတ်မှတ်နေ့ထက် နောက်ကျ လျှောက်ထားတဲ့ လျှောက်လွှာတွေကို လက်ခံစဉ်းစားပေးမှာမဟုတ်ပါဘူး" ဟု ၎င်းက ဆိုသည်။

ရေကစားမဏ္ဍပ်ခွင့်ပြုမည့်နေရာများမှာ ဝေဇယန္တာလမ်းတစ်လျှောက်တွင် ဖျော်ဖြေရေးမဏ္ဍပ် ၅ ခုအပြင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၁၆ ခု၊ ပါရမီလမ်းတစ်လျှောက်တွင် ဖျော်ဖြေရေးမဏ္ဍပ်နှစ်ခုအပြင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၄ ခု၊ မင်းဓမ္မလမ်း (ပါရမီလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းကြား)တွင် ဖျော်ဖြေရေး မဏ္ဍပ် ၂ ခု၊ ကျိုက်ဝိုင်းဘုရားလမ်းတွင် ဖျော်ဖြေရေးမဏ္ဍပ် ၄ ခု၊ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၆ ခု၊ ပြည်လမ်း (ကျိုက်ဝိုင်းဘုရားလမ်းမှ ဗိုလ်ချုပ်လမ်းကြား) တွင် ဖျော်ဖြေရေးမဏ္ဍပ် ၆ ခုအပြင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၁၀ ခု၊ တက္ကသိုလ်ရိပ်သာလမ်း (ပြည်လမ်းမှ အင်းလျားလမ်း ကြား၊ ကမ္ဘာအေးဘုရားလမ်းမှ ဆရာစံလမ်းကြား) တို့တွင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၄ ခု၊ စက်မှု ၁ လမ်း (ကမ္ဘာအေးဘုရားလမ်းမှ ဆရာစံလမ်းကြား) တွင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်နှစ်ခုနှင့် ဗိုလ်ချုပ်လမ်း(ပြည်လမ်းမှ ဗိုလ်တထောင်ဘုရားလမ်းကြား)တွင် ဖျော်ဖြေရေးမဏ္ဍပ် နှစ်ခုအပြင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်နှစ်ခုတို့ကို ခွင့်ပြုပေးသွားမည်ဖြစ်သည်။

ထို့အပြင် အနော်ရထာလမ်း (ဗိုလ်တထောင်ဘုရားလမ်းမှ ဘုန်းကြီးလမ်းကြား) တွင် ဖျော်ဖြေရေးမဏ္ဍပ် ၂ခု အပြင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၄ ခု၊ မဟာဗန္ဓုလလမ်း(ဘုန်းကြီးလမ်းမှ ဗိုလ်တထောင်ဘုရားလမ်းကြား)တွင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၄ခု၊ ကုန်သည်လမ်း (ဗိုလ်တထောင်ဘုရားလမ်းမှ ဆူးလေဘုရားလမ်းကြား)တွင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၃ ခု၊ ပုဇွန်တောင်လမ်းမကြီး အထက်/အောက် (ဗန္ဓုလတံတားမှ ကြက်ဘဲဈေးကြား) တွင် ဖျော်ဖြေရေးမဏ္ဍပ်နှစ်ခုအပြင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၄ ခု၊ သံသုမာလမ်း (ကြက်ဘဲဈေးမှ ဝေဇယန္တာလမ်းကြား) တွင် ဖျော်ဖြေရေးနှင့်ရေကစားမဏ္ဍပ် ၁ ခု၊ ကြည့်မြင်တိုင်ကမ်းနားလမ်း (ပြည်လမ်းမှ ကမ်းနားလမ်းကြား)တွင် ဖျော်ဖြေရေးမဏ္ဍပ် ၁၀ ခု စုစုပေါင်း ဖျော်ဖြေရေးမဏ္ဍပ် ၃၅ ခုနှင့် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၆၀ တို့ကို ခွင့်ပြုသွားမည်ဖြစ်သည်။

သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့်ရရှိသူများအနေနှင့်မဏ္ဍပ်အကြီးဆောက်လုပ်ပါက အလျားပေ ၁၂၀ မှ ပေ ၁၅၀၊ အကျယ် ပေ ၄၀ နှင့် အမြင့်ပေ ၂၀ ဆောက်လုပ်ရမည်ဖြစ်ကာ အာမခံစပေါ်ငွေကျပ်သိန်း ၂၀၀ တင်ရမည်ဖြစ်ကြောင်းနှင့် မဏ္ဍပ်အလတ် ဆောက်လုပ်ပါက အလျားပေ ၅၀ မှ ပေ ၁၁၀၊ အကျယ်ပေ ၃၀နှင့် အမြင့် ၁၈ ပေအထိ ဆောက်လုပ်ခွင့်ရှိကာ အာမခံစပေါ်ငွေကျပ်သိန်း ၁၀၀ တင်ရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

ရေကစားမဏ္ဍပ် အမျိုးအစားအလိုက် ခွဲခြား၍ သတ်မှတ် လျှောက်လွှာပုံစံများဖြင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ်ထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့၏ စိစစ်ထောက်ခံချက်များနှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်း/တံတား)တွင် လျှောက်ထားရမည် ဖြစ်သည်။ ■J-10

# ဇန်းမော်တွင် ကချင်တိုင်းရင်းသားစာပေ သင်ကြား

**ဇန်းမော်၊ မတ် ၁၇**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၌ မတ်လဆန်းမှစတင် ကာ ဧပြီလလယ်အထိ ကချင် တိုင်းရင်းသားစာပေများကို သင်ကြားပေးနေကြောင်း ကချင်စာသင်ကြားရေး ကော်မတီဥက္ကဋ္ဌ ဦးနန်းဇိန်းကမ်ဖန်က ပြောကြားသည်။

ကချင်တိုင်းရင်းသား စာပေကို ထိန်းသိမ်းစောင့်ရှောက်သည့် အနေနှင့် စာပေမပျောက်စေရန် လက်ဆင့်ကမ်းခြင်းဖြစ်ကြောင်း ကလေးသူငယ်များအရေး ဆောင်ရွက်သည့်ကော်မတီဝင် အတွင်းရေးမှူး ဓမ္မဆရာဦးဘရန်ထွယ်က ရှင်းပြသည်။

ဗန်းမော်မြို့နယ်ရှိ ကက်သလစ်ခရစ်ယာန်ဘုန်းတော်ကြီး တိုက်နယ်မှ ကျေးရွာ၊ ရပ်ကွက် ၁၆ ခုတွင် မတ်လ ၅ရက်မှ ဧပြီလ ၂၀ရက်အထိ ကချင်တိုင်းရင်းသားစာပေကို သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းအဆင့်စာပေများကို သင်ကြားပို့ချပေးနေကြောင်း သင်ကြားရေး ကော်မတီထံမှ သိရသည်။

ကချင်တိုင်းရင်းသား စာပေကို ဗန်းမော်တွင် သာမက ကချင်ပြည်နယ်ရှိ ခရိုင်၊ မြို့နယ်အသီးသီးတွင် သင်ကြားပေးနေကြောင်း ကချင်ရိုးရာ စာပေနှင့် ယဉ်ကျေးမှု ကော်မတီထံမှ စုံစမ်းသိရှိရသည်။ ■ R-14





ဓာတ်ပုံ - ငြိမ်းသူမင်း

# ချင်းတွင်းမြစ်အတွင်း လှေလှော်ပြိုင်ပွဲကျင်းပ

**ကလေး၊ မတ် ၁၇**

ပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် လှေလှော်ပြိုင်ပွဲ ထိန်းသိမ်းရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့အနီး၊ ချင်းတွင်းမြစ်အတွင်း၌ လှေလှော်ပြိုင်ပွဲကို မတ်လ ၁၇ ရက်နေ့မှစ၍ ကျင်းပနေကြောင်း လှေလှော်ပြိုင်ပွဲ ကျင်းပရေးကော်မတီ နာယက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုနိုင်က ပြောကြားသည်။

"ကျန်းမာရေးကိုလည်း မြှင့်တင်ရင်း အားကစားစိတ်ဓာတ်ကိုလည်း မြှင့်တင်ရင်း ဒေသမှာ တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေတဲ့ လှေပြိုင်ပွဲ မပျောက်ပျက်ရအောင် လုပ်မယ်ဆိုပြီး ကိုယ့်ဒေသတွင်း ဒေသသူ ဒေသသားတွေ ညီညီညွတ်ညွတ်နဲ့ လှေပြိုင်ပွဲကျင်းပတာ ဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

ကလေးဝမြို့တောရကျောင်းပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်သည့် ဇေယျမုနိမဟာပဋ္ဌာန်းမြတ်စေတီတော်ကြီး ထီးတော်တင်ပွဲ အထိမ်းအမှတ်အဖြစ် ချင်းတွင်းမြစ် အထက်ပိုင်း ကလေးဝမြို့တွင် လှေပြိုင်ပွဲကျင်းပခြင်းဖြစ်သည်။

လောင်းလှေပြိုင်ပွဲများ မကျင်းပခဲ့သည်မှာ ငါးနှစ်ကျော်ကြာမြင့်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှစ၍ လှေလှော်ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပခဲ့သည်။

ယခုနှစ်လှေလှော်ပြိုင်ပွဲသည် လူ ၁၁ ဦးက လှော်ခတ်ရခြင်းဖြစ်ပြီး ကလေးဝမြို့၊ ဖောင်းပြင်မြို့နှင့် မင်းကင်းမြို့နယ်များမှ အမျိုးသားအသင်း ၁၇ သင်း၊ အမျိုးသမီးအသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို မတ်လ ၁၇ ရက်နေ့မှ ၂၂ ရက်နေ့အထိ ငါးရက်အကြာ ကျင်းပမည်ဖြစ်သည်။

"ဆုရတယ် မရဘူးဆိုတာကတော့ လှော်တဲ့လူငယ်လေးတွေရဲ့ပေါ်မှာပဲ မူတည်တယ်။ အာဝါးဆိုတဲ့လှေရဲ့သမိုင်းကို ထိန်းသိမ်းချင်လို့လာပြိုင်တာ"ဟု ကျွဲကူး ကျေးရွာမှ အာဝါးလှေလှော်အသင်းအမည်ဖြင့် လှေလှော်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့်အသင်းမှ ဦးခင်မောင်လွင်က ပြောဆိုသည်။

■R-20

# ပထမဆုံးကျင်းပသည့် တောင်တက်မာရသွန်ပြေးပွဲ အပြေးသမား ၄၀ ကျော်ဝင်ပြိုင်

**တောင်ငူ၊ မတ် ၁၇**

နိုင်ငံတကာ အပြေးသမားများ ဝင်ရောက်ယှဉ်ပြိုင်သော ကရင်ပြည်နယ် မြောက်ပိုင်း သံတောင်ကြီးမြို့နယ်တွင် ပထမဆုံးကျင်းပသည့် တောင်တက်မာရသွန်ခရီးကြမ်းပြေးပွဲသို့ ပြည်ပကစားသမား ၃၈ ဦးအပါအဝင် ပြည်တွင်းကစားသမား ၈ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း ယင်းပွဲစီစဉ်သူများထံမှ သိရသည်။

အဆိုပါပြိုင်ပွဲကို မတ်လ ၁၇ ရက်နေ့ နံနက် ၇ နာရီခန့်က သံတောင်မြို့သံတောင်ကြီး- ဘောဂလိလမ်းဆုံနေရာမှ စတင်တာလွှတ်ခဲ့ပြီး သံတောင်ကြီးမြို့အတွင်း ပန်းဝင်ခဲ့သည်။

ယင်းပွဲ၌ လာရောက်ယှဉ်ပြိုင်သည့် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်မှ လာရောက်သူ မစ္စအလက်ဇာ မဂ္ဂီက ၎င်းသည် ယခုဒီဒေသကိုတစ်ကြိမ် တစ်ခါမျှ ရောက်ဖူးသေးခြင်းမရှိသေးသည့် အပြင် တောတောင် ရေမြေသဘာဝ အလှတရားများကို ခံစားလိုခြင်းကြောင့် ယခုပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်ဟု က ပြောကြားသည်။

■

R-15

သတင်း ကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ပုသိမ်-ဟင်္သာတ ရထားလမ်းပိုင်းရှိ ရေကျော်သည့်နေရာများကို လမ်းမြှင့်မည်

**ပုသိမ်၊ မတ် ၁၇**

ဧရာဝတီတိုင်းတွင် ပြေးဆွဲနေသော ပုသိမ်- ဟင်္သာတ ရထားလမ်းပိုင်းရှိ နှစ်စဉ်ရေကျော်မှုကိုခံရသော နေရာများကို လမ်းသားမြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေက ပြောသည်။

အဆိုပါ လမ်းပိုင်းရှိ ဇရပ်လှဘူတာနှင့် ဘဲဂရက်ဘူတာကြားတွင် ဝဝန်မြစ်ရေမှာနှစ်စဉ်ရေကျော်တက်မှု ဖြစ်ပွားကြောင်း၊ ယင်းနေရာမှ ရထားလမ်းကို ၁ပေ ၃ လက်မ မြှင့်တင်ရန် စီစဉ်ထားကြောင်း၊ ယင်းအပြင် ယိုးဒယားတက်-ဂုံမင်း-ဒါးကဘူတာကြား ၂မိုင်ကျော်တွင် ရထားလမ်းကို ၁ ပေ ၃ လက်မမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ၎င်းက ရှင်းပြသည်။

ဧရာဝတီတိုင်းရှိ ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်းနှင့် တွဲဆိုင်းများကို အဆင့်မြှင့်တင်ရန်လိုအပ်နေကြောင်း ရေကြည်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်က ပြောသည်။

"ဒါးကဘူတာက ထွက်ပြီး အသုတ်၊ ရေကြည်ရောက်တဲ့အထိကတော့ ရထားက မြင်းစီးနေရသလိုပါပဲ၊ ခုန်တာဆိုတာပြော မနေပါနဲ့တော့"ဟု ပုသိမ်မြို့မှ ရထားစီးခရီးသည် ဒေါ်တင်တင်စန်းက ပြောသည်။

■

R-11

# လားရှိုးတွင် ဓားကိုင်ဆောင်သူများကို ဖမ်းဆီး

**လားရှိုး၊ မတ် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့တွင် ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ဓားခုတ်မှုများ မကြာခဏဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတင်းကျပ်လျက်ရှိပြီး ဓားကိုင်ဆောင်သူများကို ဖမ်းဆီးအရေးယူလျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

မတ်လ ၁၅ ရက်နေ့က လားရှိုးမြို့ပေါ်ကန်လမ်းတွင် ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးရာတွင် မော်တော်ယာဉ်တစ်စီးပေါ်မှ အရိုးအသွားနှစ်ပေ၊ သုံးလက်မရှိသည့် ဓားတစ်ချောင်းကို ရှာဖွေတွေ့ရှိရကြောင်း၊ အလားတူ မတ်လ ၁၆ ရက်နေ့ ညပိုင်းက လားရှိုး-သိန္နီလမ်း၊ အေတီတံတားအနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်မှ အရှည်နှစ်ပေ၊ သုံးလက်မရှိသည့် ဓားသုံးလက်ကိုတွေ့ရှိရသဖြင့် ယာဉ်မောင်းကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း လားရှိုးခရိုင်၊ ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစန်းယုက ပြောကြားသည်။

ယင်းသို့ဖမ်းဆီးရမိထားသူများကို သက်ဆိုင်ရာပုဒ်မအသီးသီးဖြင့် လားရှိုးမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း အဆိုပါစခန်းထံမှ သိရသည်။

ထို့ပြင် လမ်းဆုံလမ်းခွ၊ လူစည်ကားရာနေရာများနှင့် ပန်းခြံများတွင် တုတ်၊ ဓားနှင့် လူသေစေနိုင်သည့်ပစ္စည်းများ ကိုင်ဆောင်သွားလာခြင်းရှိ မရှိကို ဆိုင်ကယ်များ၊ မော်တော်ယာဉ်များအား ညစဉ်ရပ်တန့်စစ်ဆေးရှာဖွေလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ဓားခုတ်မှုများ ပိုမိုဖြစ်ပွားလာသည့်အတွက် စစ်ဆေးမှုကိုတင်းကျပ်စွာ လုပ်ဆောင်နေကြောင်း ၎င်းက ပြောဆိုသည်။

ပြီးခဲ့သည့်မတ်လ ၁၄ ရက်နေ့က လားရှိုးမြို့ ပြည်ထောင်စုလမ်းပေါ်တွင် ဆိုင်ကယ်ဖြင့် သွားလာနေသူနှစ်ဦးကို မော်တော်ယာဉ်တစ်စီးပေါ်မှ အမျိုးသားလေးဦးက ဓားဖြင့်ခုတ်မှုဖြစ်ပွားခဲ့ရာ ယာဉ်မောင်းကိုသာဖမ်းဆီးရမိထားပြီး ကျန်သူများကို ဖမ်းဆီးရမိရန် ဆောင်ရွက်လျက်ရှိကြောင်း လားရှိုးမြို့မရဲစခန်းထံမှ သိရသည်။

■R-07

စိန် လေမှုတ်စက်လုပ်ငန်း မှ
Compressor များကို ချိုသာသောဈေးနှုန်းများဖြင့်
ပစ္စည်းစုံ ရောင်းချပေးနေပါသည်။
www.seinaircompressor.com

# သစ်တောဦးစီးဌာန သိမ်းဆည်းထားသည့်သစ်များ မီးရှို့ရန်ကြံစည်ခံရ

**လားရှိုး၊ မတ် ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်လေးမြို့နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ် ရပ်ကွက် ၁ ရှိ သစ်တောဦးစီးဌာနဝင်းအတွင်း သိမ်းဆည်းထားသည့်သစ်များ မတ်လ ၁၆ ရက်နေ့က တစ်ပြိုင်နက်တည်းမီးရှို့ရန် ကြံစည်ရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ လဲခြား၊ နမ့်စန်(ခိုလမ်)နှင့် မိုင်းကိုင်မြို့အစရှိသည့် နေရာများနှင့် ကျောက်မဲမြို့သစ်တောဝင်းအတွင်း သိမ်းဆည်းထားသည့် သစ်များကို မတ်လ ၁၆ ရက်နေ့က မီးရှို့ဖျက်ဆီးရန်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ကျောက်မဲမြို့သစ်တောဌာနခြံဝင်းအတွင်း သိမ်းဆည်းထားသည့်သစ်များကို မီးရှို့ရန်ကြံစည်ခဲ့မှုကို သစ်တောဝန်ထမ်းတစ်ဦးက အချိန်မီသိရှိခဲ့သည့်အတွက် မီးလောင်ကျွမ်းမှုမဖြစ်ပေါ်ခဲ့ကြောင်း၊ မီးရှို့ရန်ကြံရွယ်သူနှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားပြီး ငါးဂါလန်ဓာတ်ဆီပုံးကျန်ရှိခဲ့ကြောင်း ကျောက်မဲမြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးသန့်က ပြောကြားသည်။

အဆိုပါသစ်များမီးရှို့ရန်ကြံစည်မှုကို ကျောက်မဲမြို့မရဲစခန်းက (ပ)၁၂၇/၂၀၁၃ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၃၆ အရ အမှုဖွင့်ထားသည်။

ထို့ပြင် ရှမ်းပြည်နယ်တောင်ပိုင်း လဲခြားမြို့ ရပ်ကွက်၆ရှိ သစ်တောဌာနအပိုင်ဝင်းအတွင်း ပိတောက်၃၇လုံးကို မတ်လ ၁၆ ရက်နေ့ နံနက် ၂ နာရီခွဲက ဓာတ်ဆီလောင်းမီးရှို့ခံရပြီး နမ့်စန် (ခိုလမ်) မြို့၂ ရပ်ကွက် သစ်တောရုံးဝင်းအတွင်းရှိ ပိတောက် ၄၀တုံးနှင့် တမလန်း ၇၃ တုံးကိုလည်း ယင်းနေ့နံနက် ၁၀နာရီခန့်က မီးရှို့မှုဖြစ်ပွားခဲ့သည့်အပြင် မတ်လ ၁၆ ရက်နေ့ ညနေ ၃ နာရီခန့်တွင် မိုင်းကိုင်မြို့ ရပ်ကွက်၂သစ်တောရုံးဝင်းအတွင်းပိတောက် ၂တန် မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း၊ အလားတူ ရှမ်းပြည်နယ် တောင်ပိုင်းနမ့်စန်မြို့ရပ်ကွက် ၄ ရှိမြန်မာ့သစ်လုပ်ငန်းဝင်းအတွင်းရှိ သစ်တုံးများလည်း မီးရှို့ခံရကြောင်း သစ်တောဦးစီးဌာနနှင့် ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ မီးရှို့ဖျက်ဆီးခံရမှုနှင့် ပတ်သက်၍ ကျူးလွန်သူကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■

R-07



ဓာတ်ပုံ - SWP

# ဒုသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျိုင်းတုံသို့ ပထမဆုံးလာရောက်

**ကျိုင်းတုံ၊ မတ် ၁၇**

နိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ မတ်လ ၁၆ ရက် ညနေပိုင်းက ပထမဆုံးအကြိမ် လာရောက်ခဲ့ကြောင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုံနှံတစ်လုံးက ပြောကြားသည်။

“ဒုသမ္မတကြီးကို ဒေသတွင်းက နယ်စပ်ကုန်သွယ်ရေး အခက်အခဲတွေ တင်ပြထားတဲ့အတွက် ဒါတွေကိုသိရှိဖို့နဲ့ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ဖို့လာလေ့လာတဲ့သဘောပါ” ဟု ၎င်းကဆိုသည်။

ဒုသမ္မတက မတ်လ ၁၇ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့တွင် နှစ် ၁၀၀ ခန့် သက်တမ်းရှိ အနာကြီးရိပ်သာနှင့် မိဘမဲ့ဂေဟာအတွက် အလှူငွေ ကျပ် ၇၆ သိန်း အပါအဝင် ဆန်၊ ကြက်ဥ၊ လက်ဖက်ရည်ထုပ်များ ထောက်ပံ့ခဲ့ကြောင်း နောင်ကန်ရွာရှိ ကရုဏာရေးသီလရှင် မိဘမဲ့ဂေဟာနှင့် အနာကြီးရိပ်သာ တာဝန်ခံ စစ္စတာ နာတာလီနာအပို့က ပြောသည်။

နိုင်ငံတော် ဒုသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့သို့ မတ်လ ၁၅ ရက် ရောက်ရှိခဲ့ရာ တပ်စွန့်လွှတ်မြေများ ပေးအပ်ခြင်း၊ ဝမ်ပုံဆိပ်ကမ်းလေ့လာခြင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ကြောင်း၊ ယင်းနောက် ကျိုင်းတုံမြို့တွင် ခရီးသွားများ လာရောက်သည့် ဟိုကျင်း(အာခါရွာ)၊ နောင်ကန်အနာကြီးရိပ်သာ၊ နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး သင်တန်းကျောင်း လွိုင်မွေ့ အပန်းဖြေ တောင်စခန်းမြို့ ပန်ဝိုင်ကျမ်းစာသင်တန်း ကျောင်း၊ မဟာဓာတ်အားခွဲရုံအသစ်နှင့် ပြည်သူ့ဆေးရုံကြီးတို့ကို သွားရောက်ခဲ့ သည်။ ■

R-16

# NEWS IN BRIEF

## မတ်ပဲခြွေသည့်ပန်ကာဖြင့် ခုတ်မိ၍ အမျိုးသားတစ်ဦး သေဆုံး

ဟသ်ာတမြို့နယ်၊ ကင်ပွန်းချောင်းအုပ်စု ငါးဖယ်ထူကျေးရွာတွင် မတ်လ ၁၆ ရက်နေ့ မွန်းလွဲပိုင်းက အမျိုးသားတစ်ဦး ပဲတလင်း၌ မတ်ပဲခြွေလှေ့နေသည့်အင်ဂျင်စက် ပန်ကာဒလက်ဖြင့် ခုတ်မိ၍ သေဆုံးခဲ့ကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

သေဆုံးသူသည် အသက် ၃၂ နှစ်အရွယ် ချစ်ဦးဆိုသူဖြစ်ပြီး ပဲကူလှေ့ပေးရန် သွားရောက်စဉ် ခြေချော်၍ ပန်ကာဒလက်နှင့် ခုတ်မိခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ တလုတ္ထော်နယ်မြေစခန်းက(ပ)အမှတ် ၇၀/၂၀၁၈ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်ထားကြောင်း ယင်းရုံးထံမှ သိရသည်။ ■ R-13

## ကျွန်းခွဲသားများတင်လာသောကားကို ဖမ်းမိ

ကချင်ပြည်နယ် မံစီမြို့နယ်၊ ဟန်ထက်ကျေးရွာအနီးတွင် မတ်လ ၁၆ရက်က ပါဂျဲရိုးကားပေါ်မှ တရားမဝင် သယ်ဆောင်လာသော ကျွန်းခွဲသားများကို နယ်မြေရှင်းလင်းရေးလုပ်ဆောင်နေသော တပ်မတော်က သိမ်းဆည်းရမိကြောင်း မံစီမြို့နယ် သစ်တောဦးစီးဌာနရုံးထံမှ သိရသည်။

အဆိုပါယာဉ်ပေါ်မှ တစ်တန်ကျော်သော ကျွန်းခွဲသား ၉၃ချောင်းကို မံစီမြို့နယ်သစ်တောဦးစီးဌာနတွင် သိမ်းဆည်းမည်ဖြစ်ပြီး မော်တော်ယာဉ်ကို ဗန်းမော်မြို့စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်(၂၁)သို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။ ■ R-14

## ချောက်ရှိ မီးဘေးသင့်သူများကို လွှတ်တော်ကိုယ်စားလှယ်များ ထောက်ပံ့

မကွေးတိုင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် ဒုတိယ ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းတို့ပါဝင်သည့် တိုင်းလွှတ်တော် ကိုယ်စားလှယ်များအဖွဲ့သည် ချောက်မြို့နယ် ဆာလယ်ကျေးရွာအုပ်စု အိုးဘိုကျေးရွာ မီးဘေးသင့်ပြည်သူ ၁၀၀ ကျော်ကို ထောက်ပံ့မှုများပြုလုပ်ပေးခဲ့သည်။

ယင်းမီးဘေးသင့်ပြည်သူများကို အလှူငွေ ကျပ်ငါးသိန်းအပါအဝင် ကြွေပန်းကန်ပြား ၁၅ ချပ်၊ အဝတ်အထည်မျိုးစုံ ၁၅ ထုပ်၊ မာမားခေါက်ဆွဲခြောက် သုံးဖာတို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း အိုးဘိုကျေးရွာသည် မတ်လ ၇ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ခဲ့ရာတွင် အိမ်ခြေ ၂၀ မီးလောင်ကျွမ်းခဲ့ပြီး လူဦးရေ ၁၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သံဘိုကျေးရွာ အုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။ ■ နေနိုင်(ချောက်)

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)၊ ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

တာဝတိံသာ

အဆင့်မြင့်အိမ်ပြောင်းအိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

ထိုင်းမျက်အပါမြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)

Ph : 09 32152526, 09 421024222, 09 31483218, 09 49344288

# မိုးကုတ်နှစ်ရှစ်ရာပြည့်ပွဲတော် နိုင်ငံခြားသားခရီးသွားများကို သုံးရက်ကြာနေထိုင်ခွင့်ပြု

**မန္တလေး၊ မတ် ၁၇**

မိုးကုတ်မြို့၌ ယခုလကုန်ပိုင်းတွင် ကျင်းပရန်ရှိနေသည့် နှစ်ရှစ်ရာပြည့်ပွဲတော်သို့ လာရောက်လည်ပတ်မည့် နိုင်ငံခြားသားခရီးသွားများကို သုံးရက်နေထိုင်ခွင့်ပေးထားကြောင်း ပွဲတော်ကျင်းပရေးကော်မတီအတွင်းရေးမှူး ဒေါ်ခင်အုန်းမြင့်က ပြောကြားသည်။

"ဟိုတယ်ခရီးက ခွင့်ပြုတယ်ဆိုပေမယ့်လည်း ခွင့်ပြုချက်တော့တင်ရမှာပါ။ နေပြည်တော် (ရုံးချုပ်) မှာ လျှောက်ရမှာဆိုတော့ အကောင်းဆုံးကတော့ မန္တလေးနဲ့ရန်ကုန်က Travel & Tour တွေနဲ့ ချိတ်ပြီး လျှောက်တာက ပိုအဆင်ပြေမယ်" ဟု ၎င်းက ပြောဆိုသည်။

မိုးကုတ်မြို့သည် ကန့်သတ်ဇရိယာဖြစ်နေသောကြောင့် လာရောက်လည်ပတ်လိုသော နိုင်ငံခြားသားအနေနှင့် အခြားဒေသများထက် သွားရောက်ရန်ခက်ခဲနေကြောင်း၊ ပွဲတော်ကာလတွင်မူ နိုင်ငံခြားသားများကို လာရောက်လည်ပတ်ခွင့်ပြုပေးထားပြီးဖြစ်ရာ နိုင်ငံခြားသား ခရီးသွားအေဂျင်စီများအနေနှင့် ဝန်ဆောင်မှုများပြုလုပ်ပေးနိုင်မည်ဆိုပါက မိုးကုတ်မြို့အတွက်သာမက နိုင်ငံတော်အစိုးရအတွက်လည်း ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးလှိုင်က ပြောကြားသည်။

နိုင်ငံခြားသားများလာရောက်လည်ပတ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်သည်ဟု ဒေသခံများကမျှော်လင့်ထားသောကြောင့် ပွဲတော်ကျင်းပရေးကော်မတီက အစိုးရထံခွင့်ပြုပေးရန်တောင်းဆိုခဲ့ရာတွင် ကန့်သတ်ချက်ဖြင့် ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း၊ ယင်းပွဲတော်ကို မတ်လ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိကျင်းပမည်ဖြစ်၍ နိုင်ငံခြားသားခရီးသွားများအနေနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေးဌာနထံမှ ခွင့်ပြုချက်ရယူကာ လည်ပတ်နိုင်မည်ဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။ ■ M-04

# တရားရုံးကိုဖိနပ်ဖြင့်ပေါက်သည့် ရှေ့နေဦးဇော်ဝင်းကို ပုဒ်မလေးခုဖြင့် အမှုဖွင့်

**မန္တလေး၊ မတ် ၁၇**

မတ္တရာမြို့နယ်တရားသူကြီးကို ဖိနပ်ဖြင့်ပစ်ပေါက်ခဲ့သောကြောင့် အမှုရင်ဆိုင်နေရသည့် ရှေ့နေဦးဇော်ဝင်းသည် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးဆိုင်းဘုတ်ကို ဖိနပ်ဖြင့်ပစ်ပေါက်ခဲ့သည့်အတွက် မတ်လ ၁၆ ရက်နေ့က ပုဒ်မလေးခုဖြင့် အမှုဖွင့်ခံထားရကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ရှေ့နေဦးဇော်ဝင်းသည် မတ်လ ၁၅ ရက်နေ့က ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၌ စစ်ဆေးနေသောအမှုတစ်ခုကို နားထောင်ခဲ့ပြီးနောက် တရားခွင်၏ စစ်ဆေးချက်ကို မကျေနပ်သောကြောင့် တွဲဖက်မြို့နယ်တရားသူကြီးတစ်ဦး အမည်တပ်ထားသောဆိုင်းဘုတ်ကို ဖိနပ်နှင့်ပစ်ပေါက်ခဲ့ရာမှ အမှုဖွင့်ခံရခြင်းဖြစ်သည်။

ဦးဇော်ဝင်းသည် တရားစီရင်ရေးတာဝန် ထမ်းဆောင်နေသော တရားသူကြီးများနှင့် အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေသောအစိုးရအပေါ် ဂုဏ်သိက္ခာကျဆင်းစေရန် လှုံ့ဆော်အားထုတ်ခြင်း၊ တရားရုံးကို မထေမဲ့မြင်ပြုခြင်း၊ တရားစီရင်ရေးတာဝန် ဆောင်ရွက်၍မရအောင် ညစ်ညမ်းစွာပြောဆိုနှောင့်ယှက်ခြင်းတို့ ပြုလုပ်ခဲ့သည်ဟုဆိုကာ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်စုသက်ငုံက ပြည်ကြီးတံခွန်မြို့မရဲစခန်းသို့ တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းအရ သိရသည်။

"ကျွန်တော့်ဆီကိုတော့ အကြောင်းမကြားသေးပါဘူး။ သူတို့ မတရားလုပ်တာ ဖြစ်တဲ့အတွက် အကြောင်းကြားမယ်လို့လည်း မထင်ပါဘူး။ ကျွန်တော်ကတော့ သွားဖို့အသင့်ပါပဲ။ အမှုဖွင့်မယ်ဆိုတာတော့ သိတယ်။ အခု ကျွန်တော်ကြားထားတဲ့သတင်းတွေအရတော့ သူတို့စွဲထားတဲ့ ပုဒ်မတွေနဲ့ အရေးယူလို့မရဘူး" ဟု ဦးဇော်ဝင်းက ပြောကြားသည်။

ဒုတိယမြို့နယ်တရားသူကြီး ဒေါ်စုသက်ငုံကတရားလို ပြုလုပ်တိုင်ကြားထားသောကြောင့် ပြည်ကြီးတံခွန်မြို့မရဲစခန်းက ရှေ့နေဦးဇော်ဝင်းကို (ပ) ၁၆၀/ ၂၀၁၈၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၄/၃၅၃/ ၂၂၈/၅၀၆ တို့ဖြင့် အမှုဖွင့်ထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

ရှေ့နေဦးဇော်ဝင်းသည် ၂၀၁၇ ခုနှစ် မေလ ၃၀ ရက်နေ့က မတ္တရာမြို့နယ်တရားရုံး၌ မြို့နယ်တရားသူကြီးကို ဖိနပ်ဖြင့် ပစ်ပေါက်ခဲ့သည့်အတွက် မိတ္ထီလာတရားရုံးတွင် လက်ရှိအချိန်အထိ အမှုရင်ဆိုင်နေရဆဲ ဖြစ်သည်။ ■M-04

# မိုးကုတ်တွင် ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွား၊ စိတ္တဇေဒသုတေသနစစ်တမ်း စကောက်

**မန္တလေး၊ မတ် ၁၇**

မိုးကုတ်မြို့တွင်နေထိုင်သော ဒေသခံတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားအခြေအနေနှင့် စိတ္တဇေဒအခြေအနေကို သိရှိနိုင်ရန် မတ်လ ၁၅ ရက်နေ့ကစ၍ သုတေသနစစ်တမ်းကောက်ယူနေပြီဟု မန္တလေးတိုင်းလွှတ်တော် တိုင်းရင်းသားလူမျိုးအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ဦး က ပြောကြားသည်။

မန္တလေးတိုင်းလွှတ်တော်နှင့် မန္တလေးလူမှုသိပ္ပံအဖွဲ့အစည်း (Mandalay Social Science Institute- MSSI) တို့ပူးပေါင်း၍ မတ်လ ၁၅ ရက်နေ့ကစ၍ စစ်တမ်းကောက်ယူနေခြင်းဖြစ်ကြောင်း၊ လူနည်းစုတိုင်းရင်းသားများအနေနှင့် လူများစုဗမာလူမျိုးများအပေါ် ယုံကြည်မှု၊ အတူတကွပူးပေါင်းနေထိုင်နိုင်မှုအခြေအနေကို သိရှိလို၍ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

မိုးကုတ်မြို့တွင်နေထိုင်သော ရှမ်း၊ ပလောင်၊ လီဆူစသည့် တိုင်းရင်းသားအိမ်ထောင်စု ၂၀၀ ကို လူမှုစီးပွားရေးနှင့်ဆိုင်သည့် မေးခွန်း၊ စိတ္တဇေဒနှင့်ဆိုင်သည့် မေးခွန်း စုစုပေါင်းမေးခွန်း ၁၀၀ ခန့် မေးမြန်းသုတေသနပြုလုပ်နေခြင်းဖြစ်ပြီး မေလခန့်တွင် လုပ်ငန်းပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း တိုင်းရင်းသားလူမျိုးအရေးဆိုင်ရာကော်မတီထံမှ သိရသည်။

မန္တလေးတိုင်းလွှတ်တော် တိုင်းရင်းသားလူမျိုးအရေးဆိုင်ရာကော်မတီအနေနှင့် မိုးကုတ်မြို့တွင်နေထိုင်သော တိုင်းရင်းသားအိမ်ထောင်စု ၂၀၀ အပါအဝင် မန္တလေးမြို့ပေါ်မှ ရှမ်း၊ ကချင်၊ ကရင်၊ ရခိုင်၊ မွန်၊ ကယားစသည့်တိုင်းရင်းသားအိမ်ထောင်စု ၁၀၀ နှင့် ပြင်ဦးလွင်မြို့ပေါ်မှ တိုင်းရင်းသားအိမ်ထောင်စု ၂၀၀ တို့ကို သုတေသနပြုလုပ်မည်ဖြစ်ပြီး ရရှိလာသည့်အချက်အလက်များကို သုတေသနစာတမ်းတစ်စောင် ထုတ်ပြန်မည်ဖြစ်ကာ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းနှင့် ပြည်နယ်များ၏ လွှတ်တော်ဥက္ကဋ္ဌများထံပေးပို့မည်ဖြစ်ကြောင်း ယင်းကော်မတီထံမှ ထပ်မံသိရသည်။ ■ M-05

## NEWS PHOTO




ဓာတ်ပုံ - မောင်ရဲနွေ

ပဉ္စင်္ဂံစာအုပ်တိုက်၏ ၁၅ နှစ်ပြည့်အထိမ်းအမှတ် ရေးသူဖတ်သူတွေ့ဆုံဆွေးနွေးပွဲကို မန္တလေးမြို့ ၆၄ လမ်း နှင့် ၃၁ လမ်းထောင့်ရှိ ဓမ္မသာလာခန်းမ၌ မတ်လ ၁၇ ရက်နေ့ကကျင်းပခဲ့ရာ စာရေးဆရာသိုက်ထွန်းသက်၊ စာရေးဆရာစိုးဘားဒိုင်၊ စာရေးဆရာမောင်ဇေယျာတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ အဆိုပါစာအုပ်တိုက် ၁၅ နှစ်ပြည့် စာအုပ်စျေးပွဲတော်ကို မတ်လ ၁၈ ရက် (ယနေ့) အထိပြုလုပ်မည်ဖြစ်သည်။ M-01




ကျောက်မျက်ရတနာလုပ်ငန်းအပါအဝင် ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်

# ပြည်တွင်းထုတ်ကုန်များ တောင်အာဖရိကသို့ ပို့မိုတင်ပို့နိုင်ရေးဆွေးနွေး

**ရန်ကုန်၊ မတ် ၁၇**

မြန်မာ့ထုတ်ကုန်များ တောင်အာဖရိကသို့ ပိုမိုတင်ပို့နိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ကိုင်နိုင်ရန် တောင်အာဖရိကနိုင်ငံမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ထံမှ သိရသည်။

ထိုင်းအခြေစိုက်၊ တောင်အာဖရိကသံရုံး Political and Economic Affairs မှ အကြံပေး Mr.Andre' Van Straten နှင့် အဖွဲ့ဝင်သုံးဦးသည် မတ်လ ၁၅ ရက်နေ့က မြန်မာနှင့် တောင်အာဖရိကနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများ၊ ပြည်တွင်းလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

ပြည်တွင်းလုပ်ငန်းရှင်များနှင့် တောင်အာဖရိကသံရုံးမှ တာဝန်ရှိသူများသည် ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်း စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြပြီး အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်တွင်းထုတ်ကုန်များကို တောင်အာဖရိကနိုင်ငံသို့ ပိုမိုတင်ပို့နိုင်ရေးနှင့် မြန်မာနိုင်ငံတွင် အာဖရိကမှ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးတို့ကို များစွာမျှော်လင့်ထားသည်ဟု တောင်အာဖရိကသံရုံး Political and Economic Affairs မှ အကြံပေး Mr.Andre' Van Straten က ပြောကြားထားကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

တောင်အာဖရိကနိုင်ငံအနေနှင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုမှာ ၁၉၈၈ ခုနှစ် မတ်လမှ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆ သန်းအထိရှိကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရသည်။

■ J-11

# ဗီယက်နမ်အခြေစိုက် Eurowindow ကုမ္ပဏီ မြန်မာတွင် ပထမဆုံး အရောင်းပြခန်းဖွင့်

**ရန်ကုန်၊ မတ် ၁၇**

ဗီယက်နမ်အခြေစိုက် အလူမီနီယံတံခါးကုမ္ပဏီဖြစ်သည့် Eurowindow က မြန်မာနိုင်ငံတွင် ပထမဆုံးအရောင်းပြခန်းကို ယခုလအတွင်း ရန်ကုန်မြို့ရှိ တောင်ဥက္ကလာပမြို့နယ်၌ ဖွင့်လှစ်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် စက်ရုံတည်ဆောက်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

အဆိုပါကုမ္ပဏီ၏ အလူမီနီယံတံခါးများသည် အသံလုံခြင်း၊ လျှပ်ကာနိုင်စွမ်းမြင့်မားခြင်းစသည့် စွမ်းရည်များရှိသည့်အပြင် အလူမီနီယံပေါ်တွင် သုတ်လိမ်းထားသည့်ဆေးက ကာလကြာရှည် ဓာတ်ပြုခြင်းမရှိသောကြောင့် တံခါးများသည် နှစ် ၃၀ ကျော်ကြာရှည်အောင် အသုံးပြုနိုင်ကြောင်း ယင်းကုမ္ပဏီ၏ အမှုဆောင်အရာရှိဖြစ်သော Mr.Nguyen Canh Hong က ပြောကြားသည်။

"ပြည်တွင်းဈေးကွက် ဝယ်လိုအားကြောင့် အိမ်ရာတွေ၊ ကွန်ဒိုမီနီယံတွေ၊ ရုံးခန်းတွေ၊ ဟိုတယ်စီမံကိန်းတွေ ဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ရွေးချယ်ရတာပါ" ဟု ၎င်းကဆိုသည်။

လတ်တလောအခြေအနေတွင် မြန်မာနိုင်ငံသည် အဆောက်အအုံ အရှေ့ပိုင်းမျက်နှာပြင်ဆိုင်ရာစနစ်အတွက် တိကျသည့် အဆင့်အတန်းတစ်ခုအထိ ရောက်ရှိရန်လိုအပ်နေကြောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် အဆောက်အအုံများသည် သာမန်ပစ္စည်းများကိုသာ အသုံးပြုထားသောကြောင့် ပုံစံပျက်လွယ်ခြင်း၊ ပျက်စီးနိုင်ခြင်း၊ အရောင်ပျက်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း Eurowindow ထံမှ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း သုံးစွဲနေသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများသည် သတ်မှတ်ထားသည့် စံချိန်စံနှုန်းများ ရှိသော်လည်း အရည်အသွေးပိုင်းတွင် လိုအပ်ချက်များရှိနေသေးကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပြောကြားသည်။ ■J-13

# နွေစပါးသစ်ပေါ်

**ရန်ကုန်၊ မတ် ၁၇**

ဈေးဆက်တိုက်မြင့်တက်နေသော ဆန်ဈေးကွက်အတွင်း နွေစပါးသစ်များ စတင်ထွက်ရှိလာသည့်အတွက် ဆန်ဈေးနှုန်းများ စတင်ကျဆင်းကြောင်း ဆန်ဈေးကွက်အတွင်းမှ သိရသည်။

ဆန်ဈေးသည် ပြီးခဲ့သည့်အပတ်ကထက် ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၃၀၀ မှ ၅၀၀ အထိနှင့် ဆန်ချောတစ်အိတ်လျှင် ကျပ် ၅၀၀ မှ ၁၀၀၀ အထိကျဆင်းပြီး ဆက်လက်ကျဆင်းနိုင်ကြောင်း ဆန်ဈေးကွက်အတွင်းမှ သိရသည်။

နွေစပါးသစ်များကို ဧရာဝတီနှင့် ပဲခူးတိုင်းတို့တွင် အစိုက်များပြီး ကျန်တိုင်းအချို့တွင် စိုက်ပျိုးကြောင်း၊ ယခုအခါ ဧရာဝတီတိုင်းဘက်မှ စတင်ထွက်ရှိလာပြီး ကျန်တိုင်းများမှ ယခုလအတွင်း ဆက်လက်ထွက်ရှိလာမည်ဖြစ်ကြောင်း လယ်သမားများထံမှ သိရသည်။

"ဒီနှစ်စပါးက တချို့ ပဲမစိုက်ဘဲ စပါးစိုက်တဲ့ ဒေသတွေလည်း ရှိနေတယ်။ နောက်ပြီး ရာသီဥတုလည်းကောင်းခဲ့တော့ ခါတိုင်းနှစ်ထက် ပိုထွက်နိုင်တယ်။ အခုဆန်ဈေးတွေက ပြည်ပရော ပြည်တွင်းရော မြင့်နေလို့ အိတ်စ်ပို့သမားတွေ သိပ်မကိုက်ဘူး။ ပြည်တွင်းဆန်နဲ့ စပါးဈေးကျပေးမှ အလုပ်လုပ်လို့ရမယ်" ဟု ဆန်ကုန်သည် ဦးအောင်မြင့်က ပြောဆိုသည်။

ဆန်ဈေးသည် ပြီးခဲ့သည့်နှစ်ပတ်အတွင်းက ဆန်ချောတစ်အိတ်လျှင် ကျပ် ၃၀၀၀ မှ ၅၀၀၀ အထိနှင့် ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ၃၀၀၀ အထိ မြင့်တက်ခဲ့သည်။

လက်ရှိနယ်ဒေသများမှ ရန်ကုန်ဆန်ဈေးကွက်အတွင်းသို့ ဆန်အဝင်ပုံမှန်ဝင်ရောက်လျက်ရှိပြီး တစ်ရက်လျှင် အိတ်ရေ ရှစ်သောင်းကျော် ဝင်ရောက်ကြောင်း ဘုရင့်နောင်နှင့် ဝါးတန်းဆန်ကုန်စည်ဒိုင်များထံမှ သိရသည်။

လက်ရှိဆန်ဈေးကွက်အတွင်း ပေါ်စံုနယ်စံု တစ်အိတ်လျှင် ကျပ် ၃၄၀၀၀ မှ ၄၀၀၀၀ ကျော်အထိ၊ ဧည့်မထ ၂၅ မှတ်တစ်အိတ်လျှင် ကျပ် ၂၀၅၀၀ ကျော်၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၅၃၀၀၀ မှ ၅၅၀၀၀ အထိဈေးရှိကြောင်း အဆိုပါဆန်ဈေးကွက်အတွင်းမှ သိရသည်။ ■ S-04

# ဘုရားဖူးယာဉ်ပေါ်မှ ကျပ်သိန်း ၂၀ ကို ခိုးယူသည့် အမျိုးသမီးကို အရေးယူ

**ရန်ကုန်၊ မတ် ၁၇**

ပုဂံ-ညောင်ဦး ဘုရားဖူးယာဉ် တစ်စီးပေါ်ရှိ ယာဉ်ခေါင်းခန်းတွင်ထားရှိသော ငွေကျပ် သိန်း ၂၀ ကို ခိုးယူခဲ့သည့် အမျိုးသမီးတစ်ဦးကို မတ်လ ၁၅ ရက်နေ့က ရွှေပြည်သာမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် အမှုဖွင့်အရေးယူခံရသည့် အသက် ၆၈ နှစ် ဒေါ်ဝင်းတင်(ခ) ဒေါ်ကြည်မှာ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး ဖေဖော်ဝါရီလက ရွှေပြည်သာမြို့နယ်တွင် နေထိုင်သည့် ဘုရားဖူးယာဉ်အငှားလုပ်ငန်း လုပ်ကိုင်သူ ဦးဇေမင်းထက်ထံ လာရောက်ပြီး ပုဂံ-ညောင်ဦး ဘုရားဖူးခရီးစဉ် ပို့ဆောင်ပေးရန် ငှားရမ်းခဲ့သူဖြစ်ကြောင်း အမှုဖွင့်တိုင်ကြားချက်အရ သိရသည်။

ခြောက်ညအိပ် ခုနစ်ရက် ဘုရားဖူးခရီးစဉ်ကို ဦးဇေမင်းထက်က ယာဉ်နှင့်အတူ လိုက်ပါပို့ဆောင်ပေးခဲ့စဉ် ခရီးစဉ်တစ်လျှောက် ယာဉ်ပေါ်ပါခရီးသည်များထံမှ ငွေများကို ဒေါ်ဝင်းတင်(ခ) ဒေါ်ကြည်က လိုက်လံချေးယူနေသည်ကို တွေ့မြင်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ရန်ကုန်သို့ပြန်ရောက်၍ ဘုရားဖူးခရီးသည်များ၏ ပစ္စည်းများ ယာဉ်ပေါ်မှ ချပေးနေစဉ် ယာဉ်ခေါင်းခန်းတွင် ထားရှိသည့် ငွေကျပ်သိန်း ၂၀ ထည့်ထားသောအိတ်က ပျောက်ဆုံးခဲ့သောကြောင့် လိုက်လံမေးမြန်းရာ ယင်းအိတ်ကို ဒေါ်ဝင်းတင်(ခ) ဒေါ်ကြည်က ယူသွားကြောင်း ခရီးသည်များထံမှ သိရှိခဲ့သည်။

ယင်းနောက်ဒေါ်ဝင်းတင်(ခ)ဒေါ်ကြည်ကို ခေါ်မေးမြန်းရာ ယင်းငွေများဖြင့် ဘုရားဖူးခရီးသည်များ၏ အကြွေးကို ဆပ်လိုက်ပြီဖြစ်ကြောင်း၊ ၎င်းမှ အဆိုပါငွေကျပ် သိန်းနှစ်ဆယ်ကို ရက်ပိုင်းအတွင်း ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း ယနေ့အချိန်ထိ လာရောက်ပေးဆပ်ခြင်း မရှိသောကြောင့် မတ်လ ၁၅ ရက်နေ့က ဦးဇေမင်းထက်က ဒေါ်ဝင်းတင်(ခ) ဒေါ်ကြည်ကို အမှုဖွင့်အရေးယူပေးပါရန် တရားလိုပြု တိုင်ကြားလာသဖြင့် ရွှေပြည်သာမြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ S-03

# ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများအသုံးပြုပါက ယာယီလှိုင်းနှုန်းစဉ် အသုံးပြုခွင့် လျှောက်ထားရမည်

**ရန်ကုန်၊ မတ် ၁၇**

ကမ္ဘာလှည့်ခရီးသွားများအနေနှင့် ခရီးစဉ်ကာလများအတွင်း ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ အသုံးပြုပါက ယာယီလှိုင်းနှုန်းစဉ် အသုံးပြုခွင့်ကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရန်လိုအပ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက မတ်လ ၁၃ ရက်က အသိပေးထုတ်ပြန်ထားသည်။

"နယ်စပ်ဖြတ်ကျော်တို့၊ Caravan Tour တွေမှာက အဖွဲ့အချင်းချင်းဆက်သွယ်ဖို့ ဝေါ်ကီတော်ကီတွေ၊ ဆက်သွယ်ရေးပစ္စည်းတွေ အသုံးပြုတာတွေ ရှိတယ်။ အဲဒီစက်တွေကိုသုံးတဲ့ Frequency (လှိုင်းနှုန်းစဉ်) တွေကို သက်ဆိုင်ရာကို ခွင့်ပြုချက်တောင်းရတာကို မသိကြဘူး။ ဒါကြောင့်အခုလို အသိပေးလိုက်တာပါ" ဟု အဆိုပါဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ဆိုသည်။

ကမ္ဘာလှည့်ခရီးသွားများအနေနှင့် မြန်မာနိုင်ငံအတွင်းလည်ပတ်ရာတွင် ဆက်သွယ်ရေးပစ္စည်းများ (ဝေါ်ကီတော်ကီ၊ အခြားဆက်စပ်ပစ္စည်း) ယင်းပစ္စည်းများ အသုံးပြုရန် ယာယီလှိုင်းနှုန်းစဉ်များကို အသုံးပြုခွင့် တောင်းခံရမည်ဖြစ်ကြောင်း၊ ပျက်ကွက်ပါက ထောင်ဒဏ်နှင့်ငွေဒဏ်များဖြင့် အရေးယူနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအောက်ရှိ အရင်းအမြစ်ဌာနမှ ညွှန်ကြားရေးမှူး တစ်ဦးက ပြောကြားသည်။

"မြန်မာနိုင်ငံကိုလာလည်တဲ့ကာလအတွင်းမှာ အရေးယူမှုတွေကို မလုပ်ချင်ဘူး။ ဒါကြောင့် သက်ဆိုင်ရာဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်တဲ့အနေနဲ့ အသုံးပြုရင်တော့ လှိုင်းနှုန်းစဉ်တွေ လျှောက်ထားဖို့လိုတယ်ဆိုပြီး ဟိုတယ်ခရီးဝန်ကြီးဌာနကို စာပို့အကြောင်းကြားထားတာပါ" ဟု ၎င်းကဆိုသည်။

ဆက်သွယ်ရေးပစ္စည်းများ အသုံးပြုရန် ယာယီလှိုင်းနှုန်းစဉ်များကို ရက်ပေါင်း ၁၅၀ အထိ အသုံးပြုခွင့်ပြုပေးထားပြီး ထပ်မံသက်တမ်းတိုးရန် လိုအပ်ပါက ခွင့်ပြုချက် ထပ်မံတောင်းခံနိုင်ကြောင်း၊ အသုံးပြုသည့်ပစ္စည်း စာရင်းများအရ သတ်မှတ်ထားသည့်အခကြေးငွေကို ပေးဆောင်ရမည်ဖြစ်ကြောင်း လှိုင်းနှုန်းစဉ်ဆိုင်ရာနည်းဥပဒေတွင် ဖော်ပြထားသည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့က တော့ ဝေါ်ကီတော်ကီတွေကို မသုံးဘူး။ ဆင်းမ်ကတ်နဲ့ဟန်းဆက်တစ်လုံးစီ ပေးလိုက်တော့တယ်။ ဧည့်သည်တွေရဲ့ဆိုင်ကယ်တွေ၊ ဦးထုပ်တွေ၊ ကားတွေမှာလည်း လူချင်းကွဲသွားရင် ဆက်သွယ်လို့ရအောင် အချက်အလက်တွေကို မြန်မာလိုရော အင်္ဂလိပ်လိုရော ရေးပေးထားတယ်။ ဒါကြောင့် ဒီလှိုင်းနှုန်းစဉ်ကို မသုံးဖြစ်ဘူး။ တခြားကုမ္ပဏီတော့ မပြောတတ်ဘူး" ဟု ဟု Osuga Myanmar Travels & Tours မှ တာဝန်ခံဖြစ်သူ ဦးထိန်လင်းက ဆိုသည်။

နယ်စပ်ဖြတ်ကျော်ကမ္ဘာလှည့်ခရီးသွားများသည် မြန်မာနိုင်ငံရှိ ပုဂံ၊ မန္တလေး၊ အင်းလေး၊ ကျိုက်ထီးရိုးနှင့် နေပြည်တော် စသည့်ခရီးစဉ်ဒေသများကိုသာ ဝင်ရောက်လည်ပတ်လေ့ရှိပြီး၊ တိုင်းရင်းသားလူမျိုးစုများ၏ နေထိုင်မှု သဘာဝများ၊ ကျေးလက်ဒေသများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများသို့ စိတ်ဝင်စားမှုရှိကြောင်း၊ ဥရောပတိုက်သားများနှင့်အိန္ဒိယ၊ မလေးရှားနှင့် တရုတ် စသည့်နိုင်ငံများမှ ခရီးသည်များ ဝင်ရောက်မှုများရှိကြောင်း နယ်စပ်ဖြတ်ကျော်ခရီးစဉ်များ လုပ်ကိုင်သည့်ခရီးသွားအေဂျင်စီများထံမှ စုံစမ်းသိရသည်။

■ J-14

# NEWS PHOTO



ဓာတ်ပုံ – ကျော်စိုးမိုး

၇၃ နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် အသက် ၇၈ နှစ်အရွယ်ရှိ ကျောက်ပန်းတောင်းဒေသခံ စစ်မှုထမ်းဟောင်း ဦးရဲမြင့်ဆွေသည် ကျောက်ပန်းတောင်း-မန္တလေး အသွားအပြန် မိုင် ၃၀၀ ခရီးကို မတ်လ ၁၆ ရက်နေ့ကစ၍ တစ်ကိုယ်တော် လမ်းလျှောက်ခဲ့ရာ မတ်လ ၁၇ ရက်နေ့ မွန်းလွဲပိုင်းက မိတ္ထီလာမြို့သို့ရောက်ရှိလာခဲ့ပြီး ညအိပ်ရပ်နားခဲ့သည်။ R-01

## NEWS IN BRIEF

# မြန်မာ-ဂျပန်လုပ်ငန်းရှင်များ SME ကဏ္ဍဖွံ့ဖြိုးရေး ဆွေးနွေးမည်

**ရန်ကုန်၊ မတ် ၁၇**

ဂျပန်နိုင်ငံမှ Japan-Myanmar Economy & Investment Center (JMEIC) နှင့် ကုန်သည်စက်မှုအသင်းချုပ်တို့ပူးပေါင်း၍ ဂျပန်-မြန်မာ SME Seminar and Business Exchange ကို မတ်လ ၁၉ ရက်နေ့တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီခွဲအထိ ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် အသေးစားနှင့် အလတ်စား (SME) လုပ်ငန်းများဖွံ့ဖြိုးရေးအပြင် ပလတ်စတစ်ထုတ်ကုန်များ၊ ရေပိုက်နှင့် အခြားပိုက်အမျိုးမျိုး ထုတ်ကုန်များ၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် စက်ရုံသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဝါယာကြိုးချိတ်ဆက်မှုနှင့် ထုတ်ကုန်များ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများကို အထောက်အပံ့ပေးခြင်းနှင့် ယာဉ်မောင်းသင်တန်းများကို ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များက မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

■ J-11

# စက်ရုံအား မီးရှို့ဖျက်ဆီးရန် ကြံစည်သည်ဟုဆိုသော ဝန်ထမ်းနှစ်ဦးကို အမှုဖွင့်

**ရန်ကုန်၊ မတ် ၁၇**

လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း စက်မှုဇုန်၊ ဇန်းမော်အတွင်းဝန်လမ်းရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် မတ်လ ၆ ရက် ည ၇ နာရီ ၂၅ မိနစ်ခန့်က မီးလောင်မှုနှင့်ပတ်သက်၍ စက်ရုံဝန်ထမ်းအမျိုးသားနှစ်ဦးကို စက်ရုံအား မီးရှို့ဖျက်ဆီးရန် ကြံစည်မှုဖြင့် မတ်လ ၁၅ ရက် ည ၇ နာရီခွဲခန့်က အမှုဖွင့်တိုင်ကြားထားကြောင်း ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

လှိုင်သာယာမြို့နယ်၊ အမှတ်(၁၈) ရပ်ကွက်တွင်နေထိုင်သူ အသက် ၁၈ နှစ်အရွယ် အောင်မင်းနိုင်နှင့် အမှတ် (၁၉) ရပ်ကွက်တွင်နေထိုင်သူ အသက် ၂၀ အရွယ် ဇင်လင်းထိုက်တို့သည် မတ်လ ၆ ရက် နံနက်ပိုင်းက စက်ရုံ နောက်ကျောထောင့် Water Fan အနီးရှိ အမှိုက်အိတ်နှစ်ခုကြားသို့ ဝင်ရောက်သွားပြီး ည ၇ နာရီ ၂၃ မိနစ်ခန့်တွင် ပြန်လည်ထွက်လာပြီးနောက် မီးလောင်မှုဖြစ်ခဲ့ပြီး စက်ရုံရှိ ဝန်ထမ်းများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၅ မိနစ်အကြာ မီးငြိမ်းသွားကြောင်း အမှုဖွင့်တိုင်တန်းချက်အရ ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"စဖြစ်တုန်းကတော့ ရိုးရိုးသာမန်ဖြစ်တယ်ထင်ပြီး ဘာမှ မလုပ်ဘဲနေခဲ့တာ။ ဌာနဆိုင်ရာတွေလည်း မသိလိုက်ဘူး၊ မီးလောင်တဲ့နေရာအနီးမှာ ရှိတဲ့ CCTV မှတ်တမ်းကို မတ်လ ၁၄ ရက်နေ့က ပြန်လည်စစ်ဆေးကြည့်ခဲ့တယ်။ အခုအမှုဖွင့်ခံရတဲ့ သူနှစ်ယောက်က မီးလောင်တဲ့ နေရာနားကနေ ပြန်ထွက်လာပြီး မကြာခင် မီးလောင်တဲ့အတွက် စက်ရုံကို မီးရှို့ဖျက်ဆီးရန် ကြံစည်တယ်ဆိုပြီး အမှုဖွင့်ခဲ့တာ။ အခုအမှုဖွင့်ခံရတဲ့နှစ်ယောက်က ကတ္တားဖြတ်တာဝန်ယူထားသူနဲ့ ပိတ်ခင်းတာဝန်ယူထားသူနှစ်ဦးပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

စက်ရုံအား မီးရှို့ဖျက်ဆီးရန် ကြံစည်သည်ဟုဆိုသော အမျိုးသားနှစ်ဦးကို ဥပဒေအရ အရေးယူပေးပါရန် စက်ရုံတာဝန်ခံဖြစ်သူ အသက် ၄၅ နှစ်အရွယ် ဦးခင်ဇော်က အမှုဖွင့်တိုင်ကြားသဖြင့် လှိုင်သာယာမြို့မရဲစခန်းက (ပ) ၁၀၀၅/၁၈၊ ရာဇသတ်ကြီးပုဒ်မ ၄၃၆/၅၁၁ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း၊ ယင်းဥပဒေပုဒ်မများအရ ထောင်ဒဏ်ချမှတ်ခံရပါက အမြင့်ဆုံးပြစ်ဒဏ်အဖြစ် တစ်သက်တစ်ကျွန်း၊ ဆယ်နှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးအပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း သိရသည်။

■ J 16

# အခြေခံပညာ သင်ရိုးသစ်များကို လာမည့်ငါးနှစ်အတွင်း အပြီးပြောင်းလဲမည်

**ရန်ကုန်၊ မတ် ၁၇**

အခြေခံပညာအဆင့်တွင် ၁၂ တန်းပညာရေးစနစ်(KG+12) ဖော်ဆောင်နေရာ သင်ရိုးသစ်များကို လာမည့်ငါးနှစ်အတွင်း အပြီးပြောင်းလဲမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပြောကြားသည်။

၁၂ တန်း ပညာရေးစနစ်ဆိုသည်မှာ သူငယ်တန်းပြီးသည့်နောက် ပညာသင်နှစ်စုစုပေါင်း ၁၂ နှစ်ကိုဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုအခြေအနေတွင် အခြေခံပညာ ဥပဒေမူကြမ်း အတည်ပြုပြီးလျှင် ပထမတန်းမှ ပဉ္စမတန်းအထိ မူလတန်းဆင့်၊ ဆဋ္ဌမတန်းမှ နဝမတန်းအထိ အလယ်တန်းဆင့်၊ ဒသမတန်းမှ ဒွါဒသမ (၁၂တန်း) ကို အထက်တန်းဆင့်ဟု သတ်မှတ်မည်။

"သင်ရိုးတွေက တစ်နှစ်စီတစ်နှစ်စီ သွားလို့မရဘူး။ ကြားကနေဖြတ်ဝင်မှာ တစ်နှစ်စီသွားရင် Kg+12 ဆိုရင် ၁၃ နှစ်ကြာမယ်။ စနစ်သစ်ပြီးသွားတဲ့ချိန်မှာ ရေးထားတဲ့သင်ရိုးတွေက အကုန်ဟောင်းနေပြီ။ သင်ရိုးတစ်ခုရဲ့စနစ်သစ်တစ်ခုဟာ အနည်းဆုံးဆယ်နှစ်ဆိုရင် အစအဆုံး အကုန်ပြန်ပြင်တာ။ ခုရေးနေတာက သင်ရိုးညွှန်းတမ်းဘောင်အသစ်နဲ့ စာအုပ်တွေကစ၊ ချဉ်းကပ်ပုံကစ အကုန်မတူဘူး" ဟု ဦးကိုလေးဝင်းက ရှင်းပြသည်။

လာမည့်နှစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဒုတိယတန်း(Grade 2)ကို သင်ရိုးသစ်ဖြင့် သင်ကြားမည်ဖြစ်သည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တတိယတန်းနှင့် ဆဋ္ဌမတန်း၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် စတုတ္ထတန်း၊ သတ္တမတန်း၊ ဒသမတန်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ပဉ္စမတန်း၊ အဋ္ဌမတန်း၊ ဒွါဒသမတန်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် နဝမတန်းနှင့် ဧကာဒသမတန်းကို သင်ရိုးသစ်ဖြင့် သင်ကြားမည်ဖြစ်သည်။

ကလောမြို့နယ်ကျောက်ကာအထက်တန်းကျောင်းခွဲ ကျောင်းအုပ် ဦးကိုကိုလေးက "ကျွန်တော်တို့က စနစ်ပြောင်းတာကို အရမ်းသဘောကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဆရာ၊ ဆရာမတွေမှာ စနစ်သစ်ကိုသင်နိုင်ဖို့ လိုအပ်ချက်တွေ ရှိနေတယ်။ အဲဒီတော့ သင်တန်းတွေပေးပြီး ဒီလိုတစ်ဆင့်ချင်းသွားတာက အဆင်ပြေတယ်" ဟု ပြောကြားသည်။

စနစ်သစ်အဖြစ် လက်ရှိသင်ကြားနေသော သူငယ်တန်းနှင့် ပထမတန်း သင်ရိုးသစ်များသည် စာမသင်ရသည့်အတွက် မိဘများက ကျေနပ်မှုသိပ်မရှိသော်လည်း သင်ရိုးသစ်အတွက် သတ်မှတ်ထားသောစံအရလည်း အောင်မြင်မှုရှိကြောင်းနှင့် လက်ရှိစနစ်အတိုင်း ဆက်လက်သွားရန် ဆရာ၊ ဆရာမ အင်အားထပ်မံဖြည့်ဆည်းလျှင် ပိုမိုအောင်မြင်နိုင်ကြောင်း ဦးကိုကိုလေးက မှတ်ချက်ပြုသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက "စနစ်ကလည်း အာဆီယံနိုင်ငံတွေရော ကမ္ဘာ့နိုင်ငံတွေထဲမှာပါ နှိုင်းယှဉ်ကြည့်ရင် မြန်မာနိုင်ငံက KG+12 စနစ်ကို ပြောင်းတာနောက်ကျနေပြီ။ နောက်ဆုံးရောက်နေတဲ့နိုင်ငံ ဖြစ်နေတယ်။ ဒါကို မြန်မြန်လုပ်မှ ဆရာတို့အဆင်ပြေမယ်။ ဒါကြောင့် ၂၀၂၂/၂၃ မှာပြီးသွားရင် ဘာပဲဖြစ်ဖြစ် ကမ္ဘာ့စနစ်နဲ့မီသွားမယ်။ အရည်အသွေးရှိအောင်လုပ်ဖို့က ဆရာတွေ၊ မိဘတွေ၊ ကျောင်းသားတွေမှာ တာဝန်ရှိတာပေါ့" ဟု ပြောကြားသည်။

KG+12 စနစ်သို့ဦးတည်ရာတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကစ၍ သူငယ်တန်း(KG) ကို သင်ရိုးညွှန်းတမ်းသစ်ဖြင့်လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပထမတန်း(Grade 1)ကို သင်ရိုးညွှန်းတမ်းသစ်ဖြင့်လည်းကောင်း စတင်ပြောင်းလဲသင်ကြားခဲ့သည်။ ■ J - 19

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏
KG + 12 ပညာရေးစနစ်သစ်ပြောင်းလဲမည့်အစီအစဉ်
စာသင်နှစ်အလိုက် ပြောင်းလဲသွားမည့်ပုံစံ

| စဉ် | စာသင်နှစ် | ပြောင်းလဲသင်ကြားမည့်အတန်း |
|---|---|---|
| ၁ | ၂၀၁၈-၂၀၁၉ | ဒုတိယတန်း |
| ၂ | ၂၀၁၉-၂၀၂၀ | တတိယတန်းနှင့် ဆဋ္ဌမတန်း |
| ၃ | ၂၀၂၀-၂၀၂၁ | စတုတ္ထတန်း၊ သတ္တမတန်းနှင့် ဒသမတန်း |
| ၄ | ၂၀၂၁-၂၀၂၂ | ပဉ္စမတန်း၊ အဋ္ဌမတန်းနှင့် ဒွါဒသမတန်း |
| ၅ | ၂၀၂၂-၂၀၂၃ | နဝမတန်းနှင့် ဧကာဒသမတန်း |

Credit- MOE



ဓာတ်ပုံ - Aung Thamade

# အကယ်ဒမီရွှေကြယ် အောင်သမာဓိရွှေဆိုင် လုပ်ကိုင်ခွင့်ရ

**မန္တလေး၊ မတ် ၁၇**

ရန်ကုန်မြို့တော်၌ မတ်လ ၂၃ ရက်နေ့တွင်ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် အကယ်ဒမီရုပ်တု၏ ရွှေကြယ်များကို အောင်သမာဓိစိန်၊ ရွှေ ရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းက လုပ်ခွင့်ရရှိထားကြောင်း ယင်းလုပ်ငန်း၏ ဈေးကွက်ရှာဖွေရေးမန်နေဂျာ ဒေါ်သက်သက်ဇင်က ပြောကြားသည်။

အလေးချိန်ငါးကျပ်သားစီရှိမည့် ရွှေကြယ်တစ်ခုလျှင် ကျပ် ၄၅ သိန်းနှုန်းဖြင့် ၁၃ ခုပြုလုပ်ပေးရမည်ဖြစ်၍ ကျပ်သိန်း ၆၀၀ နီးပါး ကုန်ကျမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်ကိုForever Group Co.,Ltd. အတူ အချိုးကျ ကျခံရမည်ဟု ၎င်းက ပြောဆိုသည်။

"ဒီနှစ်မှာ မင်းသား၊ မင်းသမီးတွေကို လက်ဝတ်ရတနာ မဆင်ပေးဖြစ်ဘူး။ ရွှေကြယ်ပဲပေးလိုက်တာ" ဟု ဒေါ်သက်သက်ဇင်က ရှင်းပြသည်။

အကယ်ဒမီရွှေကြယ်အတွက် ၁၅ ပဲရည်ရွှေကိုအသုံးပြုကာ စက်ဖြတ်ဒီဇိုင်းပြုလုပ်ထားကြောင်း၊ ယခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အစည်းအရုံးက ပေးထားသော ရွှေကြယ်ဒီဇိုင်းသည် ၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် အောင်သမာဓိရွှေသန့်စင်လုပ်ငန်းက ပြုလုပ်ပေးသည့် ဒီဇိုင်းပင်ဖြစ်ကြောင်း ယင်းလုပ်ငန်းထံမှသိရသည်။ ■ M-07

# ပညာရေးမဟာဘွဲ့သင်တန်း ဖွင့်မည်

**ရန်ကုန်၊ မတ် ၁၇**

ပညာရေးမဟာဘွဲ့(အရည်အချင်းစစ်) သင်တန်းကို လာမည့်ဇွန်လမှ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ယင်းတက္ကသိုလ်ထံမှ သိရှိရသည်။

ယင်းသင်တန်းသို့ ဘီအီးဒီရရှိထားပြီး ပညာရေးကောလိပ်များ၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနများတွင် တာဝန်ထမ်းနေသော လုပ်သက် ၅ နှစ်ရှိသူများ လျှောက်ထားနိုင်မည်ဖြစ်သည်။

လျှောက်ထားသူများသည် ပညာရေးစိတ်ပညာ၊ သင်ပြနည်း၊ ပညာရေးသဘောတရားနှင့် ကာယပညာနှင့် ကျောင်းကျန်းမာရေးဘာသာရပ်များအနက် ဘာသာရပ်တစ်ခုကိုသာ ရွေးချယ်လျှောက်ထားရမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲများ ဖြေဆိုရမည်ဖြစ်သည်။

ဝင်ခွင့်လျှောက်လွှာများကို ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် မတ်လ ၂၆ ရက်မှ ဧပြီလ ၁၈ ရက်အတွင်း ရယူလျှောက်ထားနိုင်မည်ဖြစ်သည်။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဧပြီလ ၂၃ ရက် ဖြေဆိုရမည်ဖြစ်ပြီး ဝင်ခွင့်နှုတ်ဖြေစာမေးပွဲကို ဧပြီလ ၂၈ ရက်တွင်ဖြေဆိုရမည်ဖြစ်သည်။

ဝင်ခွင့်လျှောက်လွှာများတင်သွင်းရာတွင် သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ထားသော အရာရှိများ၊ ကျောင်းအုပ်ကြီးများ၏ ဝန်ထမ်းဖြစ်ပြီး လုပ်သက်မှန်ကန်ကြောင်းနှင့် သင်တန်းဝင်ခွင့်ရရှိလျှင် အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်များ တင်ပြရမည်ဖြစ်သည်။

■ J - 19

# Hyundaiကားသစ် မိတ်ဆက်

**ရန်ကုန်၊ မတ် ၁၇**

ကိုရီးယားနိုင်ငံထုတ် Hyundai ကားများ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်ရောင်းချနေသော International KLMကုမ္ပဏီက Accent (RB) X Series 2018 မော်ဒယ်လ်ကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု ၁ လမ်းထောင့်ရှိ မြန်မာပလာဇာ၌ မတ်လ ၁၇ မှ ၁၈ ရက်နေ့အထိ မိတ်ဆက်လျက်ရှိကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

ထို့ပြင်အဆိုပါပွဲ၌ ယင်းကားကို ဝယ်ယူမည်ဆိုပါက အနည်းဆုံးငွေပေးချေမှုအနေနှင့် ကနဦးပေးသွင်းငွေအဖြစ် ကားတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၅၁၈၀ (ကျပ်သိန်း ၇၀ နီးပါး) ပေးသွင်း၍ ၃ နှစ်အရစ်ကျစနစ်ကို အတိုးမယူဘဲ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီက ဆိုသည်။

Hyundai Accent တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၂၅,၉၀၀ (ကျပ်သိန်း ၃၅၀ နီးပါး) ဖြစ်ပြီး သုံးနှစ် (သို့မဟုတ်) ကီလိုတစ်သိန်းအထိ အာမခံပေးထားကြောင်း Hyundai Myanmar ထံမှ သိရသည်။

■ S-04

# လှိုင်သာယာရှိ မီးဘေးသင့်ကျူးကျော်များကို အစိုးရဆောက်သည့် နေအိမ်များတွင် ယာယီနေထိုင်ခွင့်ပေးမည်

**ရန်ကုန်၊ မတ် ၁၇**

လှိုင်သာယာမြို့နယ်အတွင်း ယခုနှစ်ဖေဖော်ဝါရီက မီးဘေးသင့်ခဲ့သည့်ကျူးကျော်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက နေအိမ်များ ဆောက်လုပ်ပေးပြီးယခုလကုန်တွင် ယာယီနေထိုင်ခွင့်ပေးမည်ဖြစ်ကြောင်း လှိုင်သာယာမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ထံမှ သိရသည်။

ရန်ကုန်-ပုသိမ်လမ်းမဘေး၊ လှိုင်သာယာမြို့နယ်တွင် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်က ကျူးကျော်နေအိမ်တစ်ခုမှ ပေါ့ဆမီးကြောင့် မီးလောင်ခဲ့ရာတွင် နေအိမ် ၇၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးသင့်ကျူးကျော် နေထိုင်သူများကို ကျန်စစ်သားလမ်းမကြီးဘေးရှိ တိုင်းအစိုးရပိုင်မြေပေါ်တွင် ဆောက်လုပ်ထားသည့်နေအိမ်များ၌ နေရာချပေးမည်ဖြစ်ကြောင်း လှိုင်သာယာမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူက ပြောကြားသည်။

"အခု အိမ်ဆောက်တာ ပြီးစီးနေပြီ။ ဒီလကုန်လောက်ဆို နေခွင့်ပြုတော့မှာပါ။ အခု မီးဘေးသင့်ပြည်သူတွေထဲက ကျူးကျော်တွေအတွက် ထုတ်ပေးထားတဲ့ Smart Card ရှိတဲ့သူတွေကို စိစစ်ပြီး နေရာချပေးမယ်။ အခုနေရာက ယာယီထားမှာပါ။ အပိုင်ပေးတာ မဟုတ်ပါဘူး။ နေအိမ်တွေကို ရောင်းလို့မရဘူး။ ငှားလို့မရဘူး။ တခြားသူကိုလွှဲပေးတာ၊ ပေါင်နှံတာလုပ်လို့မရပါဘူး" ဟု ၎င်းက ဆိုသည်။

နေအိမ်ဆောက်လုပ်ရာတွင် ပေ၄၀၊ ပေ၂၀ ခန့်ရှိ အဆောက်အအုံတစ်ခုတွင် အခန်း လေးခန်း ပါရှိပြီး တစ်ခန်းလျှင်မိသားစု တစ်စုစီ ထားရှိမည်ဖြစ်ကြောင်းနှင့်ယခုလက်ရှိတွင် အခန်းလေးခန်းပါဝင်သည့် အဆောက်အအုံ ၁၈လုံး တည်ဆောက်ထားကြောင်း လှိုင်သာယာမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ထံမှ သိရသည်။

လက်ရှိတွင် မီးဘေးသင့်ပြည်သူများ အနေဖြင့် နေထိုင်ရန်အခက်အခဲ ရှိနေသောကြောင့် အများပြည်သူများ၏ လှူဒါန်းငွေဖြင့် နီးစပ်ရာ ရပ်ကွက်များတွင်အိမ်ငှားရမ်း၍ ယာယီနေထိုင် လျက်ရှိပြီးယခုလကုန်တွင် စတင် နေထိုင်နိုင်မည်ဖြစ်သည်။

■ J-10

# လမ်းအသုံးပြုသူအမျိုးသမီးများ ဥပဒေပိုင်းအရ လုံခြုံရေးအပြည့်အဝရရှိရန် ဆွေးနွေးပွဲကျင်းပ

**ရန်ကုန်၊ မတ် ၁၇**

မြန်မာနိုင်ငံအတွင်း လမ်းအသုံးပြုသူအမျိုးသမီးများ အမျိုးမျိုးသော ဖျက်ဆီးနှောင့်ယှက်ခံနေရခြင်းကြောင့် ဥပဒေပိုင်းအရ လုံခြုံရေးအပြည့်အဝရရှိရန်နှင့် အမျိုးသမီးများ အသိပညာဗဟုသုတရရှိရန် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများက မတ်လ ၁၇ ရက် တော်ဝင်နှင်းဆီခန်းမတွင် ဆွေးနွေးပွဲကျင်းပခဲ့သည်။

အဆိုပါပွဲတွင်အရပ်ဘက်အဖွဲ့အစည်းများ၊ အနုပညာရှင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှတာဝန်ရှိသူ၊ သတင်းမီဒီယာမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

"ဒီပွဲလေးရဲ့ အကျိုးရလဒ်က ဥပဒေရေးရာအရ ကျူးလွန်သူကို ထိထိရောက်ရောက်နဲ့ အမြင့်ဆုံး ပြစ်ဒဏ်သတ် မှတ်ပေးစေချင်တယ်။ ဒီလိုကိစ္စတွေလျော့ကျအောင် ဥပဒေပိုင်းအရ အားကောင်းကောင်းနဲ့ ကူညီပေးစေချင်တာပါ" ဟု ပွဲစီစဉ်သူဒေါ်သဲသဥ္ဇာက ဆိုသည်။

အမျိုးသမီးများအနေနှင့် မဖွယ်မရာပြုလုပ်ရန် ကြံစည်နေချိန်တွင် နီးစပ်ရာပတ်ဝန်းကျင်ကို အကူအညီတောင်းရန်လိုအပ်ပြီး ပတ်ဝန်းကျင်အနေနှင့်လည်း လုံခြုံရေးအတွက် အကာအကွယ်ပေးရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

"ဒီလိုကိစ္စမျိုး တစ်ချိန်ချိန်မှာကြုံလာရင် လုံးဝမကြောက်ဘဲ မိမိကိုယ်ကိုယ်ကာကွယ်ပါ။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ အပြင်ထွက်တဲ့အခါ ကိုယ့်လုံခြုံရေးအတွက် အပြည့်အဝပြင်ဆင်ပြီးမှထွက်ပါ။ ကာကွယ်တာက ကုသတာထက်ပိုပြီးထိရောက်ပါတယ်" ဟု ၎င်းက ဆိုသည်။

အစိုးရအနေနှင့် အမျိုးသမီးများအတွက် အကာအကွယ်ပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး အနုပညာများဘက်မှလည်း အသိပညာ ဗဟုသုတရရှိရန်တတ်နိုင်သည့်ဘက်မှ ကူညီမည်ဖြစ်ကြောင်း ဆွေးနွေးပွဲတွင် တက်ရောက်သူများက ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

"အနုပညာက လူတွေနဲ့ အနီးစပ်ဆုံးလို့ မြင်တယ်။ ပရိသတ်ရဲ့စိတ်ကို ညှို့နိုင်းတယ်လို့ထင်တယ်။ ဒါကြောင့် ကလေး၊ လူကြီး အတွေးမချော်အောင် အနုပညာရှင်တွေက တာဝန်ကြီးတယ်။ အဓိက အမှားအမှန်သိအောင် မြန်မြန်နဲ့ ချက်ချင်းရောက်နိုင်မယ့် ဇာတ်လမ်းတိုလေးတွေလုပ်ဖို့ရှိတယ်" ဟု အဆိုပါပွဲတွင် ပါဝင်ဆွေးနွေးခဲ့သည့် သရုပ်ဆောင် ဇင်ဇင်ဇော်ခိုင်ထူးကလည်း ဆိုသည်။

လုံခြုံရေးအပိုင်းအားနည်းခြင်းမှာ နိုင်ငံတိုင်းတွင်ရှိနေပြီး ဥပဒေချိုးဖောက်သူများရှိနေကြောင်း၊ ယင်းကိစ္စများကို လူ့အသိုင်းအဝိုင်းတစ်ခုအနေနှင့် မည်သို့ထိန်းချုပ်သင့်သည်ကို ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း ၎င်းက ပြောကြားသည်။ J-06

# ရေကြည်နှင့် ငါးသိုင်းချောင်းမြို့ဝင်ကြေး ကောက်ခံမှု ၆လ ရပ်ဆိုင်းမည်

**ပုသိမ်၊ မတ် ၁၇**

ဧရာဝတီတိုင်း ရေကြည်မြို့နယ်ရှိ ရေကြည်နှင့် ငါးသိုင်းချောင်း မြို့ဝင်ကြေး ကောက်ခံမှုကို မတ်လ အကုန်မှစတင်၍ ၆ လကြာ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

မတ်လ ၁၅ ရက်က ကျင်းပသည့် ဧရာဝတီတိုင်း အစိုးရအဖွဲ့အစည်းအဝေးတွင် ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြည်မြို့နယ်တွင် ရေကြည်၊ ငါးသိုင်းချောင်း၊ အသုတ်စသည့် မြို့သုံးမြို့အနက် အသုတ်မြို့ဝင်ကြေးသာ ပေးဆောင်ရမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်မြင့်ကပြောသည်။

ရေကြည်နှင့် ငါးသိုင်းချောင်း မြို့ဝင်ကြေးဖြင့် ရေကြည်မြို့နယ် စည်ပင်ဝန်ထမ်းများ၏ လစာနှင့် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို ပေးနိုင်ကြောင်း၊ ရပ်ဆိုင်းလိုက်သည့်အတွက် ဝင်ငွေရရှိရန် အခက်အခဲဖြစ်နေသဖြင့် ပြည်ထောင်စုအစိုးရထံ တင်ပြထားကြောင်း ၎င်းက ရှင်းပြသည်။

"ဧပြီလကစပြီး ပထမ ၆ လ ကောက်ခံတာ ရပ်ဆိုင်းပြီး ပြည်ထောင်စုအစိုးရက ဆက်ကောက်လို့ ရတယ်ဆိုရင်တော့ ဒုတိယ ၆ လပတ်မှာ ဆက်ကောက်မှာပါ။ ကောက်လို့မရဘူးဆိုရင်တော့ မကောက်ပါဘူး" ဟု ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့် ကပြောသည်။

အခြားမြို့နယ်များမှာ သက်ဆိုင်ရာမြို့အတွင်း ဝင်မှသာ မြို့ဝင်ကြေးပေးရသော်လည်း ရေကြည်၊ အသုတ်၊ ငါးသိုင်းချောင်းမြို့များမှာ ပုသိမ် -မုံရွာကားလမ်းဘေးရှိနေသဖြင့် မြို့ဝင်ကြေးမဟုတ်ဘဲ မြို့ဖြတ်ကြေးပေးနေရသကဲ့သို့ဖြစ်နေကြောင်း ပုသိမ်-ငါးသိုင်းချောင်း ခရီးသည်တင်ယာဉ်မောင်းအချို့က ပြောသည်။

ငါးသိုင်းချောင်းမြို့အဝင် ဘီးခွန်ဂိတ်မှ တစ်နှစ်လျှင် ကျပ်သိန်း ၃၀၀ ကျော်ရရှိပြီး ရေကြည်မြို့ဝင်ကြေးဂိတ်မှ တစ်နှစ်လျှင် ကျပ်သိန်း ၄၀၀ ကျော် ကောက်ခံရကြောင်း၊ ယင်းဂိတ် ၂ ဂိတ်ပေါင်း ရရှိငွေဖြင့် ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကောက်ခံရှိသည့် အခွန်ငွေများ၏ ၃၀ ရာခိုင်နှုန်းကျော်ရှိကြောင်း စည်ပင်သာယာရေးအဖွဲ့ထံမှသိရသည်။ ■ R-12

# မိုင်းဆတ်တွင် ကျပ်သိန်း ၉၀၀ ခန့် မူးယစ်ဆေးဖမ်းမိ

**ကျိုင်းတုံ၊ မတ် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မိုင်းတုံ-မိုင်းဆတ်လမ်း ၁၂ မိုင် ခြေတော်ရာသွားလမ်းဆုံအနီးတွင် မတ်လ ၁၆ ရက် နံနက်ပိုင်းက ဆိုင်ကယ်စီးနင်းလာသော လူငယ်တစ်ဦးထံမှ ကျပ်သိန်း ၉၀၀ကျော်ဖိုး မူးယစ်ဆေးများ ဖမ်းမိခဲ့ကြောင်း မိုင်းဆတ်မြို့ အမှတ်(၂၉) မူးယစ်တပ်ဖွဲ့စုထံမှ သိရသည်။

အဆိုပါ လမ်းဆုံအနီးတွင် ပူးပေါင်းအဖွဲ့က စစ်ဆေးစဉ် ဆိုင်ကယ်စီးလာသော လူငယ်နှစ်ဦးက ဆိုင်ကယ်ကိုလှဲချကာ ချောက်ထဲ ထွက်ပြေးခဲ့ကြောင်း၊ ယင်းသို့ ထွက်ပြေးစဉ် လိုက်လံဖမ်းဆီးရာမှ ကိုယာကို (ခ)ကျရှဲ (ခ)ကျဘို ဆေး(၁၈နှစ်)ထံမှ ဘိန်းဖြူ ၁၁၅ ဂရမ်နှင့် စိတ်ကြွဆေးပြား ၈၀၀၀၀ကို ဖမ်းမိကြောင်း၊ ဖမ်းမိထားသူနှင့် ထွက်ပြေးသူတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မများဖြင့် အမှုဖွင့်ထားကြောင်း ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ■ R-16




# ဆီဆိုင်တွင် နှစ်လောင်းပြိုင် လူသတ်မှုဖြစ်

**ရန်ကုန်၊ မတ် ၁၇**

ရှမ်းပြည်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ ပန်လွန်ကျေးရွာတွင် ဇနီးချင်း စကားများရန်ဖြစ်ထားသည့်ကိစ္စနှင့် ပတ်သက်၍ ခင်ပွန်းဖြစ်သူများပါ ထပ်မံစကားများရန်ဖြစ်ခဲ့ရာမှ နှစ်လောင်းပြိုင် လူသတ်မှု ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

လူသတ်မှုကျူးလွန်သူဟု ယူဆရသူ အသက် ၃၂ နှစ် စိုင်းကီး(ခ) အိုက်ကီးမှာ မတ်လ ၁၅ ရက် မွန်းလွဲပိုင်းက တစ်ရွာတည်းနေ စိုင်းဆု၊ စိုင်းအွမ်တို့နှင့်အတူ အရက်အတူ ထိုင်သောက်ခဲ့ကြောင်း၊ ယင်းနောက် အရက်မူးလာစဉ် ၎င်းတို့ ဇနီးများ စကားများရန်ဖြစ်ထားသည့်ကိစ္စနှင့် ပတ်သက်ပြီး ၎င်းတို့အချင်းချင်းပါ ထပ်မံစကားများ ရန်ဖြစ်ခဲ့ရာမှ စိုင်းကီး(ခ) အိုက်ကီးက ဓားဖြင့် ခုတ်ခဲ့သောကြောင့် အသက် ၄၁ နှစ် စိုင်းအွမ်နှင့် အသက် ၄၆ နှစ် စိုင်းဆုတို့မှာ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

"မိန်းမတွေအချင်းချင်း ရန်ဖြစ်ထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး မကျေနပ်ချက်ကို အရက်မူးလာချိန်မှာ ထပ်ပြောကြရာက လူသတ်မှု ဖြစ်ခဲ့တာလို့ သိရတယ်။ တရားခံကိုဖမ်းမိထားပါတယ်" ဟု ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူး အုန်းလွင်က ပြောကြားသည်။

စိုင်းကီး(ခ) အိုက်ကီးကို ဆီဆိုင်မြို့နယ်ရှိ ဘန်းယာဉ် နယ်မြေ ရဲစခန်း၌ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

# KTV ဆိုင်သို့ သီချင်းလာဆိုသူနှစ်ဦးထံမှ တစ်သောင်းတန်ငွေစက္ကူအတုများ ဖမ်းမိ

**ရန်ကုန်၊ မတ် ၇**

လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်ရှိ KTV ဆိုင်တစ်ဆိုင်တွင် မတ်လ ၁၆ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က သီချင်းလာဆိုသည့် အမျိုးသားနှစ်ဦးထံမှ တစ်သောင်းတန်ငွေစက္ကူအတုများ ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

လှိုင်သာယာမြို့နယ်၊ အပြင်ပဒံကျေးရွာတွင် နေထိုင်သူ အသက် ၃၁ နှစ်အရွယ် ကိုဇော်ဇော်မြင့်နှင့် အသက် ၃၆ နှစ်အရွယ် ကိုဝင်းဘို(ခ)ဘိုကြီးတို့သည် ယင်းနေ့က တစ်သောင်းတန်ငွေစက္ကူများဖြင့် လာရောက်သီချင်းဆိုစဉ် မသင်္ကာဖွယ်ရာတွေ့ရှိသဖြင့် ရဲတပ်ဖွဲ့သို့ အကြောင်းကြားရာမှ ဝင်ရောက်စစ်ဆေးရှာဖွေခံရပြီး ငွေစက္ကူအတုဟု ယူဆရသော တစ်သောင်းတန်ငွေစက္ကူ ၁၂ ရွက်နှင့်အတူ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း အမှုဖွင့်တိုင်တန်းချက်အရ ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဆိုင်ကနေဖုန်းလှမ်းဆက်အကြောင်းကြားတာပါ။ အခုဖမ်းဆီးခံရသူတွေက လျော်ကြေးငွေအဖြစ်ရရှိတဲ့ ၇၅ သိန်းကို ဘဏ်ကနေထုတ်လာတာလို့ ကနဦးစစ်ဆေးချက်အရ သိရတယ်။ အဲဒီထဲကနေ အတုလို့ယူဆရတဲ့ ၁၂ ရွက် တွေ့ခဲ့တာ။ ဘယ်ကနေ ဘယ်လိုပါလာတာလဲတော့ မသိဘူး။ အသေးစိတ်သိရဖို့ CID နဲ့ ပေါင်းစစ်ဆေးနေတယ်။ အခုအဖမ်းခံရသူတွေကတော့ လက်ဝယ်တွေ့ရှိတဲ့အတွက် အမှုဖွင့်အရေးယူထားတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

တစ်သောင်းတန်ငွေစက္ကူအတု ၁၂ ရွက်နှင့်အတူ ဖမ်းမိသည့် အမျိုးသားနှစ်ဦးကို ဥပဒေအရ အရေးယူပေးပါရန် လှိုင်သာယာမြို့မရဲစခန်းမှ ဒုရဲအုပ်ရန်နိုင်လင်းက တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားသဖြင့် ယင်းမြို့မရဲစခန်းက (ပ) ၁၀၂၇/၁၈၊ ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားသည်။

■ J 16

# မူးယစ်ရမ်းကားနေသူကို သွားရောက်တားမြစ်ရာမှ ပုလင်းကွဲဖြင့် အထိုးခံရ

**ရန်ကုန်၊ မတ် ၁၇**

မှော်ဘီမြို့နယ်၊ ဘွက်ကြီးကုန်းကျေးရွာရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် အရက်မူးပြီး ရမ်းကားနေသည့် အမျိုးသားတစ်ဦးကို သွားရောက်တားမြစ်သူ အသက် ၄၆ နှစ် အမျိုးသားမှာ ရင်အုံကို ပုလင်းကွဲဖြင့် အထိုးခံရကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ပုလင်းကွဲဖြင့် အထိုးခံရသူမှာ ယင်းဆိုက်ထဲရှိ အလုပ်သမားတစ်ဦးဖြစ်ပြီး မတ်လ ၁၅ ရက် ညနေ ၆ နာရီက အသက် ၂၆ နှစ် အရှည်ကြီး(ခ) နေလင်းအောင်မှာ အရက်သေစာသောက်စားမူးယစ်ပြီး သောင်းကျန်းနေသောကြောင့် ရမ်းကား မှုမပြုလုပ်ရန် သွားရောက်တားမြစ်စဉ် အရှည်ကြီး(ခ) နေလင်းအောင်က အရက် ပုလင်းခွံကို ရိုက်ခွဲ၍ ပုလင်းကွဲဖြင့် ထိုးခဲ့ခြင်းဖြစ်သည်။

"ပြစ်မှုကျူးလွန်သူက ဆောက်လုပ်ရေးဆိုက်ထဲက အလုပ်သမားပါ။ မူးပြီးသောင်းကျန်းနေလို့ ဆိုက်ထဲက အလုပ်သမားတွေက ဆိုက်တာဝန်ရှိသူထံ ဖုန်းဆက်အသိပေးလိုက်တယ်။ တာဝန်ရှိသူက မူးနေတဲ့သူကို မသောင်းကျန်းအောင် ထိန်းသိမ်းပေးဖို့ အကူအညီတောင်းလို့သွားတားမြစ်ပေးတဲ့အလုပ်သမား ပုလင်းကွဲနဲ့ အထိုးခံရတာ။ ပြစ်မှုကျူးလွန်သူကို အရေးယူထားပါတယ်" ဟု ရဲအရာရှိက ပြောသည်။

အဆိုပါဖြစ်စဉ်မှ ရင်အုံကို ပုလင်းကွဲဖြင့် ထိုးခံရသည့် အမျိုးသားအား မှော်ဘီမြို့နယ်ဆေးရုံသို့ တင်ပို့ထားပြီး အပြင်းအထန် နာကျင်ဒဏ်ရာများ ရရှိအောင် ပြုလုပ်သည့် အရှည်ကြီး(ခ) နေလင်းအောင်ကို မှော်ဘီမြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၅၇၇၂

# မှုခင်းသတင်းတိုများ

■ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၇၁)ရပ်ကွက်၊ (၇၁)ဈေးအနောက်လမ်းမတွင် ဇန်နဝါရီလပိုင်းက SUNBO အမျိုးအစား ဆိုင်ကယ်ကို ခိုးယူပြီး ငွေရှစ်သောင်းကျပ်ဖြင့် ရောင်းစားခဲ့သည်ဟုဆိုသော အသက် ၂၀ အရွယ် အမျိုးသားတစ်ဦးကို မတ်လ ၁၆ ရက် နံနက် ၁၀ နာရီခွဲခန့် က ဖမ်းဆီးပြီး ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၇၉/၅၄ ဖြင့် အမှုဖွင့်ထားသည်။

■ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ မအူပင်လမ်းပေါ်တွင် မတ်လ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က လောင်းကစားပြုလုပ်နေကြောင်း သတင်းရရှိထားသူ အသက် ၄၇ နှစ်အရွယ် အမျိုးသားတစ်ဦးကို ရှာဖွေစစ်ဆေးရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများကို တွေ့ရှိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်ထားသည်။

■ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းရပ်ကွက်၊ ဓမ္မာရုံလမ်းပေါ်တွင် ရပ်တန့်ထားသော Super Anbo ဆိုင်ကယ် တစ်စီးမှာ မတ်လ ၁၄ ရက် ညနေ ၄ နာရီခန့်က ပျောက်ဆုံးသွားပြီး မတ်လ ၁၅ ရက်နေ့ ညနေ ၄ နာရီခန့်က ပြန်လည်တွေ့ရှိခဲ့သဖြင့် ဆိုင်ကယ်ခိုးယူသွားသည်ဟုဆိုသော အသက် ၁၈ နှစ်အရွယ် အမျိုးသားကို ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် အမှုဖွင့်ထားသည်။

■ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၅၁)ရပ်ကွက်၊ သရဖီလမ်းရှိ နေအိမ်တစ်လုံးတွင် မတ်လ ၁၄ ရက် ည ၈ နာရီခွဲခန့်က အကြွေးနှစ်ထောင်သွားတောင်းသည့် အသက် ၅၀ အရွယ် အမျိုးသမီးတစ်ဦးကို အကြွေးတောင်းခံရသူ အသက် ၂၅ နှစ်အရွယ် အမျိုးသားက ဓားဖြင့်ထိုးရာ ကြားမှ ဝင်ရောက်တားမြစ်သူ အသက် ၃၂ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဓားထိုးခံရပြီး မြောက်ဥက္ကလာပဆေးရုံကြီးသို့ အတွင်းလူနာ(စိုးရိမ်ရ)အဖြစ် တင်ပို့ကုသထားရသည်။

■ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ ကွမ်းခြံလမ်း၊ အောင်ဆန်းကွင်းဘက်မှ ဘူတာကြီးဘက်သို့ မောင်းနှင်လာသောအဖြူရောင်ယာဉ်တစ်စီးသည် မတ်လ ၁၆ ရက်ည ၁၁ နာရီခွဲခန့်က ရိုးမဘဏ်ဝင်ပေါက်အနီးတွင် အရှိန်မထိန်းနိုင်ဘဲ အသက် ၃၉ နှစ်အရွယ် လုံခြုံရေးဝန်ထမ်းအမျိုးသားနှင့် ဘဏ်အတွင်းရပ်ထားသောယာဉ်တစ်စီးကို ဝင်တိုက်ရာ ယာဉ်နှစ်စီးပျက်စီးပြီး ယာဉ်တိုက်ခံရသူ အမျိုးသားတွင် ထိခိုက်ဒဏ်ရာများရရှိကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသထားရသည်။

J 16

စေတနာ မေတ္တာဖြင့်သတိပေးခြင်း

# ကိုယ်ပိုင်ဟန်ဖြင့် ဘဝကို တည်ဆောက်ကြသူများ

## ရေမွှေးဖြင့် ဘဝကိုစိန်ခေါ်ခဲ့သူ

**ရှီတယ်ရှား**၏ အဓိကပန်းတိုင်မှာ ရေမွှေးထုတ်လုပ်ချင်သူဖြစ်သည်။ သူက ရေမွှေးကို ဝါသနာပါသည်။ ထို့ကြောင့် နွေရာသီကျောင်းပိတ်ရက်တွင် ရေမွှေးလုပ်သည့်လုပ်ငန်းထဲဝင်ကာလေ့လာမိသည်။ ရေမွှေးကို လေ့လာရင်းက စီးပွားရေးလုပ်ငန်း အသွင်ပြောင်းပြီး ငွေရှာသည်။ ငွေရလာပြန်တော့လည်း ကလေးဆေးရုံတွေကို အရုပ်လေးတွေ လိုက်လှူကာ ပျော်မွေ့တတ်သူဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်တစ်ရက်တွင် ရှားသည် အိန္ဒိယနိုင်ငံ အထက်တန်းစာမေးပွဲဖြေပြီးခါစ ဖြစ်သည်။ ထိုစာမေးပွဲသည် CGSE အဆင့် စာမေးပွဲနှင့်ညီသည်။ စာမေးပွဲဖြေအပြီး A levels စာမေးပွဲကိုဆက်ဖြေရန် စာရင်းသွင်းပြီး ကျောင်းသုံးလနားထားသဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ အနီးနားတွင် ဖယောင်းတိုင်လုပ်ငန်း၊ ဂရပ်ဖစ်ဒီဇိုင်းသင်တန်း၊ အချက်အပြုတ်သင်တန်းတွေရှိသည်။ မိခင်ဖြစ်သူက ကျောင်းပိတ်ရက်တွင် သင်တန်းတစ်ခုခု တက်ထားစေချင်သည်။

တစ်နေ့ သူလက်ကမ်းကြော်ငြာတစ်ခုရလိုက်သည်။ ရေမွှေးလုပ်နည်းသင်တန်း ဖြစ်သည်။ သူက ရေမွှေးလုပ်ငန်းကို စိတ်ဝင်စားသည်။ ဓာတုဗေဒသဘောတရားတွေနှင့်လည်း ပတ်သက်နေသည်။ သူက ရေမွှေးလုပ်နည်းသင်တန်းကို သွားတက်သည်။

သင်တန်းက နှစ်ရက်သာကြာသည်။ ရေမွှေးလုပ်နည်း၊ စပ်နည်း၊ ရောနည်းတွေကို သင်ပေးခြင်းဖြစ်သည်။ သင်တန်းက ရက်တိုတိုလေးဖြစ်သော်လည်း သူသဘောတရားတွေကို ရလိုက်သည်။ ထို့ကြောင့် အိမ်ပြန်ရောက်လာသည့်အခါတွင် ဖခင်ဖြစ်သူကို ရေမွှေးထဲထည့်ရသည့် ပစ္စည်းများ၊ ဆေးများ သွားဝယ်ခိုင်းသည်။ ကုန်ကြမ်းတွေ အိမ်ရောက်လာသည့်အခါတွင် ရှားတစ်ယောက် အိမ်တွင် ရေမွှေးတွေ စမ်းထုတ်တော့သည်။ သူထုတ်ထားသည့် ရေမွှေးတွေကိုလည်း အမည်တွေ အမျိုးမျိုးလျှောက်ပေးသည်။ စပယ်၊



နှင်းဆီ၊ လိုင်လီ၊ စတော်ဘယ်ရီ စသည်ဖြင့် ပေးပြီး ဖော်မြူလာတွေကို မှတ်သားထားသည်။ သူထုတ်လုပ်ထားသည့်ရေမွှေးတွေကို သူငယ်ချင်းများအား နမူနာပေးပြီး စမ်းသုံးခိုင်းသည်။ အစောပိုင်းတွင် စီးပွားရေးကို စိတ်ကူးမိခြင်းမရှိသေး။ ထုတ်လုပ်နိုင်ရေးအတွက် တီထွင်နိုင်ရေးကိုသာ စိတ်သန်ပြီး လုပ်ဆောင်နေခြင်းဖြစ်သည်။

သူ့ရေမွှေးတွေကို သူငယ်ချင်းတွေကလည်း ကြိုက်လာသည်။ အချင်းချင်းလက်တို့သဖြင့် ဝယ်လိုမှုတွေရှိလာသည်။ ထုတ်ရောင်းကြည့်ရာ အကျိုးအမြတ်တွေရှိလာသည်။ ရလာသည့် အကျိုးအမြတ်တွေကို ကလေးဆေးရုံသို့ အရုပ်လေးများဝယ်ပြီး လိုက်လှူသည်။ ထိုအလှူကပင် သူ့စီးပွားရေးကို လူတွေပိုပြီးသိလာစေသည်။

သူက ရေမွှေးထုတ်သည့် ဖော်မြူလာတွေကို တစ်ဦးတည်းသိမ်းထားသည်။ မည်သူ့ကိုမှမပေး။ သူ့ရေမွှေးတွေက ဈေးလည်းသက်သာသဖြင့် ဆိုင်ကြီးတွေက ဝယ်ယူရန်ကမ်းလှမ်းလာသည်။ သူက အစောပိုင်းတွင် သူငယ်ချင်းတွေ၏ မွေးနေ့တိုင်းကို ရေမွှေးတွေလက်ဆောင်ပေးရာက ပိုပြီးနာမည်ရလာပြန်သည်။ သူငယ်ချင်းနှင့် မိသားစုတွေက သုံးစွဲရင်း သတင်းဖြန့်ပေးကြသည်။

အိမ်တွင်းထုတ်လုပ်ငန်းလေးဖြစ်သဖြင့် ကျယ်ပြန့်စွာမလုပ်နိုင်သေး။ တစ်ယောက်တည်း အိမ်တွင်ထုတ်လုပ်နေရသဖြင့် နွေရာသီနားရက်လည်း အနားမယူနိုင်တော့။ သူက အားလပ်ရက်ကိုစီးပွားရေးအတွက် စမ်းသပ်ချိန်ကာလတစ်ခုအဖြစ် ပြောင်းလဲလိုက်နိုင်ခဲ့သည်။

ရေမွှေးကိုအမှာတွေကျလာသော်လည်း သူ့တွင် အစုအပြုံလိုက် ထုတ်လုပ်နိုင်သည့် အင်အားလည်း မရှိ၊ ငွေကြေးလည်းမရှိဖြစ်နေသည်။ လက်ဆောင်ပေးလိုသူတွေကလည်း သူ့ဆီကို တိုက်ရိုက်လာဝယ်ကြသည်။ ရေမွှေးက ကိုယ်တိုင်သုံးရန် ထုတ်လုပ်ခြင်းသာဖြစ်ကြောင်း ပြောကြားချက်က လူတွေကို ပိုစိတ်ဝင်စားစေခဲ့သည်။ သူ့ရေမွှေးကို ဆိုရှယ်မီဒီယာပေါ်တွင် သူငယ်ချင်းတွေက သတင်းဖြန့်ပေးသော်လည်း သူက ဆိုရှယ်မီဒီယာပေါ်တွင် မကြော်ငြာရဲပေ။ တစ်ဆင့်စကားဖြင့်သာ သူ့ရေမွှေးက နာမည်ကျော်နေခြင်းဖြစ်သည်။

သူ တက္ကသိုလ်ရောက်လာသည့်အခါတွင်လည်း တီဗီလိုင်းတွေက သူ့ကိုစိတ်ဝင်စားစွာဖြင့် ရိုက်ကူးရန်နှင့် အင်တာဗျူးရန် ကမ်းလှမ်းကြသည်၊ ထို့ပြင် သူ့ကျောင်းကပါ သူ့ကို ကျောင်းသားများအား ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို မည်သို့ထူထောင်ပြီး စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်အောင် လုပ်မည်နည်းဆိုသည့် ဟောပြောပွဲတွေကို စီစဉ်ပေးပြီး ဟောပြောပို့ချခိုင်းသည်။

သူ့လုပ်ငန်းတွင် အမှားတွေများစွာကို သင်ခန်းစာယူပြီး အောင်မြင်လာရခြင်းဖြစ်သည်။ စာတွေနှင့်လက်တွေ့ကို အကြိမ်ကြိမ်ပေါင်းစပ်နိုင်စေရန် လေ့ကျင့်ဖော်စပ်နိုင်ခြင်းက အောင်မြင်မှုကို ရရှိနိုင်ခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်ကိုလည်းတက်၊ အလုပ်ကိုလည်း ကြိုးစားရင်းက ဒုတိယနှစ်ရောက်မှ သူ့ဘဝကို မည်သည့်ပညာ ဆက်လက် သင်ယူရမည်ကို ဆုံးဖြတ်နိုင်ခဲ့သည်။

သူက ကျောင်းတွင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာပညာရပ်တွေကိုလည်း လေ့လာသင်ယူခဲ့သည်။ ဈေးကွက်နှင့် ငွေကြေးဆိုင်ရာသင်တန်းတွေတက်ခဲ့သည်။ သူ့တွင် လုပ်ငန်းကရှိနေပြီ။ ကိုယ်ပိုင်ငွေဖြင့် လုပ်ငန်းကြီးတစ်ခုကို စတင်ရန် သူအားယူနေပြီဖြစ်သည်။ သူ ယခုသင်ယူနေသည်မှာ ကိုယ်ပိုင်ကုမ္ပဏီထောင်ပြီး စီမံအုပ်ချုပ်သူဘဝမျိုးကို ရောက်ရန်ဖြစ်သည်။

ဘဝဆိုသည်မှာ အလွယ်တကူဖြစ်လာသည်ဆိုခြင်းကို ရှားက လက်မခံ။ သူက အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်ရုန်းကန်ရင်းက အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်။ သူ့စိတ်ကူးသူ့လုပ်ဆောင်ချက်များကို သဘောကျသဖြင့် ငွေထုတ်ပေးရန် ကမ်းလှမ်းလာသူများလည်းရှိသည်။ သို့သော် သူက သူ့ကိုယ်ပိုင်ငွေကြေးများဖြင့်သာ စွန့်စားလုပ်ဆောင်သွားရန်ဆုံးဖြတ်ထားသည်။ ရှားက

"ကျွန်မ စိန်ခေါ်မှုတွေကို ကြုံတွေ့လာရတိုင်း အကောင်းမြင်ကြည့်တယ်။ ကျွန်မ ကျော်လွှားနိုင်မယ်လို့ ယုံကြည်စိတ်ထားတယ်။ ပြီးတော့ ကျော်လွှားပစ်လိုက်တယ်"ဆိုသည့်စကားမှာ လူငယ်အမျိုးသမီး တစ်ယောက်၏ အားမန်ပါသော လေးစားဖွယ်ရာစကားဖြစ်သည်။

■ E01

# စိန်ခေါ်မှုများကို အခွင့်အရေးအဖြစ် ပြောင်းလဲသူ



**ဂျိုနာပေ့ါ**သည် မူလက ကော်ဖီဆိုင် တစ်ဆိုင်တွင်လစာနည်း နည်းဖြင့်ဘဝကို စတင်ခဲ့ရသူဖြစ်သည်။ ကော်ဖီဆိုင်တွင်လုပ်ရင်း သူ့ဘဝကိုသူပြန်ပြီး သုံးသပ်ကြည့်သည်။ ဤအတိုင်းနေလျှင် မတိုးတက်နိုင်။ ကိုယ်ပိုင်စီးပွားရေးတစ်ခုခု ထူထောင်ရန်စဉ်းစားသည်။ ယခု သူကကိုယ်ပိုင်ဖက်ရှင်ဆိုင်ကြီးတစ်ဆိုင် ထူထောင်နိုင်ခဲ့ပြီ။

သူ့ဘဝတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ဆောင်နိုင်လိမ့်မည်ဟု မထင်ခဲ့။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုနှင့် စီးပွားဖြစ်အောင် မည်သို့ လုပ်ဆောင်ရမည်နည်း။ သူ့အသက်က ၂၄ နှစ်ရှိပြီဖြစ်ကာ ဘွဲ့လည်းရပြီးပြီ။ ကော်ဖီဆိုင်တွင် မန်နေဂျာဘဝနှင့် လုပ်ကိုင်နေရင်းက ကိုယ်ပိုင်လုပ်ငန်းကို ထူထောင်ချင်လျှင် ကိုယ်တိုင် မစွန့်စား မလုပ်ဆောင်ဘဲမရဆိုသည့် အတွေးဝင်လာသည်။

သူ အလုပ်က ၆ လခန့်ခွင့်ယူလိုက်သည်။ အလုပ်တစ်ခုကို မဆုတ်မနစ် စူးစိုက်ပြီး မဖြစ်ဖြစ်အောင် လုပ်ဆောင်နိုင်သည့် သူ့စိတ်ဓာတ်ကို သူယုံသည်။ သူက ဆိုင်တစ်ဆိုင်ထောင်လိုက်သည်။ သူထောင်လိုက်သည့်ဆိုင်က ဖက်ရှင်ဆိုင်ဖြစ်သည်။ သူ့အမှန်တကယ် စိတ်ဝင်စားသည်က အဝတ်အစားဒီဇိုင်းများဖြစ်သည်။

ကော်ဖီဆိုင်တွင် စားဝတ်နေရေးအဆင်ပြေသည့်လစာဖြင့် လုပ်ကိုင်နေရခြင်းကို လုံးဝစွန့်လွှတ်လိုက်သည်။ သူရွေးချယ်ထားသည့်လမ်းကို ဆက်လျှောက်ရန် ပိုင်နိုင်စွာ ဆုံးဖြတ်လိုက်သည်။ သူ ဖက်ရှင်နှင့် အဝတ်အစားအကြောင်းကို သိသည်က နည်းနည်းသာဖြစ်သည်။ သို့သော် သူစခဲ့သည့်ခရီးကို အပြီးတိုင်ဆက်လျှောက်ရန် ဆုံးဖြတ်ပြီး နောက်လှည့်မကြည့် ထွက်လာခဲ့သည်။

ပထမဆုံး ဖက်ရှင်ဆိုင်လေးဖွင့်ပြီးချိန်တွင် နာမည်ကျော်တံဆိပ်တွေကိုတင်သည်။ အွန်လိုင်းကရောင်းသည်။ ပွဲထိုင်အဝတ်တွေကိုလည်း ဝန်ဆောင်မှုပေးသည်။ သတို့သမီးဝတ်စုံတွေကိုလည်း အော်ဒါလက်ခံသည်။ စကော့တလန်လိုနိုင်ငံတွင် ကိုယ်ပိုင်ဒီဇိုင်းနှင့် စိတ်ကူးကောင်းကောင်းဖြင့် အထည်လုပ်ငန်းထဲ ဝင်ရသည်မှာ သိပ်တော့မလွယ်။ သို့သော် အလုပ်အပေါ် မြတ်နိုးသည့်စိတ်နှင့် မဖြစ်ဖြစ်အောင် လုပ်ချင်စိတ်တို့ကြောင့် သူ့လုပ်ငန်းလေး ရပ်တည်နိုင်လာသည်။

ပထမတစ်နှစ် ဆိုင်ထူထောင်ပြီးချိန်တွင် လုပ်ငန်းက အရှုံးပေါ်သည်။ သို့သော် အားမလျှော့ ဆက်ပြီးရုန်းကန်ရန် ဆုံးဖြတ်သည်။ သူက အထက်တန်းစားသူဌေးများအတွက် အဝတ်အထည်တွေကို လုပ်မည့်အစား သာမန်လူတိုင်းဝတ်ဆင်နိုင်မည့် အနေအထားကို အဘယ်ကြောင့် မလုပ်နိုင်ရမည်နည်းဆိုသည့် သူ့ဒုတိယလိုင်းဘက်ကို ကူးလိုက်သည်။

သူက လိုအပ်သည့် အပ်ချုပ်စက်များဝယ်သည်။ အပ်ချုပ်သမများငှားသည်၊ အထည်ချုပ်စက်ရုံ အသေးစားလေးတစ်ခုကို ထူထောင်ပြီး ကိုယ်ပိုင်အထည်များကို ထုတ်လုပ်ကြည့်သည်။ သူက စိတ်ကူးပေါ်သည့်အတိုင်း ထလုပ်ကြည့်သည်။ သူ့လမ်းကြောင်းက မှန်သွားသည်။ တစ်ရက်ကို ၂၄ နာရီလောက် မအိပ်မနေ ကိုယ်တိုင်ကြိုးစားခဲ့ရသည်။

သူ့အတွက် အထောက်အကူ အပေးဆုံးမှာ ဆိုရှယ်မီဒီယာဖြစ်သည်။ သူက Facebook ကို သုံးသည်။ Facebook ပေါ်တွင် သူ့လုပ်ငန်းအကြောင်း၊ သူ့ထုတ်ကုန်တွေအကြောင်းကို တင်ကြည့်သည်။ လူတွေဆီကို မည်မျှ စိတ်ဝင်စားနိုင်သနည်းဟု စမ်းသပ်ပြီး လွှတ်လိုက်ခြင်းဖြစ်သည်၊ လူတွေက မထင်မှတ်လောက်အောင် တုံ့ပြန်အားပေးလာကြောင်း တွေ့ရသဖြင့် အားတက်သွားသည်။

ထို့ပြင် တစ်ဆင့်စကား တစ်ဆင့်ပါးခြင်းကလည်း သူ့အထည်တွေကို လူကြိုက်များလာစေသည့်အကြောင်းဖြစ်သည်။ သူ့တွင် ဖောက်သည်သစ်တွေတိုးလာသည်။ ထုတ်လုပ်အားကလည်းရှိလာသည်။ ဝင်ငွေက တစ်လအတွင်း တက်လာသည်။

သူက တစ်ပတ်လျှင် ၆ ရက် မနားတမ်းလုပ်သည်။ ကျန်တစ်ရက်ကလည်း ဈေးကွက်ကို လိုက်လေ့လာသည်။ အခက်အခဲတွေကို ကျော်ဖြတ်နိုင်ရန် အမြဲစဉ်းစားနေရသည်။ မည်မျှအခက်အခဲ ကြုံသည်ဖြစ်စေ အကောင်းမြင်စိတ်ဖြင့် ကျော်လွှားနိုင်စေရန် ကြိုးစားသည်။ ကုန်စည်ပြပွဲတွေ လျှောက်ကြည့်သည်။ ဖက်ရှင်ပွဲတွေကိုတက်သည်။ ဓာတ်ပုံတွေ ရိုက်ထားသည်။ ပြန်လေ့လာသည်။ တီထွင် ထုတ်လုပ်သည်။

သူ့ဆောင်ပုဒ်က ရှင်းပါသည် 'ကြိုးစား၊ ကြိုးစား၊ ကြိုးစား' ဖြစ်သည်။ လုပ်ငန်းထဲတွင် စူးစိုက်နေပါ။ အခက်အခဲတွေကို ရင်ဆိုင်နိုင်စွမ်း၊ ကျော်ဖြတ်နိုင်စွမ်းများ ရှိလာပါလိမ့်မည်ဟု သူကဆိုသည်။ စိုးရိမ်သောကတွေနှင့် အချိန်မဖြုန်းပါနှင့်။ ပြောင်းသင့်လျှင် ရဲရဲပြောင်း။ အဟောင်းကိုသင်ခန်းစာယူ။ ဘာကိုမှ သေးနုတ်သည်မထင်နှင့်။ သေးသေးလေးက လုပ်ငန်းအောင်မြင်ရေးအတွက် အကြီးကြီးဖြစ်သွားနိုင်သည်ဆိုခြင်းမှာ မှတ်သားဖွယ်ကောင်းသည့် သူ၏ လမ်းညွှန်စကားဖြစ်သည်။

■ E01

(Ref: Female Entrepreneurs)

# ကမ္ဘာတစ်လွှား ထူးဆန်းသော အထိမ်းအမှတ် ရုပ်တုများ

မိုးစက်

## ဝါပိုးရုပ်တု

မြို့ကြီးများတွင် အများအားဖြင့် တွေ့ရမည့် ရုပ်တုများသည် သမိုင်းဝင်ပုဂ္ဂိုလ် အကျော်အမော်တို့၏ ရုပ်တုများ ဖြစ်နိုင်ပါသည်။ သို့သော် ပိုးကောင်တစ်ကောင်ကို ရုပ်တုအထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသည်ဆိုခြင်းက ထူးခြားလှသည်။

အမေရိကန်ပြည်ထောင်စု၊ အယ်လ်ဘာမားပြည်နယ်စက်မှုဇုန်ဒေသသို့ရောက်လာသော သူများသည် မြို့လယ်တွင် ထူးဆန်းသော ရုပ်တုတစ်ခုက ဝါသီးပိုးကောင်ကိုကိုင်မြှောက်ထားသည်အား တွေ့မြင်ကြရမည်ဖြစ်သည်။ ထိုရုပ်တုကို (Boll Weevil Monument) ဟုခေါ်ကြသည်။

အမျိုးသမီးတစ်ယောက်က ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဝါပိုးကောင်တစ်ကောင်ကို ဦးခေါင်းထက်တွင် ကိုင်မြှောက်ထားခြင်းဖြစ်သည်။ ထိုရုပ်တုကို ၁၉၁၉ ခုနှစ်ကတည်းက ထုလုပ်ပြီး မြို့လယ်တွင်ထားခြင်းဖြစ်သည်။ ဒေသခံ တောင်သူလယ်သမားများ၏ ဇွဲ လုံ့လ ဝီရိယရှိမှုကို ဂုဏ်ပြုကာ ထုလုပ်ထားရှိခြင်းဖြစ်သည်။

ထိုဒေသတွင် တစ်ချိန်က ဝါဖျက်ပိုးတွေ သောင်းကျန်းလွန်းသဖြင့် ဝါပင်တွေပျက်စီးပြီး တောင်သူလယ်သမားများ ဒုက္ခရောက်ကြရသည်။ ထိုအချိန်တွင် လယ်သမားတွေက ဝါပင်များအစား မြေပဲတွေပြောင်းစိုက်ကြရာ ဝါပင်စိုက်ပျိုးခြင်းထက် အကျိုးအမြတ်များစွာရပြီး ချမ်းသာသွားကြသည်။

ထိုရုပ်တုကို အဓိကကျသည့် မြို့တော်မင်းလမ်းအလယ်တွင် စိုက်ထူထားသည်။ နှစ်စဉ် ဤအရပ်သို့ ဧည့်သည်များစွာ လာရောက်ကြပြီး ထိုအထိမ်းအမှတ်ရုပ်တုကိုကြည့်ရှုကြသည်။ ဝါပိုးများ ဒုက္ခပေးသော်လည်း ဝါပိုးကြောင့်ဒုက္ခမရောက်ဘဲ၊ ချမ်းသာသွားသောကြောင့် ဤအထိမ်းအမှတ်ရုပ်တုကို စိုက်ထူခဲ့ရသည်ဆိုသော စာတန်းကိုလည်း ရေးထိုးထားကြသည်။ ■


Flickr

## ဝမ်းချုတ်ံ

ဝမ်းချုတ်ံနှင့်ဘောလုံးကို အထိမ်းအမှတ်အဖြစ် သွန်းလုပ်ထားသည့် ရုပ်တုမှာ ရုရှားနိုင်ငံတောင်ပိုင်း၊ ဇီလက်နိုဗိုဒက်ဆိုသည့်မြို့တွင်ရှိသည်။ ရှေးခေတ်ဝမ်းချုတ်ံနှင့်အလုံးကို ထမ်းထားသည် အရုပ်လေးများမှာ ၅ ပေစီမြင့်ကြပြီး၊ အရုပ်အားလုံးကို ပေါင် ၈၀၀ ခန့် ကြေးများဖြင့်သွန်းလုပ်ကာ ရုပ်တုအဖြစ် ထုလုပ်ထားခြင်းဖြစ်သည်။ အရုပ်လေး သုံးရုပ်မှာ ဝကစ်ကစ်နှင့် ချစ်စရာကောင်းသည့် ဝတ်လစ်စားလစ် ကောင်းကင်တမန်လေးများဖြစ်ကြသည်။


Weird

ထိုရုပ်တုကို Mashuk-Akva Term Spa ဆိုသည့် အဆောက်အအုံကြီးရှေ့တွင် ဂုဏ်ယူစွာပြသထားခြင်းဖြစ်သည်။ ထိုအဆောက်အအုံကြီးမှာ ဝမ်းဗိုက်ပိုင်းဆိုင်ရာရောဂါများကို ကုသပေးနေသည့် ဆေးရုံကြီးလည်း ဖြစ်သည်။

ဝမ်းချုတ်ံကြောင့်ပင် လူအများသည် ရောဂါဝေဒနာများက ပျောက်ကင်းသက်သာကြရပြီး ဒေသခံတို့ကို အဆင်ပြေစေသည်ဟုယူဆကာ ထိုပုံကို အထိမ်းအမှတ်အဖြစ် ထုလုပ်ရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ထိုရုပ်တုကို သွန်းလုပ်ခဲ့သည့်အတွက် ကုန်ကျငွေမှာ ဒေါ်လာ ၄၂,၀၀၀ ခန့်ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် စိုက်ထူခဲ့ကြသည်။ လူတွေစိတ်ဝင်စားမှုကို ရခဲ့သည်။ ထိုရုပ်တုအနီးတွင်လည်း ဝမ်းချုပ်နေသလား ဝမ်းချုတ်ံကို သုံးလိုက်ပါလားဆိုသည့်စာသားကို ရေးထားသေးသည်။

ထိုရုပ်တုကို တည်ဆောက်သည့် အမျိုးသမီးက စိတ်ကူးထဲတွင် ဇောက်တိဇောက်ထိုးနှင့် ဟာသဆန်ဆန်ဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ကောင်းကင်တမန် နတ်ရုပ်လေးသုံးရုပ်ကတော့ အီတလီ ရီနေးဆန်းခေတ်ကို အမှတ်ရစေရန် ပြန်လည်ဖော်ဆောင်ပေးခြင်းဟု ဆိုသည်။ ■

## ဦးစိုက်ငါးမန်း


YouTube

အင်္ဂလန်၊ အောက်စ်ဖို့ဒ်အရပ်၊ ဟက်ဒင်တန်မြို့နယ်ယူးဟိုက်လမ်းရှိ အိမ်ကြီးတစ်လုံး၏ ခေါင်မိုးပေါ်တွင် ဦးစိုက်ကာ အိမ်ခေါင်မိုးကို ထိုးဖောက်နေသည့် ငါးမန်းတစ်ကောင်ကို တွေ့ရမည်ဖြစ်သည်။ အေးချမ်းသော ထိုရပ်ကွက်တွင် ၂၅ ပေခန့်မြင့်သော ဖိုက်ဘာမှန်သားနှင့်ပြုလုပ်ထားသည့် ငါးမန်းကြီး၏ ခေါင်းနစ်ဝင်နေဟန်မှာ ထူးဆန်းသဖြင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်ကြည့်ရှုကြသည်။

ထိုငါးမန်းကြီးကို အိမ်ခေါင်မိုးတွင် တပ်ဆင်ထားသည့်မှာ ၁၉၈၆ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့ဖြစ်သည်။ ထိုနေ့သည် ဂျပန်နိုင်ငံ နာဂါဆာကီကျွန်းကို ဗုံးကြဲသည့် ၄၁ နှစ်မြောက် နှစ်ပတ်လည်နေ့လည်းဖြစ်သည်။ အဏုမြူဗုံးဆိုသည့် လူသားမျိုးတုံးစေနိုင်သော ဗုံးလက်နက်ကို အသုံးပြုကာ လူသားတို့ကို ပြန်လည်နှိမ်နင်းခဲ့ခြင်းကို ဆန့်ကျင်သည့် အထိမ်းအမှတ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။

ဒေသခံ အုပ်ချုပ်ရေးကောင်စီက ထိုသို့ထူးဆန်းပြီးကြောက်စရာကောင်းသည့် ပြကွက်မျိုးကို အိမ်တွင်လုပ်ပြထားခြင်းအား ဖယ်ရှားပေးရန် မတောင်းဆိုကြပေ။ ဗြိတိန်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ငါးမန်းများကို မျိုးမပြုတ်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် နှိုးဆော်သည့်အထိမ်းအမှတ်အဖြစ် နှိုးဆော်လိုက်သောကြောင့် မူလရည်ရွယ်ချက်ပျောက်ကာ ပိုစိတ်ဝင်စားစရာ ဖြစ်သွားခဲ့သေးသည်။

နှစ်စဉ် ထိုအရပ်သို့ ကမ္ဘာလှည့်ခရီးသည်များစွာ ရောက်လာကြသည်။ ငါးမန်းကြီးကို စိုက်ထူခဲ့သည့်နေ့ အထိမ်းအမှတ် လာလုပ်ကြခြင်းဖြစ်သည်။ ဩဂုတ်လ ၉ ရက်နေ့တွင် ထိုနေရာကိုရောက်လာသူတွေကို မုန့်များနှင့် စားသောက်စရာများဖြင့် ဧည့်ခံတတ်ကြသည်။ ထိုအိမ်ပိုင်ရှင်က The Hunting of the Shark ဆိုသည့် စာအုပ်ကိုရောင်းပြီး လက်မှတ်ရေးထိုးပေးသည်။ ထိုအိမ်ကို စိတ်ဝင်စားသူများကို အိမ်ရှင်က တစ်လလျှင် စတာလင်ပေါင် ၂၀၀၀ ဖြင့် အိမ်ငှားခြင်းကို ၂၀၁၄ ခုနှစ်က စတင်ပြုလုပ်ခဲ့သည်။

အိမ်ရှင်ကိုယ်တိုင်ကလည်း လာရောက်ကြည့်ရှုသူများကို ခေတ်ပုံပေးရိုက်ခြင်း၊ ထိုငါးမန်းရုပ်အကြောင်းများကို ရှင်းပြခြင်းများအား ပြုလုပ်ပေးသည်။ သူ့အိမ်ကိုလာငှားနေမည့်သူများကို တိရစ္ဆာန်များ မခေါ်လာရန်တော့ တားမြစ်တတ်သည်။ ■

## ဂျင်မီကာတာမြေပဲ


National

အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာမြေပဲ (Jimmy Carter Peanut) ရုပ်တုသည် ၁၃ ပေခန့်မြင့်သည်။ သူ၏ ထင်ရှားသည့်အပြုံး သရုပ်ဖော် သွားတွေချည်းသက်သက်ဖြစ်ပြီး မျက်လုံးမပါပေ။ ထိုမြေပဲရုပ်တုကြီးကို ဂျော်ဂျီယာပြည်နယ်၊ ပလိန်းအရပ် လမ်းမကြီးဘေးတွင် စိုက်ထူထားခြင်းဖြစ်သည်။

ထိုရုပ်တုကို ၁၉၇၆ ခုနှစ်က ဂျင်မီကာတာသည် အင်ဒီယာနာပြည်နယ်ကို မဲဆွယ်စည်းရုံးစဉ် ရောက်ခဲ့သည့် အထိမ်းအမှတ်ဖြင့် ဂုဏ်ပြုကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုမြေပဲရုပ်တုသည် သူ့ကို ဂုဏ်ပြုခြင်းသက်သက်သာမက သူသည် သမ္မတမဖြစ်မီက မြေပဲစိုက်သည့် တောင်သူလယ်သမားဖြစ်ခဲ့သည်ဆိုခြင်းကိုပါ ဂုဏ်ပြုစိုက်ထူထားခြင်းလည်းဖြစ်သည်။

ကာတာသည် သမ္မတဖြစ်သွားပြီးနောက် သူ့အစိုးရအဖြစ် အုပ်ချုပ်စဉ်ကာလများအတွင်း၌လည်း သွားဖြီးပြီး ပြုံးနေသည့်ပုံများက ခေတ်စားခဲ့သည်။ ၂၀၀၀ ပြည့်နှစ်က ထိုမြေပဲရုပ်တုကြီးကို ကားတစ်စီးက ဝင်တိုက်သွားသည်။ တုံးလုံးလဲကျသွားသည်။ သို့သော် ဒေသခံများက ပြန်လည်ပြုပြင်စိုက်ထူခဲ့ကြသည်။ ယနေ့တိုင် ဤမြေပဲ ရုပ်တုကြီးအနီးမှ ဖြတ်သွားသူတိုင်း အထိမ်းအမှတ်အဖြစ် ဓာတ်ပုံများ ဆင်းရိုက်နေကြသည်။ ■

## ဂျေဂျူးအချစ်ကျွန်း


Ashleyin

တောင်ကိုရီးယားနိုင်ငံ ဂျေဂျူးကျွန်းတွင် ထူးဆန်းသည့်အချစ်ကျွန်းဟု အမည်ပေးထားသော ပန်းခြံတစ်ခြံရှိသည်။ ထိုပန်းခြံကို Jeju Loveland ဟုခေါ်ပြီး လိင်ပိုင်းဆိုင်ရာ အသားပေးရုပ်တုများကြောင့် ကမ္ဘာလှည့်ခရီးသည်များ သွားရောက်ကြည့်ရှုလေ့ရှိသည်။

ထိုပန်းခြံကို ၂၀၀၄ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ ကာမစိတ်ကို နှိုးဆွစေသည့် ရုပ်တုပေါင်း ၁၄၀ ကျော်ကို ထိုပန်းခြံထဲတွင် ထည့်သွင်းပြသထားသည်။ လူနှင့်တိရစ္ဆာန်ရုပ်တုတွေ ပါဝင်သည်။ သူတို့ဤပန်းခြံကို ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ လိင်ပိုင်းဆိုင်ရာ ဆက်ဆံသည့်ကိစ္စများကို သဘာဝအလှတရားတစ်ခုအဖြစ် ကြည့်မြင်ခံစားနိုင်စေရန်ဖြစ်သည်ဟု ဆိုသည်။

ထိုပန်းခြံသည် ဘောလုံးကွင်း နှစ်ကွင်းစာခန့်ကျယ်သည်။ ပန်းခြံတစ်ပတ်လျှောက်ကြည့်လျှင် အနည်းဆုံး တစ်နာရီခန့် အချိန်ယူရသည်။ ထိုပန်းခြံထဲရှိ ရုပ်တုများကို ဆိုးလ်မြို့ရှိ ဟုန်ဂစ်တက္ကသိုလ်မှ ကျောင်းသားများက ဖန်တီးထားကြခြင်းဖြစ်သည်။ သူတို့ကလည်း ပညာရေးဘက်ကကြည့်ပြီး အနုပညာအရ တီထွင်လုပ်ဆောင်ခြင်းဟုဆိုသည်။

တောင်ကိုရီးယားနိုင်ငံ စုံတွဲများနှင့် လက်ထပ်ပြီးသူများသည် ဟန်းနီးမွန်းခရီးစဉ်အဖြစ်လည်း အချစ်ကျွန်းကို လာတတ်ကြသည်။ အချို့ကလည်း လိင်ပညာပေးရေးအတွက် အထိရောက်ဆုံးနေရာဟုဆိုကြသည်။ ထိုပန်းခြံကို ကလေးများလည်း ခေါ်လာပြီး အပန်းဖြေသူတွေရှိသည်။ ■

**(Ref: Unusual Statues And Monuments From Around The World)**

# လှည်းကလေးနဲ့ ကျောင်းဆရာ

သန့်ဇင်စိုး

၂၀၁၀ ခုနှစ်က အီဖရန်ပီနာဖလိုရီဒါ တစ်ယောက် ဟောလိဝုဒ်အကျော်အမော်တွေတက်တဲ့ CNN Heroes ညစာစားပွဲကိုသွားတက်တော့ ဖိလစ်ပိုင်က လူအတော်များများ သူ့ကိုမသိကြပေ။ အဆိုပါနှစ်၏ CNN သတင်းဌာနကပေးသော သူရဲကောင်းဆုကို ရခဲ့ပြီးနောက်တွင်တော့ လေဆိပ်အထိ ပြည်သူရာကျော်လာကြိုကြသည်။ "ကိုယ့်နိုင်ငံလည်း ပြန်ရောက်ရော ကျွန်တော်ကဆူပါစတားဖြစ်နေပါလေရော" ဟု ၎င်းက ပြောကြားသည်။ ပီနာဖလိုရီဒါသည် လက်တွန်းလှည်းစာသင်ခန်းများကိုဖန်တီးကာ စာအုပ်များ၊ သင်ထောက်ကူများတင်ပြီးလှည့်လည်သွားလာကူညီပေးခဲ့သဖြင့် ထိုဆုကိုရရှိခဲ့ခြင်း ဖြစ်သည်။ ၁၉၉၇ ခုနှစ်မှစတင်ကာ ပီနာဖလိုရီဒါနှင့် စေတနာ့ဝန်ထမ်း ဆယ်ကျော်သက်များစွာတို့က အဆိုပါ လက်တွန်းလှည်းများဖြင့် လှည့်လည်ကာ လမ်းပေါ်ကလေးများစွာကို စာရေး၊ စာဖတ် တတ်အောင် လိုက်လံစာသင်ကြားပေးခဲ့ပေသည်။

"ဒီဆုရရှိလိုက်တာ အကျိုးရှိပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့် စေတနာ့ဝန်ထမ်းလုပ်ဖော်ကိုင်ဖက်တွေအတွက် လုပ်ရကျိုးနပ်တယ်လို့ ခံစားရစေပါတယ်" ဟု ယခုအခါ အသက် ၃၇ ထဲရောက်နေပြီဖြစ်သော ပီနာဖလိုရီဒါကဆိုသည်။ ဖိလစ်ပိုင်အစိုးရကလည်း အရပ်သားများကိုပေးသည့် အမြင့်ဆုံးဆုဖြစ်သော လာကန်ဒူလာဆုကိုပေးအပ်ခဲ့သည်။ ထိုဆုက ပြည်သူများအတွက် အသက်အိုးအိမ် လူမှုဘဝတိုးတက်မြင့်မားရေး ဆောင်ရွက်ကြသူများကို ရည်ရွယ်ပေးအပ်သောဆုဖြစ်ပါသည်။ "ဆုကို ကျွန်တော်ကလက်ခံခဲ့ပါတယ်။ ဒါပေမဲ့ ဂုဏ်ပြုမှုကိုတော့ လုပ်ဖော်ကိုင်ဖက်တွေ၊ ဆရာသမားတွေနဲ့ ကျွန်တော်တို့ဆောင်ရွက်ပေးနေတဲ့ ကလေးတွေနဲ့ မျှဝေခံစားပါတယ်" ဟု ၎င်းကဆိုသည်။ သမ္မတ၏ ညွှန်ကြားမှုဖြင့် ပီနာဖလိုရီဒါ ၏ လက်တွန်းလှည်း စာသင်ခန်းလေးများကို တစ်နိုင်ငံလုံးဖွင့်နိုင်ရန် အစိုးရကလည်း ပါဝင်ကူညီပေတော့သည်။

အစိုးရနှင့် ပူးပေါင်းခဲ့ပြီးနောက် ပီနာဖလိုရီဒါ၏ အကြံပေးမှုနှင့်အတူ လက်တွန်းလှည်းစာသင်ခန်းအဖွဲ့အစည်းဖြစ်သော Dynamic Teen Company က အဆငါးဆယ်ခန့် ပိုကြီးသွားခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံတစ်လွှားကိုလွှမ်းခြုံသွားနိုင်ခဲ့သည်။ အစိုးရသစ်တက်လာသောအချိန်တွင်လည်း ရွေ့လျားစာသင်ခန်းစနစ်ကို ထပ်ချဲ့ရန် ဆောင်ရွက်နေသည်ဟု ပီနာဖလိုရီဒါက ပြောပြသည်။ "လက်တွန်းလှည်း စာသင်ခန်းစနစ်ကို ပြည်နယ်အတော်များများမှာ တိုးချဲ့မှာဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးက စာတွေလည်းလက်ခံရရှိပါတယ်" ဟု ပီနာဖလိုရီဒါက ပြောကြားသည်။ "ကလေးတွေကို ပညာသင်ပေးဖို့၊ ကျွေးမွေးဖို့၊ စောင့်ရှောက်ဖို့အတွက် ဖိလစ်ပိုင်ပြည်သူတွေက ပိုသိလာကြပါပြီ။ အရင်တုန်းက လက်တွန်းလှည်းဆိုတာ ဆင်းရဲနွမ်းပါးခြင်းရဲ့သင်္ကေတပါ။ ယခုအခါမှာတော့ လက်တွန်းလှည်းဆိုတာ မျှော်လင့်ချက်၊ ပညာရေးတို့ရဲ့သင်္ကေတဖြစ်လာပါပြီ" ဟု ၎င်းက ပြောကြားသည်။

CNN သူရဲကောင်းဆုမှ ရရှိသော ဒေါ်လာတစ်သိန်းနှစ်သောင်းငါးထောင်၏ အစိတ်အပိုင်းများကို ကာဗိုက်မြို့တွင် DTC ပညာရေးစင်တာ၏ လက်တွန်းလှည်းများ ထုတ်လုပ်တပ်ဆင်ရာအဖြစ် ပြင်ဆင်ထားသည်။ ကွန်ပျူတာသင်ခန်း၊ စာကြည့်တိုက်၊ ကျန်းမာရေးဆေးခန်း၊ မီးဖိုချောင်၊ တွန်းလှည်းများ သိမ်းဆည်းရာဂိုဒေါင်တို့အဖြစ် တည်ဆောက်ထားပါသည်။ "ကျွန်တော်တို့က ကလေးငယ်တွေလေ့လာသင်ယူရေးစင်တာအဖြစ်ခေါ်ဆိုပြီး ကလေးတွေဟာ သူတို့အခွင့်အရေးကို ပြည့်ဝစွာရရှိနိုင်ပြီး ဘဝမြင့်မားရေးနည်းနာတွေကို သင်ယူနိုင်ပါတယ်" ဟု ပီနာဖလိုရီဒါက ပြောကြားခဲ့သည်။ မကြာခင်မှာပင် အဆိုပါ စင်တာတည်ဆောက်မှုပြီးသွားခဲ့ပြီး ရာပေါင်းများစွာသော ကလေးများအတွက် ဝန်ဆောင်မှုများ ပေးနိုင်ခဲ့ပေသည်။

တကယ်တော့ ပီနာဖလိုရီဒါ ကိုယ်တိုင် ထိုသို့ လမ်းပျော်ကလေးဘဝက လာခဲ့ရခြင်းဖြစ်သည်။ အမှိုက်ပုံနားက တဲစုနားမှာနေထိုင်ခဲ့ရခြင်း ဖြစ်သည်။ လမ်းပျော်ကလေးများမှသည် ကြီးလာသော် ဒုစရိုက်ဂိုဏ်းများထဲမရောက်သွားစေရန်အတွက် သူကိုယ်တိုင် လူငယ်စေတနာ့ ဝန်ထမ်းများကို စုစည်းခဲ့ပြီး လက်တွန်းလှည်းပညာရေးအစီအစဉ်လေးကို စတင်ခဲ့ခြင်းဖြစ်သည်။ "ကျွန်တော့်ကို တခြားသူတွေက ကူညီကြတဲ့အတိုင်း ကျွန်တော်က ပြန်ပြီးကူညီပေးတဲ့သဘောပဲဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။ ဖိလစ်ပိုင်တွင် အခြားသူများကို ကူညီပေးနေကြသူများအကြောင်းကိုတင်ဆက်သည့် 'I, Myself' ရုပ်သံအစီအစဉ်တစ်ခုတွင်လည်း ပီနာဖလိုရီဒါ ပါဝင်တင်ဆက်ပေးနေသည်။

လှည်းကလေးတွန်းပြီး လမ်းဘေးကလေးများကို စာလိုက်သင်ပေးနေခြင်းမှသည် နိုင်ငံတော်အဆင့် လမ်းပျော်ကလေးသင် ပညာရေးအဖွဲ့အစည်းဖြစ်အောင် ပီနာဖလိုရီဒါတစ်ယောက် လုပ်ပြနိုင်ခဲ့သည်။ တစ်ဆင့်ချင်းဆောင်ရွက်ပြခဲ့ခြင်းဖြစ်သည်။ အဆင့်တိုင်းတွင် ဇွဲ၊ လုံ့လ၊ ဉာဏ်ရည်၊ လုပ်ရည်ကိုင်ရည်နှင့် အနစ်နာခံမှုများပါဝင်ပါသည်။ ယခုအခါ လက်တွန်းလှည်း စာသင်ခန်းလေးများသည် ဆင်းရဲသားရပ်ကွက်များအတွင်းသို့ လှည့်ပတ်ဝင်ရောက်ရင်း ကျောင်းမရောက်သည့် ကလေးများကို ပညာသင်ပေးလျက်ရှိသည်။ ■ သန့်ဇင်စိုး






# About Them



မတ်လ ၁၃ ရက်နေ့က ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်သည့်
ကိုဖုန်းမော်နှင့် ကိုစိုးနိုင်ကျဆုံးခြင်း နှစ် (၃၀) ပြည့် နှစ်ပတ်လည်အခမ်းအနား



မတ်လ ၁၅ ရက်နေ့က ရန်ကုန်မြို့ အလိုတော်ပြည့်ကျောင်းတိုက်တွင် ပြုလုပ်သည့်
မြန်မာ-ထိုင်း ချစ်ကြည်ရေးဂီတပွဲတော် စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနား



မတ်လ ၁၃ ရက်နေ့က ရန်ကုန်မြို့ ဆရာစံပလာဇာတွင် ကျင်းပခဲ့သည့် လိင်အကြမ်းဖက်မှု ပပျောက်ရေး၊
ကြီးလေးပြစ်ဒဏ်ချမှတ်ပေး ဆန္ဒပြခြင်းနှင့် မျှဝေဆွေးနွေးခြင်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ



မတ်လ ၁၆ ရက်နေ့က ရန်ကုန်မြို့ Novotel Hotel တွင် ကျင်းပခဲ့သည့်
**MCE (Myanmar Consumer Enterprise Limited) Lolane Hair Products** ၏
**BLUE MAGIC Products Launching** ပွဲအခမ်းအနား



မတ်လ ၁၇ ရက်နေ့က ရန်ကုန်မြို့ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်းတွင် ပြုလုပ်ခဲ့သည့်
အမျိုးသားသတင်းဆုနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ



မတ်လ ၁၄ ရက်နေ့က ရန်ကုန်မြို့ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ အမှတ် (၆) မူလတန်းလွန်ကျောင်းတွင်
ကျင်းပခဲ့သည့် စင်ကာပူနိုင်ငံ **InSEWA** ဖောင်ဒေးရှင်းက
ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းပေးအပ်ပွဲ

# "ကျွန်တော့်ဘဝမှာ ကိုယ်မကောင်းတဲ့ဟာတွေ ကိုယ်လိုအပ်နေတဲ့ဟာတွေက သူ့ ရှိမှ ပြည့်စုံမှာလေ" - စည်သူလွင်

# "သူ့ ကိုယ့် အပေါ်ထားတဲ့ စိတ်ဓာတ်တစ်ခုနဲ့ ကြင်နာယုယမှုတွေကြောင့် လက်တွဲဖော်အဖြစ် ရွေးခဲ့တာပါ" - နွယ်မာကျော်



စည်သူလွင် Facebook Page

သန့်ဇင်ဦး

**နာမည်ကျော် တေးသံရှင် စည်သူလွင်၊ နွယ်မာကျော်တို့ ဇနီးမောင်နှံနဲ့ တွေ့ဆုံပြီး ဖူးစာဆုံဖြစ်ခဲ့ပုံ၊ နားလည်မှု၊ ယုံကြည်မှုတွေနဲ့ အိမ်ထောင်ရေး ခိုင်မြဲအောင် တည်ဆောက်ခဲ့တဲ့အကြောင်းတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: ကိုစည်သူနဲ့ မနွယ်မာကျော်တို့က ဘယ်လို ဖူးစာဆုံခဲ့ကြတာလဲ။**

**STL:** ကျွန်တော်တို့နှစ်ယောက်ရဲ့အိမ်ထောင်သက်တမ်းကတော့ ခုနစ်နှစ်ကျော်လို့ ရှစ်နှစ်ထဲကို ရောက်လာပါပြီ။ စတွေ့ကြတာကတော့ သူ့ဦးလေးတစ်ယောက်နဲ့ ပတ်သက်ပြီးတော့မှ တွေ့ခဲ့ကြတာပါ။ သူ မော်ဒယ်လ်လုပ်တဲ့ အချိန်တုန်းကတော့ သူ့ကို သိတော့ သိနေတယ်။ ရင်းတော့ မရင်းနှီးခဲ့ဘူးပေ့ါနော်။ နောက်ပိုင်း လူချင်းတွေ့ကြတော့မှသာ ရင်းနှီးသွားခဲ့တာပါ။

**NMK:** နွယ်မာကကျတော့ သူ့ရှိုးပွဲ တွေလည်း မကြည့်ဖူးဘူး။ ဦးလေးက ညစာစားပွဲ တစ်ခုလုပ်တော့ သူလာတယ်။ အဲ့ဒီမှာ စတွေ့ပြီးတော့ ခင်သွားကြတယ်။ နောက်ပိုင်း သူက ချစ်ရေးဆိုတာနဲ့ ပြန်ကြိုက်ဖြစ်သွားခဲ့တာပါ။ ပထမပိုင်းတော့ သူငယ်ချင်းတွေလို အရင်ပေါင်းကြည့်တယ်။ သူ့စိတ်ဓာတ်လေးကို သဘောကျသွားတဲ့အခါမှာ ချစ်သူအဖြစ် လက်ခံခဲ့တာပါ။

**Voice: နှစ်ယောက်လုံးက အနုပညာနယ်ပယ်ထဲကပဲဆိုတော့ ချစ်သူဘဝမှာ ညှိနှိုင်းရတာမျိုး သိပ်ရှိခဲ့မယ် မထင်ဘူးနော်။**

**STL:** သူက ကျွန်တော့် သီချင်းတွေလည်း မသိဘူး။ တစ်ခါတလေကျတော့ သူက သီချင်းတစ်ပုဒ်ကို ကြိုက်လို့ ညည်းနေရင် အဲ့ဒီသီချင်းလေးက ကောင်းသားပဲနော်၊ ဘယ်သူ့သီချင်းလဲလို့ ကျွန်တော်က မေးတယ်။ အဲ့ဒီအခါကျရင် မသိဘူး၊ သီချင်းလေးကောင်းလို့ လိုက်ညည်းနေတာလို့ သူက ဖြေတယ်။ အဲ့ဒီတော့မှ ကျွန်တော်ဆိုခဲ့တဲ့ သီချင်းဆိုတာကို ရှင်းပြရတယ်။ အရင်ကတည်းကလည်း သူက ကျွန်တော့် ရှိုးပွဲတွေကို လိုက် ကြည့်လေ့ကြည့်ထမရှိပါဘူး။ ကျွန်တော့်သီချင်းတွေနဲ့ စိမ်းပါတယ်။

**Voice: ကိုစည်သူ့ကို ဘဝလက်တွဲဖော်အဖြစ် ဘယ်အချက်တွေကို ကြည့်ပြီး ရွေးချယ် ဖြစ်ခဲ့တာလဲ။**

**NMK:** သူ့ကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့တာတော့ အဆိုတော်တစ်ယောက် ဖြစ်နေလို့ မဟုတ် တာတော့ သေချာပါတယ်။ သူ့ရဲ့ သီချင်းတွေကိုကြိုက်ပြီး ချစ်သူအဖြစ် လက်ခံခဲ့တာလည်း မဟုတ်ဘူးလေ။ သူ ကိုယ့်အပေါ်ထားတဲ့ စိတ်ဓာတ်တစ်ခုနဲ့ ကြင်နာယုယမှုတွေကြောင့် လက်တွဲဖော်အဖြစ် ရွေးခဲ့တာပါ။ သူက ကိုယ့်ကို အသေကြွေပြတော့ သနားပြီး ပြန်ချစ်ခဲ့တာပါ။ ဒါကတော့ စတာပါ။

**Voice: ကိုစည်သူကရော မနွယ်မာ ကို ဘယ်အချက်တွေကို ကြည့်ပြီး အိမ်ထောင်ဖက်အဖြစ် ရွေးခဲ့တာလဲ။**

**STL:** အဓိကကတော့ သူ့စိတ်ဓာတ်က ရိုးသားတယ်။ ပွင့်ပွင့်လင်းလင်း ပြောတတ်ဆိုတတ်တယ်။ ကျွန်တော့်မှာမရှိတဲ့ ကောင်းတဲ့အချက်တွေ တော်တော်များများ သူ့မှာရှိတယ်။ ကျွန်တော့်ဘဝမှာ ကိုယ်မကောင်းတဲ့ဟာတွေ ကိုယ်လိုအပ်နေတဲ့ဟာတွေက သူရှိမှ ပြည့်စုံမှာလေ။ အဲ့ဒါကြောင့် ကျွန်တော့်ဘဝလေး ပိုပြီး ပြည့်စုံဖို့အတွက် သူ့ကို အိမ်ထောင်ဖက်အဖြစ် ရွေးခဲ့တာပါ။ တစ်ယောက်ရဲ့ လိုအပ်ချက်ကို တစ်ယောက်က ဖြည့်ပေးနိုင်တော့ ဘဝကပိုပြီး ပြည့်စုံသွားတာပေ့ါနော်။

**Voice: အိမ်ထောင်ရေးခိုင်မြဲအောင်ကျတော့ ဘယ်လို နားလည်မှု၊ ယုံကြည်မှုတွေနဲ့ တည်ဆောက်ခဲ့ကြရလဲ။**

**NMK:** အိမ်ထောင်ရေးမှာ ကြုံတွေ့ရတာတွေက ရည်းစားဘဝနဲ့ ဘာမှ မဆိုင်ပါဘူး။ မိန်းကလေးတွေကို ပြောချင်တာက ကိုယ်ထားလိုက်တဲ့ ရည်းစားသည် ကိုယ့်အိမ်ထောင်ဖက်လည်း ဖြစ်ချင်မှ ဖြစ်မှာပါ။ ကိုယ်ထင်ထားတာနဲ့ တစ်ထပ်တည်း လုံးဝမကျဘူး။ အိမ်ထောင်ရေးမှာကျတော့ တစ်ယောက်ကို တစ်ယောက် သည်းခံရမယ်။ အစ်ကိုဆိုလည်း နွယ်မာ့ကို သည်းခံတယ်။ နွယ်မာလည်း သူ့ကို သည်းခံရတာတွေ ရှိတယ်။ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်မှု၊ လေးစားမှုလည်း ရှိဖို့လိုပါတယ်။ အဲ့ဒီလိုနဲ့ပဲ နွယ်မာတို့နှစ်ယောက် ရှေ့ဆက်ခဲ့ကြတာပါ။

**STL:** လူနှစ်ယောက် ပေါင်းဖက်လိုက်ပေမယ့် တစ်ယောက်နဲ့တစ်ယောက်ကတော့ စိတ်ချင်းဘယ်လိုမှ မတူနိုင်ပါဘူး။ သမီးရည်းစားဘဝမှာကျတော့ တစ်ယောက်နဲ့တစ်ယောက် တွေ့ရတဲ့ အချိန်က နည်းတယ်။ အဲ့ဒီတုန်းကကျတော့ သူ မကြိုက်တာလည်း ကိုယ်ရှောင်နိုင်တယ်။ ကိုယ်မကြိုက်တာလည်း သူ ရှောင်နိုင်တယ်။ အိမ်ထောင်သည်ဖြစ်သွားတော့ အတူနေရပြီဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မကြိုက်တဲ့ အချက်တွေကို ပိုမြင်လာတယ်။ အဲ့ဒီလိုအခါမျိုးမှာ သည်းခံနိုင်တဲ့စိတ် ရှိဖို့လိုတယ်။ စိတ်အခန့်သင့်တဲ့အခါမျိုးမှာ စိတ်၊ ဆိုးစိတ်ကောက်ကြတာမျိုးတော့ ရှိမယ်။ ဒါပေမဲ့ ဒီအိမ်ထောင်ရေးက နှစ်ဦးသဘောတူ တည်ဆောက်ထားတာဖြစ်တဲ့အတွက် ခိုင်မြဲဖို့က နှစ်ဦးလုံးမှာ တာဝန်ရှိပါတယ်။ မကျေနပ်တာတွေ ရှိရင်လည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုက်ရင် အကျိတ်အခဲလေးတွေက ပြေသွားမှာပါ။

## အကယ်ဒမီပေးပွဲက ဒီနေ့အထိ ဆွဲဆောင်မှု မရှိသေးဘူးဆိုတဲ့ ဒါရိုက်တာကျော်ဇောလင်း (အတွေးပုံရိပ်)



ဓာတ်ပုံ- ဝင်းထွန်းနိုင်

**ရန်ကုန်၊ မတ် ၁၇**

အကယ်ဒမီပွဲကို မတက်ဖြစ်တာ ဆယ့်ငါးနှစ်ရှိပြီဖြစ်တဲ့ ဒါရိုက်တာကျော်ဇောလင်း (အတွေးပုံရိပ်) က အကယ်ဒမီပေးပွဲက ဒီနေ့အထိ ဆွဲဆောင်မှုမရှိသေးတာကြောင့် မတ်လ ၂၃ ရက်နေ့မှာ ကျင်းပ ပြုလုပ်မယ့် အကယ်ဒမီပေးပွဲကို တက်ရောက်ဖြစ်မှာမဟုတ်ဘူးလို့ The Voice ကို ပြောကြားပါတယ်။

"ဒီနှစ်လည်း တက်ဖြစ်ဖို့ဆိုတာ သိပ်အသေချာကြီးတော့မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အကယ်ဒမီပေး ပွဲက ဒီနေ့အထိ ကျွန်တော့်ကို မဆွဲဆောင်နိုင်သေးလို့ပါ။ ဒါပေမဲ့ ကျွန်တော့်ကို ဆွဲဆောင်နိုင်တဲ့ အကယ်ဒမီပေးပွဲဆိုရင်တော့ တက်မှာပါ။ အဓိက အကယ်ဒမီထူးချွန်ဆုပေးပွဲဆိုတဲ့ ခေါင်းစဉ်နဲ့လုပ်ရပ် ကိုက်ညီတဲ့ပွဲဆိုရင် တက်မယ်။ ကိုယ်က ဒီလောကထဲမှာနေပြီး ရှာဖွေလုပ်ကိုင်စားသောက်နေတဲ့အတွက် ဒီလောကရဲ့တန်ဖိုး၊ ပုံရိပ်၊ သိက္ခာကို အမြဲတမ်းတောက်ပြောင်နေစေချင်တယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

ရုပ်ရှင်သမားတွေက ရိုက်ရိုးရိုက်စဉ်၊ လုပ်ရိုးလုပ်စဉ်တွေထဲမှာပဲ လည်ပတ်နေရတာကြောင့် ထူးချွန်ဆုရဖို့ တစ်ခါတလေမှလုပ်ခွင့်ရတာဖြစ်ကြောင်း၊ အကယ်ဒမီဆုကို ပရိသတ်နဲ့တစ်သားတည်းကျအောင် ရွေးချယ်ပေးနိုင်ရင် ဘုတ်အဖွဲ့လည်းသိက္ခာတက်မှာဖြစ်သလို မြန်မာ့ရုပ်ရှင်လောကရဲ့ ပုံရိပ်လည်း ပိုပြီးတော့ တောက်ပြောင်လာမှာဖြစ်ကြောင်း ဒါရိုက်တာကျော်ဇောလင်း (အတွေးပုံရိပ်) က ပြောထားပါတယ်။

"ကျွန်တော်တို့ငယ်ငယ်တုန်းကဆို အကယ်ဒမီပွဲဖိတ်စာရဖို့တောင် တော်တော်လေးခက်ခဲပါတယ်။ ဖိတ်စာကို တစ်နှစ်အတွင်း ရုံတင်တဲ့ဇာတ်ကားတွေထဲမှာပါတဲ့လူတွေကို ဦးစားပေးတယ်၊ ပြီးတော့မှ နောက်ထပ်ဖိတ်ကြားရမယ့်လူတွေကို ဦးစားပေးတယ်။ လူဦးရေအကန့်အသတ်နဲ့သွားတဲ့ အချိန်မှာ မရတဲ့လူတွေကအများကြီးပဲ။ အကယ်ဒမီဖိတ်စာကိုတောင် ဒီလောက်မက်မောနေရင် ဆုဆိုတာ ပြောမနေပါနဲ့တော့။ ပရိသတ်ကလည်း အကယ်ဒမီပေးပွဲကို တီဗီကနေ သည်းသည်းလှုပ် ကြည့်ကြတယ်။ ကျွန်တော်ကတော့ အဲ့ဒီအခြေအနေဆီတစ်ခုဆီကို ပြန်ရောက်စေချင်တယ်" လို့ ၎င်းကပြောပါတယ်။

## 3 Sisters (ညီအစ်မသုံးဖော်) ဗီဒီယိုကားမှာ မိန်းမဖြစ်သွားတဲ့ အောင်လေး

**ရန်ကုန်၊ မတ် ၁၇**

မော်ဒယ်လ်တစ်ယောက်အဖြစ် ပရိသတ်ရဲ့အသိအမှတ်ပြုအားပေးမှုကိုရရှိထားပြီး လက်ရှိမှာ သရုပ်ဆောင်ဘက်ကိုပါခြေချနေပြီဖြစ်တဲ့ မော်ဒယ်လ်၊ သရုပ်ဆောင်အောင်လေးက '3 Sisters (ညီအစ်မသုံးဖော်) ' ဗီဒီယိုကားမှာ မိန်းမတစ်ယောက်ပုံစံမျိုး သရုပ်ဆောင်ထားတယ်လို့ The Voice ကို ပြောကြားပါတယ်။

"ကျွန်တော့်အနေနဲ့ မိန်းမလျာဇာတ်ရုပ်တွေကို သရုပ်ဆောင်ဖူးပါတယ်။ ဒါပေမဲ့ အက်တင်ပိုင်းက သိပ်ပြီး ထွေထွေထူးထူးမလုပ်ရဘူး။ ဒီကားမှာကျတော့ မိန်းမတစ်ယောက်၊ ဆရာမတစ်ယောက်အနေနဲ့ သရုပ်ဆောင်ရတာဆိုတော့ မိန်းမနဲ့တူအောင် ပိုပြီးပြင်ဆင်ရတယ်၊ အဝတ်အစား၊ ဆံပင်နဲ့ အက်တင်ပိုင်းက အစပေ့ါနော်။ အက်တင်က ယောကျ်ားပုံစံလည်းမပေါက်ရဘူး၊ မိန်းမလျာပုံစံလည်း ပေါက်လို့မရဘူး၊ မိန်းမလို သိမ်မွေ့နူးညံ့နေရတယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

'3 Sisters (ညီအစ်မသုံးဖော်)' ဗီဒီယိုကားကို ဒါရိုက်တာဂျိုးက သရုပ်ဆောင်ဇေရဲထက်၊ အောင်လေး၊ ယမင်းမေဦး၊ ဟန်နီ၊ သိမ်မွေ့သံစဉ်တို့နဲ့ ရိုက်ကူးနေတာဖြစ်ကြောင်း၊ ဇာတ်ရုပ်ပိုင်းနဲ့ ပတ်သက်ပြီး နာမည်ကြီး သရုပ်ဆောင်မဟုတ်တာကြောင့် ငြင်းပိုင်ခွင့်မရှိဘဲ ကိုယ့်ကို မိန်းမလျာဇာတ်ရုပ် ကမ်းလှမ်းလာလို့ရှိရင်လည်း အနုပညာကို ချစ်တဲ့စိတ်နဲ့ ရိုက်ရမှာဖြစ်ကြောင်း သရုပ်ဆောင် အောင်လေးက ပြောထားပါတယ်။

"ဒီကားမှာ ကျွန်တော်က ကိုဇေရဲထက်ရဲ့ သူငယ်ချင်းပေ့ါနော်။ သူ့မှာက ညီမသုံးယောက်ရှိတယ်။ ညီမသုံးယောက်က အရမ်းဆိုးတော့ သူက မနိုင်ဘူး။ တစ်ရက်ကျတော့ သူ့ညီမတွေကိုစာသင်ဖို့နဲ့ လိမ္မာလာအောင် သွန်သင်ဆုံးမပေးဖို့ ကျွန်တော့်ကို အကူအညီတောင်းတယ်။ အဲ့ဒါကြောင့် ကျွန်တော်က ဆရာမပုံစံနဲ့ သူ့အိမ်ကို ရောက်လာတယ်။ တကယ်တော့ ကျွန်တော်ကအပြင်မှာကလေးအဖေတစ်ယောက်ပါ။ ကိုယ်က မိန်းမလျာပုံစံမဟုတ်ဘဲနဲ့ မိန်းမပုံစံလုပ်ရတာဆိုတော့ နည်းနည်းတော့ခက်တာပေ့ါ" လို့ ၎င်းက ပြောပါတယ်။



အောင်လေး Facebook Page

# Avengers: Infinity War ဇာတ်ကား ကြိုတင်လက်မှတ် ဝယ်ယူသူ စံချိန်တင်

Marvel ကုမ္ပဏီကတော့ ထုံးစံအတိုင်း ရိုက်တဲ့ ကားတိုင်း ပေါက်တယ်လို့သာ ဆိုရမှာပါ။ ယခု အသစ်ထွက်ရှိမယ့် Avengers: Infinity War ဇာတ်ကားကိုလည်း ရုံတောင် မတင် ရသေးခင်မှာပဲ ကြိုတင် လက်မှတ် ဝယ်ယူသူတွေက များပြားရုံသာမကဘဲ အရင်တုန်းကရှိခဲ့တဲ့ စံချိန်တွေကိုချိုးပြီး ကြိုတင်လက်မှတ် ဝယ်ယူသူ စံချိန်အသစ်တောင် တင်လိုက်နိုင်ပါတယ်။

မတ်လ ၁၆ ရက် သောကြာနေ့မှာ Marvel ကုမ္ပဏီက Avengers: Infinity War ဗီဒီယိုအမြည်း အသစ်တစ်ခုကို လူမှုကွန်ရက်ပေါ် ထပ်တင်ခဲ့ပြီး ကြိုတင်လက်မှတ် တွေ စ လုပ်လို့ ရပြီဆိုတာ အသိပေးခဲ့ပါတယ်။ အဲ့ဒီလို အသိပေးပြီး နာရီပိုင်းလောက်သာ ကြာတဲ့နောက်မှာတော့ ကြိုတင်လက်မှတ် ဝယ်ယူသူတွေ အလုအယက် ဝယ်ခဲ့ကြပြီး ကြိုတင်လက်မှတ်ဝယ်ယူမှု စံချိန်ကို ချိုးနိုင်ခဲ့ပါတယ်။ Fandango ဝက်ဘ်ဆိုက်မှာ စတင်ရောင်းချတာနဲ့ တစ်ပြိုင်နက် အဆိုပါဇာတ်ကားက ရောင်းအားအကောင်းဆုံးလူစွမ်းကောင်း ဇာတ်ကားတစ်ကားဖြစ်သွားတယ်လို့ Deadline ဝက်ဘ်ဆိုက်အရ သိရပါတယ်။ ထောင်နဲ့ ချီတဲ့ Marvel ပရိသတ်တွေ Avengers: Infinity War ဇာတ်ကားကို ကြိုတင်လက်မှတ် ဝယ်ယူခဲ့ကြရာမှာ ၉၇ ရာခိုင်နှုန်းလောက်က 'လူစွမ်းကောင်း အများကြီး ဇာတ်ကားတစ်ကားထဲမှာ ဘယ်လို ပူးပေါင်းဆောင်ရွက်မလဲဆိုတာသိရဖို့ မစောင့်နိုင်တော့ဘူး' ဆိုတဲ့အတွက် ကြိုတင်လက်မှတ်ဝယ်ယူတယ်လို့ Fandango ဝက်ဘ်ဆိုက်က ရှာဖွေတွေ့ရှိခဲ့ပါတယ်။

၉၄ ရာခိုင်နှုန်းသော ဝယ်ယူသူတွေကတော့ အခြားလူစွမ်းကောင်း ဇာတ်ကားမှ လူစွမ်းကောင်းများဖြစ်တဲ့ Guardians of the Galaxy ဇာတ်ကားထဲက Starlord၊ Spider Man Homecoming ဇာတ်ကားထဲက ပီတာပါကာ (စပိုက်ဒါမန်း) အစရှိတဲ့ လူစွမ်းကောင်းတွေ တွေ့ဆုံပူးပေါင်းတာကို တွေ့ချင်တဲ့သူတွေဖြစ်ပြီး ကြိုတင်လက်မှတ် ဝယ်ယူသူ ၉၂ ရာခိုင်နှုန်းကတော့ Avengers Infinity War ဇာတ်ကားက Marvel ရုပ်ရှင်လောကထဲက ထွက်ခဲ့ဖူးသမျှ လူစွမ်းကောင်းဇာတ်ကားတွေထဲမှာ အကောင်းဆုံး၊ လူကြိုက်အများဆုံး ဇာတ်ကားဖြစ်မယ်လို့ မျှော်လင့်ကြတဲ့သူတွေ ဖြစ်တယ်ဆိုတာကိုလည်း Fandango ဝက်ဘ်ဆိုက်က ဖော်ပြခဲ့ပါတယ်။

၈၇ ရာခိုင်နှုန်းလောက်က Marvel ရုပ်ရှင်လောကမှာ ထွက်ပြီးတဲ့ လူစွမ်းကောင်းဇာတ်ကားတွေကို မလွတ်တမ်းအားပေးခဲ့ကြတဲ့သူတွေ ဖြစ်တယ်ဆိုတာကိုလည်း အပိုထပ်လောင်းပြောခဲ့ပါတယ်။ တချို့သော ပရိသတ် ၇၁ ရာခိုင်နှုန်းလောက်ကတော့ လတ်တလောကမှ ရုံတင်ထားတဲ့ Black Panter ဇာတ်ကားကို သွားကြည့်ထားကြသူတွေ ဖြစ်တာကြောင့် Avengers: Infinity War ကိုကြည့်ဖို့ စိတ်အားထက်သန်နေကြသူတွေဖြစ်ပါတယ်။ Avengers: Infinity War နဲ့ Black Panther ဇာတ်ကားကို ၂၀၁၈ အကောင်းဆုံးဇာတ်ကားနဲ့ ဒုတိယအကောင်းဆုံး ဇာတ်ကားအနေနဲ့ သတ်မှတ်ထားကြပါတယ်။ ရုံမတင်ခင်မှာတောင် ကြိုတင်လက်မှတ်ဝယ်ယူသူ စံချိန်ချိုးနေတဲ့ Avengers: Infinity War ဇာတ်ကားကို ဧပြီလ ၂၇ ရက်မှာ ရုံတင်မှာ ဖြစ်တာကြောင့် မလွတ်တမ်း စောင့်ကြည့်သင့်ပါတယ်။

**F-06**




# DC ပရိသတ်တွေအတွက် Aquaman ဗီဒီယို အမြည်းကို နောက်တစ်ပတ် ကြည့်ရတော့မယ်

Justice League ဇာတ်ကားမှာ ပရိသတ်နဲ့ စတင် မိတ်ဆက်ခဲ့တဲ့ Aquaman ကို တစ်ကိုယ်တော် ဇာတ်ကားမှာ ပြန်မြင်ရမှာပါ။

Aquaman ဇာတ်ကားရဲ့ဗီဒီယိုအမြည်းကိုတော့ ပရိသတ်တွေ အနေနဲ့ နောက်တစ်ပတ်လောက်မှာ မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ဒါရိုက်တာ ဂျိမ်းစ်ဝမ် ရိုက်မယ့် Aquaman ဇာတ်ကားမှာ Aquaman နေရာက နေ Game of Thrones မှ နာမည်ကျော်မင်းသား ဂျေဆင် မိုမိုအာ သရုပ်ဆောင်မှာဖြစ်ပြီး DC ရုပ်ရှင်လောကကို ကျယ်ပြန့်အောင် လုပ်ဖို့အတွက် လူစွမ်းကောင်းအသစ်တစ်ဦးကို မိတ်ဆက်ပေးတာလို့ဆိုရင်လည်း မမှားပါဘူး။

Aquaman ဗီဒီယို အမြည်းကို Ready Player One ဇာတ်ကားနဲ့ Teen Titans Go ဇာတ်ကား အမြည်းတို့နဲ့အတူ ပရိသတ်ကို ချပြမယ်လို့ ထုတ်ဖော်ပြောဆိုချက်တွေအရ သိရပါတယ်။

Batman v Superman: Dawn of Justice ဇာတ်ကားမှာ Aquaman ဆိုတဲ့ နာမည်နဲ့ စတင် မိတ်ဆက်ပေးခဲ့ပြီး Justice League ဇာတ်ကားမှာ လူကိုယ်တိုင် ပါဝင်သရုပ်ဆောင်လာတာကို တွေ့ရပါတယ်။

Aquaman ဇာတ်ဆောင် မိုမိုအာရဲ့ပြောပုံအရဆိုရင် နီကိုးလ်ကဒ်မန်းတို့လိုမျိုး ဝါရင့် သမ္ဘာရင့် သရုပ်ဆောင်များလည်း ပါဝင် ဖြည့်စွက်ထားတယ်လို့ သိရပါတယ်။

Aquaman ဇာတ်ကားကိုတော့ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ ပိတ်ကားပေါ်မှာ မြင်ရမှာပါ။

**F-06**





# လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုကို ကိုယ်တိုင် ကြုံခဲ့တယ်လို့ ဂျနီဖာ လိုပက်ဇ် ဖွင့်ဟ

ကမ္ဘာကျော် ပေါ့ပ်အဆိုတော် ဂျနီဖာလိုပက်ဇ်လည်း သူမကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားမှုကို ဖွင့်ဟ ပြောဆိုခဲ့ပါတယ်။

Harper's Bazaar မဂ္ဂဇင်းရဲ့အင်တာဗျူးတစ်ခုမှာ သူမကိုယ်တိုင် ပြောပြခဲ့တာဖြစ်ပါတယ်။

လိုပက်ဇ်ကို ဒါရိုက်တာတစ်ဦးက ရင်သားတွေကို ပြခိုင်းခဲ့တယ်လို့ ဆိုပါတယ်။

ဒါပေမဲ့လည်း လိုပက်ဇ်က ဒါရိုက်တာ ခိုင်းတဲ့အတိုင်း မလုပ်ခဲ့ဘူးလို့ ပြောခဲ့ပါတယ်။ အဲ့ဒီဖြစ်ရပ်ကို သူများတွေနဲ့ ဖွင့်ဟ ပြောဆိုတဲ့အချိန်မှာတော့ အရမ်းကြောက်ရွံ့ခဲ့ရတယ်လို့ သိရပါတယ်။

"ကျွန်မ သူများတွေ ကိုပြောတဲ့အခါမှာ အရမ်းကြောက်ခဲ့ရပါတယ်။ ငါဘာတွေ လုပ်လိုက်မိပြီလဲ ဒီလူက ငါ့ကို ငှားမှာလေလို့ ရင်ဘတ်ပွင့်ထွက်မတတ် နှလုံးခုန်နေပြီးတော့ စဉ်းစားနေတာကို မှတ်မိသေးတယ်" လို့ လိုပက်ဇ် ကဆိုပါတယ်။

"အဲ့ဒီအဖြစ်အပျက်ဖြစ်ချိန်မှာ ကျွန်မရဲ့ပထမဆုံး ဇာတ်ကား ပါ" လို့လည်း ထပ်မံပြောခဲ့ပါတယ်။

အသက် ၄၈ နှစ် အရွယ်ရှိပြီဖြစ်တဲ့ လိုပက်ဇ်ဟာဆိုရင် အခုအချိန်မှာ အဆိုပညာဘက်မှာသာ မဟုတ်ပဲနဲ့ သရုပ်ဆောင်ဘက်မှာပါ အတော်လေးပါဝင်လာတာ တွေ့ ရပါတယ်။ လိုပက်ဇ် နှောင့်ယှက်ခံရတုန်းက ၎င်းကို အဲ့ဒီလိုလုပ်ခိုင်းခဲ့တာ ဘယ် ဒါရိုက်တာဆိုတာကိုတော့ အမည်တပ် ပြောခဲ့တာမျိုးတော့ မရှိပါဘူး။

**F-06**

# Once Upon A Time in Hollywood ဇာတ်ကားမှာ မာဂေ့ါ ရော့ဘီ ပါဝင်မယ်

ဒါရိုက်တာ ကွမ်တင် တာရန်တီနို ရိုက်မယ့် ဇာတ်ကားမှာ မာဂေ့ါရော့ဘီကို ဇာတ်ဆောင် မင်းသမီးနေရာ သရုပ်ဆောင်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။

Once Upon a Time in Hollywood လို့ အမည်ရှိတဲ့ စိတ္တဇ လူသတ်ဖြစ်ရပ်မှန် ဇာတ်ကားမှာ ပါဝင်ဖို့ ယမန်နှစ် နွေရာသီတုန်းက ကမ်းလှမ်းတဲ့ တွေ့ဆုံမှုတစ်ခု ပြုလုပ်ပြီးတဲ့နောက်မှာတော့ မာဂေ့ါရော့ဘီက အဆိုပါဇာတ်ကားမှာပါဝင်ဖို့ တရားဝင် တွေ့ဆုံဆွေးနွေးမှုတွေ ရှိလာတယ်လို့ သိရပါတယ်။

အဆိုပါဇာတ်ကားမှာဆိုရင် မင်းသားတွေအနေနဲ့ ဘရက်ပစ်နဲ့ လီယိုနာဒို ဒီကာပရီယိုတို့ ပါဝင်မှာဖြစ်ပြီး ဆက်တင်တွေကတော့ ၁၉၆၉ ခုနှစ်လောက်တုန်းက အချိန်တွေဆီကို ပြန်သွားရမှာပါ။

လီယိုနာဒိုနဲ့ ဘရက်ပစ်တို့ရဲ့ ဇာတ်ကောင်တွေအနေနဲ့ ကတော့ လီယို နာဒို က ဇာတ်လမ်းတွဲ ရိုက်တဲ့ မင်းသားဖြစ်ပြီး ဘရက်ပစ်ကတော့ အဲ့ဒီ ဇာတ်လမ်းတွဲ မင်းသား အက်ရှင်ခန်းတွေဆို အစားထိုးရိုက်တဲ့ စတန့် မင်းသား နေရာတွေပဲ ဖြစ်ပါတယ်။ မာဂေ့ါရော့ဘီ ရဲ့ဇာတ်ကောင်က ဘယ်လို ပါဝင်ဖြည့်စွက်မလဲ ဆိုတာကိုတော့ သေသေချာချာ ထုတ်ပြန်ခြင်း မရှိသေးပါဘူး။

Once Upon a Time in Hollywood ဇာတ်ကားက ကွမ်တင် တာရန်တီနို ဝိန်း စတိန် ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီကနေ နုတ်ထွက်လိုက်ပြီး ဆိုနီ ကုမ္ပဏီနဲ့ လက်တွဲပြီးနောက် ဆိုနီကုမ္ပဏီ အတွက် ပထမဆုံး ရိုက်ကူး ပေးတဲ့ဇာတ်ကားလို့လည်း ဆိုရမှာပါ။ Once Upon a Time in Hollywood ဇာတ်ကားကို ၂၀၁၉ ဩဂုတ် ၁၉ ရက်နေ့မှာ ရုံတင်မှာ ဖြစ်ပါတယ်။

**F-06**



# အစ္စလာမ်သည် ဂျာမနီ၏ အစိတ်အပိုင်းမဟုတ်ဟု ပြည်ထဲရေးဝန်ကြီးသစ် ပြောကြား

**ဘာလင်၊ မတ် ၁၇**

ဂျာမနီအဓိပတိ မာကယ်လ်၏ သဘောထား တင်းမာသော ပြည်ထဲရေးဝန်ကြီးသစ်က အစ္စလာမ်သည် 'ဂျာမနီ၏ အစိတ်အပိုင်းမဟုတ်' ဟု မတ်လ ၁၆ ရက်နေ့တွင် ပုံနှိပ်ဖော်ပြသော အင်တာဗျူးတစ်ခုတွင် မှတ်ချက်ပေးခဲ့ရာ မာကယ်လ်၏ စတုတ္ထသက်တမ်းစတင်စ နှစ်ရက်သာ ရှိသေးချိန်တွင်ပင် နိုင်ငံရေးမုန်တိုင်းတစ်ခုကို အစပျိုးလိုက်ပြီဖြစ်သည်ဟု AFP သတင်းဌာနက သုံးသပ်ဖော်ပြသည်။

ဥရောပ၏ နံပါတ်တစ် စီးပွားရေးအင်အားကြီး ဂျာမနီသို့ ရွှေ့ပြောင်းမှုများနှင့် ခိုလှုံရန်ဝင်ရောက်လာသူများ အလုံးအရင်းနှင့် ဝင်ရောက်လာခြင်းကြောင့် ယခုအခါ အစ္စလာမ်ဘာသာသည် နိုင်ငံ၏ တစ်စိတ်တစ်ဒေသဖြစ်လာပြီလား ဆိုသောမေးခွန်းကို အရောင်းရဆုံး နေ့စဉ်ထုတ် Bild သတင်းစာက မေးမြန်းခဲ့ရာ ပြည်ထဲရေးဝန်ကြီးသစ် ဟို့စ်ဆီးဟိုဖားက 'မဟုတ်ပါဘူး' ဟု တုံ့ပြန်ခဲ့သည်။

"အစ္စလာမ်ဟာ ဂျာမနီရဲ့အစိတ်အပိုင်း မဟုတ်ပါဘူး။ ခရစ်ယာန်ဘာသာကပဲ တနင်္ဂနွေ အလုပ်ပိတ်အနားယူတာ၊ ချာ့ချ် အားလပ်ရက်နဲ့ အီစတာ၊ ပန်တီကို့စ်၊ ခရစ္စမတ်တို့လို ပွဲတော်တွေ အပါအဝင် ဂျာမနီကို ပုံဖော်ခဲ့တာဖြစ်ပါတယ်" ဟု ဖြေကြားခဲ့သည်။

"ကျုပ်တို့အကြားမှာ နေထိုင်နေတဲ့ မွတ်ဆလင်တွေဟာ သဘောသဘာဝအရတော့ ဂျာမနီရဲ့ အစိတ်အပိုင်းလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ဒီလိုပြောလို့ ကျုပ်တို့တွေက အယူမှားပြီး လိုက်လျောလက်ခံပေးရမယ်၊ ကျုပ်တို့ရဲ့ ရိုးရာနဲ့ ဓလေ့ထုံးစံတွေကို စွန့်လွှတ်ရမယ်လို့တော့ ဆိုလိုရာမရောက်ပါဘူး" ဟု ဆီးဟိုဖားက ပြောကြားခဲ့သည်။

ဂျာမနီတွင် မွတ်ဆလင်ဦးရေ ခန့်မှန်းခြေ ၄ သန်းခွဲ မျှရှိနေပြီး ယင်းတို့အနက်မှ ၁ ဒသမ ၈ သန်းမှာ နိုင်ငံသားများဖြစ်သည်။

အများစုမှာ ၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၇၀ ပြည့်လွန်နှစ်များက ခေါ်ယူခဲ့သော ဧည့်လုပ်သားဟု ထင်ရှားသည့် တူရကီမျိုးနွယ်ဝင်များမှ ဆင်းသက်လာကြသူများဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် စစ်ပွဲဒဏ်ခံ မွတ်ဆလင်လူများစုနိုင်ငံများဖြစ်သော ဆီးရီးယားနှင့် အာဖဂန်နစ္စတန်တို့မှ ခိုလှုံရန် ဝင်ရောက်လာသူ တစ်သန်းကျော် ရောက်ရှိလာချိန်တွင် ဂျာမနီမှ မွတ်ဆလင်လူဦးရေ သိသိသာသာတိုးပွားလာခဲ့သည်။

မာကယ်လ်သည် လက်ဝဲ-လက်ယာ မဟာညွန့်ပေါင်းအစိုးရသစ် ဖွဲ့စည်းနိုင်ခဲ့ပြီး စတုတ္ထသက်တမ်း စတင်ထမ်းဆောင်မှု ၄၈ နာရီသာရှိသေးချိန်တွင် ဆီးဟိုဖား၏ အငြင်းပွားဖွယ်မှတ်ချက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

မဟာညွန့်ပေါင်း (Grand Coalition) ဆိုသည်မှာ ဝါဒရေးရာ ကွဲလွဲမှုရှိသည့်ပါတီများ စုပေါင်း၍ ဖွဲ့စည်းထားသော ညွန့်ပေါင်းအစိုးရကို ဆိုလိုသည်။ မာကယ်လ်၏ ဗဟိုလက်ယာယိမ်း CDU/CSU နှင့် ဗဟိုလက်ဝဲယိမ်း ဆိုရှယ်ဒီမိုကရက်များ ညွန့်ပေါင်း ဖွဲ့လိုက်ခြင်းဖြစ်သည်။

ဆီးဟိုဖားသည် မာကယ်လ်၏ ခရစ်ယာန်ဒီမိုကရက်တစ်ယူနီယံ (CDU) ပါတီ၏ ဘာဗေးရီးယားပြည်နယ် ညီအစ်မပါတီ ခရစ်ယာန်ဆိုရှယ်ယူနီယံ (CSU) ၏ ခေါင်းဆောင်ဖြစ်ပြီး မာကယ်လ်အစိုးရအဖွဲ့တွင် ပထမဆုံးအကြိမ် ပါဝင်လာသူဖြစ်သည်။

ဆီးဟိုးဖား၏ ချဲ့ထွင်ဖွဲ့စည်းလိုက်သော ပြည်ထဲရေးဝန်ကြီးဌာနမှာ ပြည်ထဲရေး၊ ဆောက်လုပ်ရေးနှင့် အမိမြေရေးရာဝန်ကြီးဌာနဟူ၍ ဖြစ်လာပြီး မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးလက္ခဏာကို ထိန်းသိမ်းဖော်ဆောင်ရေးအတွက် အမိမြေရေးရာ ဌာနသစ်ကို တိုးချဲ့ထည့်သွင်းထားခြင်းဖြစ်သည်။ ယခုရွေးကောက်ပွဲတွင် လက်ယာစွန်း AfD ပါတီ အခြေအနေကောင်းခဲ့ပြီး မဲ ၁၃ ရာခိုင်နှုန်းမျှရရှိခဲ့ပြီး ပင်မပါတီကြီးများကို စိန်ခေါ်လာနိုင်ခဲ့ရာ မာကယ်လ်အစိုးရသည် အမျိုးသားရေးဘက်ကို ပြန်လည်အာရုံစိုက်သည့်အနေနှင့် ဝန်ကြီးဌာနကို တိုးချဲ့ပြီး သဘောထားတင်းမာသူ ဆီးဟိုးဖားကို ဝန်ကြီးရာထူးခန့်အပ်ခဲ့ခြင်းဖြစ်ဖွယ်ရှိသည်။

■ F-03



ဂျာမနီတွင် မွတ်ဆလင် ၄ သန်းခွဲမျှရှိနေပြီး ၁ ဒသမ ၈ သန်းမှာ နိုင်ငံသားများဖြစ်သည်


အီရန် ဒုံးပျံစမ်းသပ်မှုတွင် ပါဝင်သူများကိုအရေးယူမည်ဟု ဥရောပနိုင်ငံများ၏ အဆိုပြုချက်သစ်တွင် ဖော်ပြထားသည်

# အမေရိကန်၏ ရာဇသံအတိုင်း လိုက်နာပြီး အီရန်အပေါ် ပိတ်ဆို့မှုသစ်ချမှတ်ရန် ဥရောပပါဝါများ လုပ်ဆောင်

**ပဲရစ်၊ မတ် ၁၇**

အီရန် နျူကလီးယားသဘောတူညီချက်ကို ပြန်လည်ပြင်ဆင်သို့မဟုတ် အမေရိကန်တစ်နိုင်ငံတည်း အရေးယူမှု ပြန်လည်ချမှတ်မည်ဟု သမ္မတဒေါ်နယ်ထရမ့်က ဥရောပ ပါဝါများကို ရာဇသံပေးလိုက်ပြီးနောက်တွင် ပိတ်ဆို့မှုသစ်များချမှတ်ရေး အဆိုပြုချက်ကို ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီတို့ ထုတ်ပြန်လိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

အီရန်အပေါ် အရေးယူမှုသစ်များ ချမှတ်နိုင်ရေးတွင် ဥရောပသမဂ္ဂ အဖွဲ့ဝင် ၂၈ နိုင်ငံလုံး၏ သဘောတူညီချက် ရရှိရန်

စာ - 21

# အမေရိကန်ကျောင်းသားများ စာသင်ခန်းတွင်းမှ ၁၇ မိနစ်ကြာထွက်ခွာပြီး လက်နက်ထိန်းချုပ်ရေး တောင်းဆို ဆန္ဒပြ

**ဝါရှင်တန်၊ မတ် ၁၇**

အမေရိကန်နိုင်ငံတစ်ဝန်းမှ ထောင်သောင်းချီသော ကျောင်းသားကျောင်းသူများသည် ဆုတောင်းပွဲတစ်ပိုင်း၊ ဆန္ဒပြမှုတစ်ပိုင်းအဖြစ် စာသင်ခန်းများအတွင်းမှ ၁၇ မိနစ်ကြာထွက်ခွာပြီး ပိုမိုတင်းကျပ်သော လက်နက်ထိန်းချုပ်ရေးဥပဒေများ ပြဋ္ဌာန်းပေးရန် မတ်လ ၁၄ ရက်နေ့က တောင်းဆိုခဲ့ကြကြောင်း CNN သတင်းဌာနက ဖော်ပြသည်။

မိန်းပြည်နယ်မှ ကာလီဖိုးနီးယားပြည်နယ်အထိ နိုင်ငံအဝန်းတွင် ဆန္ဒပြခဲ့ကြခြင်းဖြစ်ပြီး လွန်ခဲ့သောတစ်လခန့်က ဖလော်ရီဒါပြည်နယ် မဂျော်ရတီစတုန်းမင်းဒေါက်ဂလက်စ်အထက်တန်းကျောင်းမှ ပစ်ခတ်သတ်ဖြတ်ခံရသူ ၁၇ ဦးကိုရည်စူးပြီး တစ်ဦးလျှင် တစ်မိနစ်နှုန်းဖြင့် ၁၇ မိနစ်ကြာ ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံတွင်းရှိ စံတော်ချိန်များအလိုက် နံနက် ၁၀ နာရီဝန်းကျင်တွင် ဆန္ဒပြမှုများ လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ အချို့ကျောင်းများတွင် သေဆုံးသူများ၏ အမည်ကိုဖတ်ကြားခဲ့ကြသလို အချို့ကျောင်းများတွင် ထိုင်ခုံလွတ် ၁၇ လုံးကို ဝန်းရံပြီး တိတ်ဆိတ်ငြိမ်သက်ခဲ့ကြသည်။

စာ - 21


အိမ်ဖြူတော်ရှေ့တွင်လည်း ကျောင်းသားများ ချီတက်ဆန္ဒပြခဲ့ကြသည်

**စာ - 20 အမေရိကန်၏ ရာဇသံအတိုင်းလိုက်နာပြီး အီရန်အပေါ် ပိတ်ဆို့ မှုသစ်ချမှတ်ရန် ဥရောပပါဝါများ လုပ်ဆောင် မှအဆက်**

လိုအပ်ကြောင်းကိုလည်း ဘရက်ဆဲမြို့တော်သို့ ပေးပို့ထားသည့် အဆိုပြုချက်တွင် ဖော်ပြထားကြောင်း အဆိုပါအရေးနှင့် နီးစပ်သူနှစ်ဦးက ပြောကြားသွားသည်။

ယင်းအဆိုပြုချက်သည် အီရန်နျူကလီးယားအစီအစဉ် ကန့်သတ်ရေး သဘောတူညီချက် အသက်ဆက်နိုင်ရေး ဥရောပနိုင်ငံများ၏ကြိုးပမ်းမှု တစ်စိတ်တစ်ဒေသလည်းဖြစ်သည်။

အဆိုပါသဘောတူညီချက်သည် အဆိုးရွားဆုံးသော သဘောတူညီချက်များတွင် တစ်ခုအပါအဝင်ဖြစ်သည်ဟု အမေရိကန် သမ္မတထရမ့်က ဝေဖန်ထားပြီး ယင်းသဘောတူညီချက်ရှိ လိုအပ်ချက်များကို ဥရောပနိုင်ငံများ ပြန်လည်ပြင်ဆင်သို့မဟုတ် အမေရိကန် တစ်နိုင်ငံအရေးယူပိတ်ဆို့မည်ဟု ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရာဇသံပေးခဲ့ခြင်းဖြစ်သည်။

ဥရောပပါဝါများ၏ အဆိုပြုချက်သစ်အရအီရန် ဒုံးပျံစမ်းသပ်မှုနှင့်ဆီးရီးယား ပြည်တွင်းစစ်တွင် ပါဝင်သည့် အီရန်နိုင်ငံသားများ၊ အဖွဲ့အစည်းများကိုပစ်မှတ်ထား အရေးယူမှုဖြစ်ကာ ယခင် အဆိုပြုထားသည့် အချက်များထက် ပိုမိုတင်းကျပ်လာခြင်းဖြစ်သည်။

ယင်းအဆိုပြုချက်သစ်ကိုလာမည့် တနင်္လာနေ့တွင် ဘရက်ဆဲမြို့၌ ကျင်းပမည့် တံခါးပိတ်အစည်းအဝေးတွင် ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးများဆွေးနွေးကြမည်ဖြစ်သည်။

အီရန် နျူကလီးယားသဘောတူညီချက်ကြောင့် အရှေ့အလယ်ပိုင်းဒေသတွင်း ကျယ်ပြန့်သည့် စစ်ပွဲပေါ်ပေါက်နိုင်ခြေကို ရှောင်လွှဲနိုင်ခဲ့သည်ဟု ယင်းစာချုပ်ချုပ်ဆိုစဉ်ကာလက ချီးကျူးခဲ့ကြသော်လည်း ယင်းသဘောတူညီချက်မှ ဝါရှင်တန်နုတ်ထွက်သွားပါက စာချုပ်ပြိုလဲသွားနိုင်ကြောင်း လေ့လာသုံးသပ်သူများက မှတ်ချက်ပြုထားသည်။

■ F-05

**စာ - 20 အမေရိကန်ကျောင်းသားများ မှအဆက်**

လော့စ်အင်ဂျလိစ်ရှိ ဂရန်နာဒါဟီးလ်စ်ချာတာ အထက်တန်းကျောင်းတွင် ကျောင်းသားများက အမေရိကန်ဘောလုံးကွင်းအတွင်း 'Enough' ဆိုသောစကားလုံးကို သရုပ်ဖော်ကာ လက်နက်များစည်းမရှိကမ်းမရှိ ကိုင်ဆောင်ခွင့် ပေးထားခြင်းကို တော်သင့်ပြီဟု တောင်းဆိုခဲ့ကြသည်။

စာသင်ကျောင်းများတွင် သေနတ်ကိုင် ပစ်ခတ်မှုများကြောင့် သေဆုံးမှုများကို ရပ်တန့်နိုင်ရန် လွှတ်တော်အမတ်များက ဥပဒေပြဋ္ဌာန်းခြင်းကဲ့သို့ တစ်ခုခုလုပ်ပေးရန် ကျောင်းသားများက တောင်းဆိုခဲ့ကြသည်။

"အခုက လက်ဝဲနဲ့ လက်ယာဆိုတဲ့ ကိစ္စမျိုးမဟုတ်ပါဘူး။ ဒါကအများပြည်သူဘေးကင်းရေးနဲ့ ဆိုင်သွားပါပြီ"ဟု နယူးယောက်ရှိလာဂါးဒီးယားအထက်တန်းကျောင်းမှ ကျောင်းသား ကိတ်ဝုစ်တ်မန်းက ပြောကြားသွားသည်။

■ F-03



# ခြောက်ဦးသေဆုံးသော မီယာမီတံတားပြိုကျမှုအပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်

**မီယာမီ၊ မတ် ၁၇**

သောကြာနေ့က မီယာမီတွင် ခြောက်ဦးသေဆုံးသွားသော အသစ်စက်စက် လူကူးတံတားတစ်စင်း ပြိုကျမှုဖြစ်ပွားပြီးနောက် အာဏာပိုင်များက အသေးစိတ် စုံစမ်းစစ်ဆေးနေသည်ဟု AFP သတင်းတွင် ဖော်ပြထားသည်။

တံတား၏ အခြားတစ်ဖက်စွန်းရှိတိုင်များပါ ပြိုကျမည်ကိုအင်ဂျင်နီယာများက စိုးရိမ်နေကြခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ဆောင်နေရာမှ တံတား ပြန်လည်ထုမတ်ရေးကို ပြောင်းလဲလုပ်ဆောင်နေရသည်ဟု ရဲဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တံတားပြိုကျမှု ဖြစ်ပွားရသည့် အစိုးရစုံစမ်းရေးအဖွဲ့ လာရောက် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသော်လည်း ရာဇဝတ်မှုဖြင့် တရားစွဲမလားဆိုသည်ကို ပြောရန် စောသေးသည်ဟု မီယာမီရဲဌာနမှ ဂျူယန်း ပီရက်ဇ်က ပြောကြားသည်။

"လူသေမှုနဲ့ လာရောက်စစ်ဆေးနေတာပါ။ ရာဇဝတ်မှုလို့ ဆိုလိုတာမဟုတ်သေးဘူးနော်။ ဒီကိစ္စကအရေးကြီးပါတယ်" ဟု ၎င်းကပြောကြားသည်။

အပျက်အစီးများအောက်တွင် ပိနေသော မော်တော်ယာဉ်ထဲမှ ပိတ်မိနေသူများကို ဆွဲထုတ်ကာ စိစစ်နေသောကြောင့် သေဆုံးသူအရေအတွက် ထပ်တိုးလာဖွယ်ရှိသည်ဟု ဆိုသည်။

ဖလော်ရီဒါတက္ကသိုလ်နှင့် ကျောင်းသားများ အဆောင်ရှိရာသို့ ဆက်သွယ်ပေးသော လျှောက်လမ်းတံတားသည် ပြီးခဲ့သောအပတ်က ပြီးစီးသွားခဲ့ပြီး ကူးသန်းသွားလာခွင့် မပေးရသေးပေ။

ကွန်ကရစ်တံတားသည် လမ်းပေါ်သို့ ပြိုကျနေသည်ကို ဗီဒီယိုပုံရိပ်များတွင် တွေ့မြင်ရသည်။ လူဆယ်ဦးကိုဆေးရုံသို့ ပို့ဆောင်ပေးထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

တန်ချိန် ၉၅၀ လေးသောတံတား ရုတ်တရက် ပြိုကျခဲ့ခြင်းကြောင့် အနည်းဆုံး ကားရှစ်စင်းပိတ်မိနေသည်။ တံတားပြိုကျသည့် အသံသည် ဗုံးပေါက်ကွဲသံကဲ့သို့ ကျယ်လောင်သည်ဟု ရဲအရာရှိ ဂျူအန်းကာလို့စ်လယ်ရာက ပြောကြားသည်။

မီယာမီမီးသတ်ဌာနမှူး ဒေ့ဗ်ဒေါင်နီက အသက်ရှင်ကျန်သူ ရှာတွေ့ရန် မျှော်လင့်ချက်မရှိဟု မှတ်ချက်ပေးသည်။ "မနေ့ညက တစ်ညလုံး ကျွန်တော်တို့ ရှာဖွေခဲ့ကြပါတယ်။ အချိန်ကြာမယ့် ကယ်ဆယ်ရေးလုပ်ငန်းပါပဲ" ဟု ၎င်းကဆိုသည်။

တံတားဆိုင်းကြိုးများလျော့လာသောကြောင့် တင်းလိုက်သည့်အချိန်တွင် ပြိုကျခဲ့ခြင်းဖြစ်သည်ဟုဖလော်ရီဒါ ဆီနိတ်တာ မာကိုရူဘီယိုက ပြောကြားသည်။

တံတားတစ်ခုလုံး ပြိုမကျမီ ကားကိုအချိန်မီကွေ့ကာ သီသီလေးလွတ်မြောက်လာသောလင်နယ်လ်ကောလင်းက "ကျွန်တော်တို့ကားထဲကနေထွက်ပြီးတစ်ဝက်တစ်ပျက်ကြေမွသွားတဲ့ ကားတွေထဲကလူတွေကိုသွားရောက် အကူအညီပေးခဲ့ပါတယ်။ ထရပ်ကားနှစ်စီးကတော့ လုံးဝကြေမွသွားပါတယ်"ဟု ပြောကြားသည်။

အသွားအလာ ရှုပ်သောအဝေးပြေးလမ်းကြောင့် မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်ဟုကျောင်းသားများကထောက်ပြနေသော နေရာတွင် လူကူးတံတား တည်ဆောက်ပေးခြင်းကို တက္ကသိုလ်ကမကြာသေးမီကပင် ချီးကျူးဂုဏ်ပြုခဲ့သည်ဟု သိရှိရသည်။

တံတားကို အစိတ်အပိုင်းလိုက်ကြိုတင်ပြုလုပ် တပ်ဆင်သည့်နည်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားတည်ဆောက်မှု စီမံကိန်းတွင် ပါဝင်သော FIGG အင်ဂျင်နီယာအုပ်စုက အာဏာပိုင်များ၏ စုံစမ်းစစ်ဆေးမှုတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်မည်ဟုထုတ်ပြန်ခဲ့သည်။

တည်ဆောက်မှုတွင် အလားတူပါဝင်သည့် Munillaဆောက်လုပ်ရေးလုပ်ငန်းကလည်း သေဆုံးသူများအတွက် ဝမ်းနည်းကြေကွဲကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် သက်တမ်းကြာလာသောတံတားများ ပြိုကျမည့်အန္တရာယ်ကို စိုးရိမ်မှုများရှိနေသော်လည်း တံတားပြိုကျမှုများ မကြာခဏဖြစ်ပွားလေ့မရှိပေ။

■ F-04

# လန်ဒန်မြေအောက်ရထားဗုံးခွဲမှုအတွက် အီရတ်နွယ်ဖွားတွင် အပြစ်ရှိကြောင်း တရားရုံးဆုံးဖြတ်



ပြီးခဲ့သည့်နှစ်က အနောက်လန်ဒန်တွင် မြေအောက်ရထားပေါ် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်

**လန်ဒန်၊ မတ် ၁၆**

လန်ဒန် မြေအောက်ရထား လူစည်ကားချိန် ဗုံးခွဲရန် ကြံစည်ခဲ့ပြီး လူ ၃၀ ခန့် ဒဏ်ရာရစေခဲ့မှုအတွက် အသက် ၁၈ နှစ်အရွယ် အီရတ်နိုင်ငံသားခိုလှုံရန် ဝင်ရောက်လာသူတွင် အပြစ်ရှိကြောင်း ဂျူရီအဖွဲ့က ဆုံးဖြတ်ခဲ့သည်ဟု AFP သတင်းဌာနက ဖော်ပြသည်။

"အာမက်ဟာဆန်ဟာ ဖြစ်နိုင်သမျှ လူအမြောက်အမြား သေဆုံးစေဖို့လက်လုပ်ဗုံးကိုဖန်တီးခဲ့တယ်ဆိုတဲ့ စွဲချက်ကို ဂျူရီအဖွဲ့က သဘောတူပါတယ်" ဟု လန်ဒန်အိုးဘိုင်လီတရားရုံး (အင်္ဂလန်နှင့် ဝေလပြည်၏ပြစ်မှုဆိုင်ရာ ဗဟိုတရားရုံး) ၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး ဥပဒေအရာရှိ ဆူးဟမ်းမင်းက ပြောကြားခဲ့သည်။

ဟာဆန်သည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလ ၁၅ ရက်နေ့က ခရီးသည် ၉၃ ဦး တင်ဆောင်လာသော ရထားတွဲပေါ်တွင် သံတိုသံစများ၊ အလွယ်တကူဖန်တီးနိုင်သော စေတန်နတ်ဆိုး၏ မိခင်ဟု ထင်ရှားသော TAPT ယမ်းများဖြင့် ဖန်တီးထားသော ဗုံးကို ချထားခဲ့ခြင်းဖြစ်သည်။

ဗုံးမှာ ဟာဆန်ဆင်းသွားပြီး နောက်တစ်မှတ်တိုင်ဖြစ်သော အနောက်လန်ဒန်ရှိ ပါဆန်စ်ဂရင်းကျုဘ် ဘူတာရုံတွင် တစ်စိတ်တစ်ပိုင်းသာ ပေါက်ကွဲခဲ့ခြင်းကြောင့် အသေအပျောက် မများခဲ့ခြင်းဖြစ်သည်။

ဟာဆန်သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင်မှ ဗြိတိန်သို့ ရောက်ရှိလာသူဖြစ်သည်။ အီရတ်တွင်ရှိစဉ်က IS အဖွဲ့ကို ဟာဆန်ကို သိမ်းသွင်းခဲ့ပြီး မည်သို့မည်ပုံ သတ်ဖြတ်ရမည်ကို လေ့ကျင့်ပေးခဲ့သည်ဟု ဆိုသည်။

ဗြိတိန်တွင် ခိုလှုံချိန်၌ ပင်နီနှင့် ရွန်ဂျုံးစ်မိသားစုက ဟာဆန်ကို အုပ်ထိန်းသူအဖြစ် တာဝန်ယူစောင့်ရှောက်ပေးခဲ့ကာ ဘရွတ်လန်းဒ် ကောလိပ်တွင် မီဒီယာနှင့် ဓာတ်ပုံပညာ တက်ရောက်သင်ကြားခဲ့သူဖြစ်သည်။

■ F-03



# ဘီလ်ဂိတ်စ် (Bill Gates)၏ ပညာရေးအမြင်

ဘီလ်ဂိတ်စ်သည် အမေရိကန်ပြည်ထောင်စု ပြင်ပနိုင်ငံများအတွက်လည်း ပညာရေးအတွက် ရန်ပုံငွေများ ထည့်ဝင်ပေးပြီး လုပ်ဆောင်ပေးနေသည်။ U.S. Partnership on Mobility from Poverty ဆိုသည့် ပရောဂျက်တစ်ခုကို ငွေများထုတ်ပေးပြီး ဆင်းရဲသောနိုင်ငံများက ပြည်သူများကို စီးပွားရေးလှေကား တစ်ထစ်ပြီးတစ်ထစ် တက်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

"ကျွန်တော်ကတော့ အခြားဆင်းရဲတဲ့နိုင်ငံတွေကို လျှောက်ကြည့်ပြီးတိုင်း အမေရိကကို ကူညီထောက်ပံ့ချင်စိတ်တွေ နည်းနည်းလာတယ်" ဟု သူက စိတ်ရင်းအတိုင်း ပြောခဲ့သည်။

အတ္တလန္တာတွင် ဆေးရုံတစ်ရုံ၌ ကလေးလာမွေးနေသည့် အမျိုးသမီးတစ်ဦးက သူ့တွင်လင်လည်းမရှိ၊ နေစရာလည်းမရှိတော့ကြောင်း သူ့ကိုပြောပြသည်နှင့် ကြုံဖူးသည်။ သို့သော် ဂိတ်က သူ့တွင် ခံစားမှုသိပ်မဖြစ်မိကြောင်း နှိုင်းယှဉ်ပြသည်။

"ခင်ဗျားတို့မှာ နေစရာမရှိဘူးဆိုပေမယ့် အေးအေးဆေးဆေး နေရပါသေးတယ်ဗျာ။ ကျွန်တော်ကြုံဖူးတဲ့ နိုင်ငံက ကလေးတွေဆိုရင် ခုတင်အောက်မှာရှိတဲ့ ရေချိုးဇလုံထဲကို ဝင်ပုန်းနေကြရတယ်။ သူတို့မှာ သေနတ်သံတွေကြားတိုင်း အဲဒီနေရာက သူတို့အတွက် အလုံခြုံဆုံးပဲ" ဟုဆိုသည်။

အမေရိကတွင် ငတ်နေသည်ဆိုသော်လည်း ပိုက်ဆံရှိလာလျှင် ဝယ်စားနိုင်သေးသည်။ ဆင်းရဲသည့် နိုင်ငံအချို့တွင် ပိုက်ဆံလည်း မရှိ၊ စားစရာလည်း မရှိပေ။ ထို့ကြောင့် ဂိတ်က သူအဘယ်ကြောင့် ဆင်းရဲသည့်နိုင်ငံများကို ပိုပြီး စေတနာထားနေရကြောင်း ပြောပြခြင်းဖြစ်သည်။

ဆင်းရဲသည့်နိုင်ငံများက ကလေးများသည် ပညာလည်း မသင်နိုင်၊ အလုပ်လည်း မရှိ၊ သူတို့တွင် လူမျိုးခွဲခြားမှုများကို ခံနေရရုံမက အကြမ်းဖက်မှုများကိုလည်း မရှောင်နိုင် မတိမ်းနိုင် ဖြစ်နေကြရရှာသည်။

"ကျွန်တော်တို့ အမေရိကန်ပညာရေးအတွက် အများကြီး လုပ်ပေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ အမေရိကန်အစိုးရကျောင်းတွေက ကျဆင်းနေတယ်။ တက္ကသိုလ်ဝင်တန်းတောင် မအောင်ကြတော့ဘူး။ ကောလိပ်လည်း ပြီးအောင်မတက်နိုင်တဲ့ အနေအထားတွေ ဖြစ်နေတယ်" ဟု သူက သုံးသပ်သည်။

"ကျွန်တော်တို့ ရှေးဦးသင်ပညာရေးတွေကို အားပေးရမယ်။ အထက်တန်းပညာသင်ကြားရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ရမယ်။ ပညာရေးက ဘယ်လိုအကျိုးရှိနိုင်တယ်ဆိုတာတွေကို ကလေးတွေသိအောင် လုပ်ပေးရမယ်။ ပညာတတ်မှ အောင်မြင်မယ်ဆိုတာတွေ သူတို့သိအောင် လုပ်ပေးရမယ်"ဟု သူကဆိုသည်။

ပညာရေးတွင် အထက်တန်းမပြီးမီ ကျောင်းထွက်သွားကြသည့်ပြဿနာကို အဖြေရှာကြရန်လိုသည်။ ကျောင်းတွေက လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်သောကြောင့်လား၊ ကျောင်းပညာရေးက အနာဂတ်မရှိသောကြောင့်လား စဉ်းစားရန်လိုသည်။

"ကျောင်းတွေမှာ ဘယ်လိုဟာမျိုးတွေကို သင်ဖို့လိုသလဲ။ ခေါင်းဆောင်နိုင်တဲ့ စိတ်ဓာတ်တွေ၊ လက်တွေ့ကျကျ ညွှန်ပြတတ်တဲ့ အလေ့အထတွေ၊ ကျောင်းဆိုတဲ့နေရာကို အခိုင်အမာမြတ်နိုးတွယ်တာစိတ် ဖြစ်လာအောင် စွဲဆောင်နိုင်တာတွေအပြင် ကျောင်းလာတာ မျှော်လင့်ချက်ကြောင့် လာတက်နေကြတာမျိုး ဖြစ်စေချင်ပါတယ်" ဟု သူကဆိုသည်။

ဂိတ်တောင်းဆိုသည်က အရည်အသွေးပြည့် ပညာရေးစနစ်မျိုးဖြစ်သည်။ ဆရာတွေအနေနှင့် quality ပြည့်သည့် သင်ကြားမှုမျိုးရှိသင့်ကြောင်း သူက ထောက်ပြသည်။ ဆရာတွေကို ပြန်ပြီးသုံးသပ်ရန်လိုသည်။ သူတို့ သင်ကြားနေမှုများသည် ထိရောက်မှု ရှိ၊ မရှိ ပိုင်းဖြတ်ရန်လိုသည်။ သူတို့သင်ကြားမှု၏ ရလဒ်ကို ပြန်လည်သုံးသပ်ရန် လိုလာသည်။

"ကျွန်တော်တို့ ဆရာတွေအနေနဲ့ ပထမဆုံးရှေ့ပြေးစမ်းသပ်မှုတွေ လုပ်ကြရမယ်။ အောင်မြင်ရင် ကျင့်သုံးမယ်။ မအောင်မြင်ရင် နောက်တစ်ခုစဉ်းစားမယ်။ အောင်မြင်တဲ့စနစ်တစ်ခုကို အခြားသောဆရာတွေကို မျှဝေမယ်။ ဒီသုံးချက်ကို လုပ်ဆောင်ဖို့လိုမယ်ထင်တယ်။ ကျောင်းသားတွေက အများကြီးတွေ သင်နေရတော့ ရှုပ်ထွေးနေတယ်။ ဒီနည်းနဲ့ သုံးပေမယ့် ဒီနယ်မှာ အောင်မြင်ပြီး အခြားနယ်ပယ်မှာ မအောင်မြင်နိုင်တာတွေလည်း ရှိနိုင်တာပဲ။ ဘယ်မှာဖြစ်ဖြစ် ရလဒ်အရေးကြီးတယ်။ ရလဒ်ကောင်းမှ အောင်မြင်နိုင်မယ်" ဟုလည်း သူက အကြံပြုသည်။

ပညာရေးတွင် အားလုံးတန်းတူ ပိုင်းဖြတ်ရန် မဖြစ်နိုင်ပေ။ မြို့ပြနှင့် ကျေးလက်၊ ဝင်ငွေ အနည်းအများ၊ ဆင်းရဲ ချမ်းသာစသည့် ကွာခြားမှုများအလိုက် အမျိုးမျိုးပြောင်းလဲနိုင်သည့် အနေအထားတွင် ရှိနေသည်။ အမေရိကန်ပြည်ထောင်စုတွင် ပညာရေးစနစ်ကို အကောင်အထည်ဖော်ရာတွင် အထက်အမိန့်ဆိုသည့် သဘောမျိုးမရှိ။ အားလုံးပေါင်းစည်းပြီး ဆုံးဖြတ်အကောင်အထည်ဖော်နေကြရသဖြင့် ဒီမိုကရေစီနည်းကျကျ အကောင်အထည် ဖော်နိုင်ပေလိမ့်မည်။

ပညာရေးတွင် ဆရာတို့၏အခန်းကဏ္ဍက များစွာအရေးပါသည့် အနေအထားတွင် ရှိနေသေးသည်။ သူတို့ သင်ကြားပို့ချမှုစနစ်က အရေးကြီးသည်။ ဆင်းရဲသည့်နိုင်ငံများနှင့် မိသားစုဘဝပြေလည်စေရေးအတွက် လုပ်ငန်းခွင်အသုံးချပညာများကို သင်ကြားပို့ချပေးရန်မှတစ်ပါး အခြားမရှိ။

"ကျွန်တော်တို့ကတော့ ဘယ်နည်းတွေ ကျင့်သုံးသည်ဖြစ်စေ သူတို့အောင်မြင်ဖို့ကို လိုချင်ပါတယ်။ အဲဒီလို အောင်မြင်အောင် လုပ်ပေးနေတဲ့ အဖွဲ့အစည်းတွေကိုပဲ ကျွန်တော်တို့က ထောက်ပံ့ချင်တယ်။ ကလေးတွေက တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားသွားချင်ပြီးတော့ နောက်ဆုံးမှာ သူတို့ဘဝအတွက် အထောက်အကူဖြစ်စေနိုင်တဲ့ ပညာတွေကို ရသွားရင်ပြီးတာပဲ"

ဘီလ်ဂိတ်တို့ ဇနီးမောင်နှံသည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို အထူးအလေးထား လှူဒါန်းနေကြသူများဖြစ်သည်။ သူတို့က လက်ရှိ ကျောင်းသင်ပညာရေးဒီဇိုင်းကြီးတစ်ခုလုံးကို မပြောင်းလဲလျှင် မဖြစ်တော့ကြောင်း ထောက်ပြကြသည်။ အရေးကြီးသည့် အချက်အလက် ဒေတာများကို စုစည်းခြင်း၊ ရရှိသည့်ဒေတာများကို ညှိနှိုင်းဆုံးဖြတ်ခြင်း၊ အဖြေထုတ်ပြီး ရှေ့ဆက်ကာ မည်သို့လျှောက်လှမ်းမည်ကို ဆုံးဖြတ်ခြင်းတို့ကသာ အဖြေဖြစ်ကြောင်း ပြောသည်။ ဂိတ်ပြောဖူးသည့် စကားတစ်ခွန်း ရှိသည်။

"နည်းပညာဆိုတာ လက်နက်တစ်ခုပါ။ ကလေးတွေကို သုံးနိုင်အောင်၊ သုံးတတ်အောင် လုပ်ပေးနိုင်ဖို့ဟာ ဆရာတွေ အရေးကြီးတယ်"

နည်းပညာခေတ်တွင် မည်သည့်နည်းနှင့်သင်သည်က အရေးမကြီးဆိုသော်လည်း နည်းပညာမပါဘဲ အမြန်ဆုံး တတ်သိမှုကို မရနိုင်ဟုမှတ်ယူရမည်။ ■

# ခရမ်းသီး ကြက်ဥမဆလာဟင်း

**ဒီတစ်ပတ်တော့ ခရမ်းသီးကို သုပ်စားရတာကြိုက်တဲ့သူတွေနဲ့ ဟင်းချက်စားရတာ ကြိုက်တဲ့သူတွေအတွက် အရသာလေး တစ်မျိုးပြောင်းစားရအောင် အခုပြောပြချင်တာကတော့ ခရမ်းသီး ကြက်ဥမဆလာဟင်း ချက်နည်းလေးဖြစ်ပါတယ်။**

အရင်ဆုံး ခရမ်းသီးကိုရေဆေးပြီး အပေါ်က အခွံတွေကို အကုန်လုံးခွာပေးပါ။ ပြီးရင်တော့ ဓားနဲ့ပါးပါးလှီးထားပါ။ အရသာဝင်အောင် ဆား၊ အသားမှုန့်တစ်မျိုးမျိုးတို့ကို ရောနယ်ထားပါ။ ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကို ငရုတ်ဆုံထဲမှာ မညက်တညက်ထောင်းပေးထားပါ။ ပြီးရင် ဒယ်အိုးတစ်လုံးထဲမှာ ဆီထည့် ဆီပူလာရင်တော့ နနွင်းမှုန့်နဲ့ မညက်တညက်ထောင်းထားတဲ့ ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကိုရောပြီး ဆီသတ်ပေးပါ။ ဆီသတ်တဲ့အနံ့လေး မွှေးလာပြီဆိုရင်တော့ ခုနအရသာနယ်ထားတဲ့ ခရမ်းသီးတွေကို ထည့်ချက်ပေးပါ။ တစ်ခုသတိထားရမှာက ဆီအနည်းငယ်လေး များများထည့်ပြီး ချက်ပေးပါ။ ဆီများများထည့်မှ အိုးမကပ်အောင်ပါ။ ရေကိုချက်ချင်းမထည့်ဘဲ ဆီနဲ့ပဲ အရင်ဆုံး ကြာကြာလေးချက်ပေးပါ။ အချိန်အနည်းငယ်လေးကြာလာရင်တော့ ရေထပ်ထည့်ပြီး ချက်ပေးပါ။ ခရမ်းသီးတွေ လုံးဝနူးလာတဲ့အထိ ချက်ပေးပါ။ ပြီးရင်တော့ ကြက်ဥကိုဖောက်ထည့်ပြီး ဇွန်းနဲ့မွှေပေးပါ။ ကြက်ဥလေး ကျက်လာပြီဆိုရင်တော့ အပေါ်ကနေ မဆလာခပ်များများလေး အုပ်ပေးလိုက်တာနဲ့ ကိုယ်တိုင်ချက်ထားတဲ့ ခရမ်းသီးကြက်ဥမဆလာဟင်းကို စားနိုင်ပါပြီ။

## ပါဝင်ပစ္စည်း

ခရမ်းသီး၊ ကြက်ဥ၊ မဆလာ၊ ဆီ၊ ဆား၊ ကြက်သားမှုန့်တစ်မျိုးမျိုး၊ နနွင်းမှုန့်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့ ပါဝင်ပါတယ်။



# ဆီးရီးယားတွင် အဓိကတိုက်ပွဲကြီးနှစ်ခု အရှိန်မြင့်တက်လာမှုကြောင့် သေဆုံးမှုနှင့် ထွက်ပြေးမှုများတိုးပွား




**ဒမတ်စကတ်၊ မတ် ၁၇**

ဆီးရီးယားတွင် အဓိကတိုက်ပွဲကြီး နှစ်ခု အရှိန်မြင့်တက်လာမှုကြောင့် အရပ်သား ထောင်ပေါင်းများစွာပိတ်မိနေပြီး အဝိုင်းခံနယ်မြေများမှ အရပ်သားထောင်ပေါင်းများစွာ သောကြာနေ့က ထွက်ပြေးလာကြသည်ဟု Reuters သတင်းတွင် ဖော်ပြထားသည်။

သူပုန်များထိန်းချုပ်ထားသော အရှေ့ဂူတ်တားကို ရုရှားကျောထောက်နောက်ခံပေးထားသော အစိုးရတပ်များက ဝိုင်းပတ်ဖိအားပေးနေပြီး လေကြောင်းတိုက်ခိုက်မှုများ တိုးမြှင့်နေသောကြောင့် ဒုက္ခရောက်နေသော အရပ်သားများ ဒုတိယနေ့အဖြစ် ထွက်ပြေးနေကြသည်။

ထို့အပြင် ကာ့ဒ်များထိန်းချုပ်ထားသော အေဖရင်မြို့တွင်လည်းတူရကီတပ်များနှင့် သူပုန်တပ်ဖွဲ့များ အမြောက်မိုးရွာမှုကြောင့် အနည်းဆုံး ၂၇ ဦးသေဆုံးခဲ့ပြီး လူ ၂၅၀၀ ကျော် ထွက်ပြေးသွားခဲ့သည်။ အေဖရင်ကို ထိန်းချုပ်ထားသောကာ့ဒ် YPG တပ်ဖွဲ့က တူရကီတပ်များကိုရင်ဆိုင်တိုက်ခိုက်နေသည်ဟု ပြောကြားခဲ့သည်။

ဆီးရီးယားတွင် အစ္စလာမ်ကာလီဖိတ်နယ်မြေထူထောင်ခဲ့သော IS အဖွဲ့ မနှစ်က ရှုံးနိမ့်သွားခဲ့ပြီးနောက် ထိန်းချုပ်နယ်မြေများတိုးချဲ့ရန် ဆီးရီးယားအစိုးရတပ်နှင့် တူရကီတပ်များက ကြိုးစားနေကြခြင်းဖြစ်သည်။

ရှစ်နှစ်ကာလသို့ ဝင်ရောက်လာသော ဆီးရီးယားစစ်ပွဲအတွင်း လူပေါင်း သန်းဝက်မျှ သေဆုံးခဲ့ပြီး ၁၁ သန်းခန့် နေအိမ်များစွန့်ခွာထွက်ပြေးခဲ့ရာ ၎င်းတို့အနက် ခြောက်သန်းခန့်မှာယနေ့ခေတ်၏ အဆိုးဝါးဆုံးဒုက္ခသည်များအဖြစ် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

ဆီးရီးယားအစိုးရကအရှေ့ဂူတ်တား ထိုးစစ်ကိုလွန်ခဲ့သောတစ်လက စတင်ခဲ့ပြီး တူရကီတို့က နယ်စပ်ဖြတ်ကူးအေဖရင် ထိုးစစ်ကို ဇန်နဝါရီလကစတင်ခဲ့သည်။

ရုရှားနှင့် အီရန်ကထောက်ပံ့ပေးထားသော ဆီးရီးယားအစိုးရတပ်များသည် အရှေ့ဂူတ်တားကို သုံးပိုင်းခွဲပစ်လိုက်ရာ အစားအစာနှင့် ဆေးဝါးအရေးပေါ်လိုအပ်နေသော အရပ်သား ၄၀၀,၀၀၀ ခန့် ပိတ်မိနေသည်ဟု ကုလသမဂ္ဂက ယုံကြည်နေသည်။

လပိုင်းအတွင်း ပထမဆုံးအဖြစ် အစိုးရက ထိုးစစ်ကိုရပ်ဆိုင်းပေးထားရာ ဒေသခံလူထုမှာ ကလေးများနှင့် အထုပ်များကိုဆွဲကာ ဘေးလွတ်ရာသို့ ထွက်ပြေးလာကြသည်။ ယခုရက်ပိုင်းအတွင်းအရှေ့ဂူတ်တားမှ ထွက်ပြေးလာသူ ၁၂,၀၀၀ မှ ၁၆,၀၀၀ အထိရှိခဲ့ပြီးတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသောအေဖရင်မှ ထွက်ပြေးသူ ၄၈,၀၀၀ ခန့်ရှိသည်ဟုသိရှိရသည်။

သူပုန်ထိန်းချုပ်နယ်မြေ ၇၀ ရာခိုင်နှုန်းခန့်ကို ပြန်လည်ရရှိထားပြီဟုဆီးရီးယားစစ်တပ်နှင့် မဟာမိတ်များက သောကြာနေ့တွင် ပြောကြားသည်။ ထွက်ပြေး လာသောအရပ်သားများကို အစားအစာနှင့် နေထိုင်စရာများပေးမည်ဟု ဆီးရီးယားစစ်တပ်က ကြေညာထားသည်။

အဝိုင်းခံနယ်မြေများတွင် သူပုန်များကအရပ်သားများကိုလူသားဒိုင်းကာ အဖြစ်အသုံးချနေသည်ဟု မော်စကိုနှင့် ဒမတ်စကတ်က စွပ်စွဲထားပြီး သူပုန်များကမူ ထိုအချက်ကို ငြင်းပယ်ကြသည်။

အရှေ့ဂူတ်တားလေကြောင်းထိုးစစ်ကြောင့် ကတ်ဖ်ဘာနာမြို့တွင် ကလေး ၁၄ ဦးအပါအဝင် လူပေါင်း ၈၀ သေဆုံးခဲ့သည်ဟု အကဲခတ်စောင့်ကြည့်သူများက ပြောကြားသည်။

အရှေ့ဂူတ်တားမှ ထွက်ပြေးလာသူ ၅၅,၀၀၀ ခန့်ကိုကူညီစောင့်ရှောက်ရန် အစီအစဉ်များကိုချမှတ်လုပ်ဆောင်နေသည်ဟု ယူနီဆက်က ပြောကြားသည်။

နယ်မြေသိမ်းပိုက်ရေးစစ်ဆင်ရေးများအတွင်း သူပုန်များကိုတူရကီနယ်စပ်သို့ တိမ်းရှောင်နိုင်ရန် ဆီးရီးယားအစိုးရက ထွက်ပေါက်ပေးထားသည်။ အရှေ့ဂူတ်တားတွင်လည်း ရုရှားစစ်ဘက်က သူပုန်များကို အလားတူထွက်ပေါက်ပေးထားသော်လည်း သူပုန်များက လက်ရှိအချိန်အထိ ငြင်းဆန်နေကြသည်ဟုသိရှိရသည်။

ကုလလုံခြုံရေးကောင်စီကရက်ပေါင်းသုံးဆယ် အပစ်အခတ် ရပ်စဲရေး တောင်းဆိုထားသည့်ကြားမှ အရှေ့ဂူတ်တားနှင့် အေဖရင်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခဲ့သည်။ ဂူတ်တားမှ သူပုန်များသည် အပစ်ရပ်စာချုပ်ဖြင့် အကာအကွယ်မပေးနိုင်သောအကြမ်းဖက်သမားများဖြစ်သည်ဟုမော်စကိုနှင့် ဒမတ်စကတ်က ပြောကြားသည်။ ကာ့ဒ် YPG တပ်ဖွဲ့ကိုလည်း တူရကီကအလားတူစွပ်စွဲပြောဆိုလျက်ရှိသည်။

ဆီးရီးယားသူပုန်များကို တိုက်ခိုက်နေသော တူရကီ၊ အီရန်၊ ရုရှားသုံးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဆီးရီးယားအရေးကို ဆွေးနွေးရန်အတွက် ကာဇက်စတန်မြို့တော် အက်စတာနာတွင် တွေ့ဆုံခဲ့ကြသည်။

■ F-04

# တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကြီးထွားလာခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံများအကြား စိုးရိမ်တကြီးတုံ့ပြန်မှုများ ဖြစ်ပေါ်




**ဘောဂျင်း၊ မတ် ၁၇**

ဒေသတွင်း၌ တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုနှင့် အကျိုးစီးပွား ကြီးထွားလာမှုကြောင့် ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာဟန်ချက်ပြောင်းလဲကာ အရှေ့တောင်အာရှ နိုင်ငံများအကြား စိုးရိမ်တကြီးတုံ့ပြန်မှုများ ဖြစ်ပေါ်လာစေသည်ဟုစင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားလိုက်ကြောင်း CAN သတင်းတွင် ဖော်ပြထားသည်။

သောကြာနေ့က ဆစ်ဒနီတွင် ကျင်းပသော တတိယအကြိမ်မြောက် စင်ကာပူ ဩစတြေးလျထိပ်သီး ညီလာခံနှင့် အာဆီယံ ဩစတြေးလျ အထူးထိပ်သီး ညီလာခံတွင် လီရှန်လွန်းကထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဆီယံသည် ကမ္ဘာကြီးကိုအဖြူအမည်း မခွဲဘဲ ကမ္ဘာ့အင်အားကြီးနိုင်ငံအားလုံးနှင့် စီးပွားရေးလုပ်ကိုင်သွားမည်ဟု ၎င်းကဆိုသည်။

အာဆီယံကို တရုတ်က သွေးခွဲနေပါသလားဟု ဩစတြေးလျမီဒီယာက မေးမြန်းသောအခါ လီရှန်လွန်းက "ခင်ဗျားက တရုတ်နယ်စပ်မှာရှိတဲ့ ကုန်းတွင်းပိတ်နိုင်ငံဖြစ်နေရင်တော့ ကမ္ဘာကြီးကို တစ်မျိုးဖြစ်နေမှာပေ့ါ။ ဒါပေမဲ့ အာဆီယံနိုင်ငံတွေရဲ့အမြင်က အမျိုးမျိုးကွဲပြားနေတာဟာ ဒီအကြောင်းတစ်ခုတည်းကြောင့်တော့ မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ဒါက ကမ္ဘာကြီးရဲ့ တကယ့်အဖြစ်မှန်ဆိုတာကို ကျွန်တော်တို့ မျှော်လင့်ထားရမယ်"ဟု လီရှန်လွန်းက ပြောကြားသည်။

အာဆီယံကိုင်တွယ်ရမည့် ကိစ္စများစွာရှိနေပြီး ဖိအားများ၊ တင်းမာမှုများကို အကောင်းဆုံး ဖြေရှင်းသွားမည်ဟု ၎င်းက ဆိုသည်။

ဩစတြေးလျဝန်ကြီးချုပ် မယ်လ်ကွန်တန်းဘူးလ်ကလည်း စင်ကာပူနှင့် ဩစတြေးလျ တို့၏ဆက်ဆံရေးသည် အကောင်းဆုံးအနေအထားတွင် ရှိနေကြောင်း၊ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့တွင် နှစ်နိုင်ငံစလုံးသည် တူညီသော တန်ဖိုးများနှင့် အကျိုးတူစီးပွားများရှိနေကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ကွင်းစ်လန်းမြောက်ပိုင်းတွင် စစ်အခြေစိုက်စခန်းတစ်ခု ပူးတွဲအကောင်အထည်ဖော်ရေးအတွက် မြေနေရာရရှိရေး လုပ်ငန်းစဉ်မှာလည်း လုပ်ဆောင်နေဆဲဖြစ်သည်ဟု မယ်လ်ကွန်တန်းဘူးလ်က ပြောကြားသည်။

၂၀၀၉ ခုနှစ်ကစတင်ခဲ့သော အခွန်နှစ်ထပ်ချမှတ်မှု ရှောင်ရှားရေးသဘောတူညီချက် ခေတ်မီပြင်ဆင်ရေးလုပ်ငန်းစဉ်ကိုလည်း ဆက်လက်လုပ်ဆောင်နေပြီး ဆွေးနွေးစရာများရှိနေသည်ဟု တန်းဘူးလ်ကပြောကြားသည်။

အာဆီယံနိုင်ငံများတွင် စမတ်မြို့တော်များ အကောင်အထည် ဖော်ရေးတွင်လည်း ဩစတြေးလျကစင်ကာပူနှင့် ပူးပေါင်း လုပ်ဆောင်သွားမည်ဟု တန်းဘူးလ်က ပြောကြားသည်။

လီရှန်လွန်းကလည်း ဩစတြေးလျမြို့ကြီးများသည် စမတ်မြို့တော်ကဏ္ဍတွင် များစွာတိုးတက်နေသောကြောင့် အရှေ့တောင်အာရှတွင် ဩစတြေးလျပါဝင်လုပ်ဆောင်နိုင်သည့် ကဏ္ဍတစ်ခုဖြစ်သည်ဟု မှတ်ချက်ပေးသည်။

အာဆီယံတွင် ဩစတြေးလျပါဝင်ပေါင်းစည်းသင့်သလားဟု အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုကမေးမြန်းသောအခါ ဩစတြေးလျဝန်ကြီးချုပ်က "အာဆီယံရဲ့ ကိစ္စတွေဟာ အာဆီယံနဲ့ဆိုင်တဲ့ ကိစ္စတွေသာဖြစ်ပါတယ်။ ကျွန်တော်တို့က အာဆီယံကို လေးစားမှုရှိပါတယ်။ ဩစတြေးလျနဲ့ အာဆီယံဟာ ဆွေးနွေးဖက်တွေဖြစ်ကြပြီး နီးနီးစပ်စပ် အတူတကွ လုပ်ဆောင်နေကြပါတယ်။ ဒေသတွင်းမှာအာဆီယံရဲ့ အရေးပါမှု၊ အဓိကကျမှုကို ကျွန်တော်တို့ လေးစားမှုထားရှိပါတယ်" ဟု ပြောကြားခဲ့သည်။

■ F-04

# လူငယ်တွေကို အခွင့်အရေးပေးပါ

**အမေရိက** တွင် လူငယ်များအတွက် ခိုလှုံစရာ နေရာရှားပါသည်။ လူငယ်တစ်ဦးက တစ်ခုခုကို အပြစ်ကျူးလွန်ပြီးပြီ၊ အမည်းစက်ထင်သွားပြီဆိုလျှင် မည်သူကမှ လှည့်မကြည့်ချင်လောက်အောင် ဖြစ်သွားကြသည်။ အပြစ်တစ်ခုခု ကျူးလွန်ခဲ့သည့် လူငယ်တစ်ယောက် အတွက် အထက်သို့တက်နိုင်ရန် လှေကားတစ်ထစ် နင်းခွင့်ပေးရပါလိမ့်မည်။ သူတို့ကို အခွင့်အရေး မပေးလျှင် သူတို့အထက်ကို မည်သို့ရောက်လာနိုင်မည်နည်း။ အထူးသဖြင့် အမေရိကတွင် ထောင်ကထွက်လာ သည့် လူငယ်တို့ဘဝက ပိုဆိုးသည်။



ကက်ဆီဒီကမ့်တစ်ယောက် ယခု အသက် ၂၁ ပြည့်တော့မည်ဖြစ်သည်။ မကြာမီ Florida State တက္ကသိုလ်မှ နောက်ထပ်ဘွဲ့တစ်ဘွဲ့ကို ထပ်ယူတော့မည်ဖြစ်သည်။ သူက ယခုဆိုလျှင် ဘွဲ့နှစ်ဘွဲ့ပိုင်ရှင်ဖြစ်နေသည်။ အထက်တန်းကျောင်းသူဘဝက ပြဿနာရှာသည့် ကောင်မလေးတစ်ယောက်အဖြစ် နာမည်ကျော်သည်။ ထို့ကြောင့် သူ့ကို လူငယ်ပြုပြင်ရေးကျောင်းပို့ထားသည်။

အသက် ၁၄ နှစ်သမီးလောက်ကတည်းက ဒုက္ခပေါင်းစုံ ကြုံတွေ့ခဲ့ရသည်။ စိတ်သောကဒဏ်ရာတွေလည်း ရခဲ့သည်။ နောက် ၂ နှစ်လောက်ကို သပွတ်အူထဲတွင် မျောနေခဲ့ရသည်။ စိတ်သောကတွေကို သူက ဒေါသအဖြစ်ပြောင်းပြီး ပြဿနာလိုက်ရှာသည်။ လူတွေက သူ့ကို နားမလည်။ သူက လူတွေအပေါ် ပိုပြီး ကြမ်းတမ်းစွာဆက်ဆံသဖြင့် လူ့ဘောင်အတွင်း အချိုးမပြေ အဆင်မပြေသူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့ရသည်။

> **လူငယ်စခန်းသည် အကောင်းချည်း ဖြစ်ချင်မှဖြစ်မည်။ အချင်းချင်းတိုက်ခိုက်မှုများ၊ နှိမ်မှုများ၊ ဝန်ထမ်းများနှင့် အဆင်မပြေမှုများ ရှိကောင်းရှိနိုင်သည်။ မည်သို့ဆိုစေ သူတို့လို လူငယ်တွေအတွက်တော့ နားခိုစရာ နေရာကောင်းတစ်ခုဖြစ်သည်ကို မငြင်းနိုင်ပေ။**

အသက် ၁၆ နှစ်အရွယ်တွင် အိမ်ကထွက်ပြေးသည်။ ထိုမှ Florida Keys Children’s Shelter ဂေဟာကိုရောက်လာသည်။ စာရွက်တွေတစ်ထပ်ကြီး ဖြည့်လိုက်ရသည်။ ခြေထောက်တွင် ဖိနပ်မပါ။ ခန်းမကြီးထဲတွင် ရပ်နေရသည်။ သူ့ကို သက်သေခံကတ်ပြား ထုတ်ပေးသည်။ အဝတ်အစားထုတ်ပေးသည်။ စခန်းကထုတ်ပေးသည့် အဝတ်အစားကို ဝတ်ပြီးနေရသည်။

တစ်ယောက်တည်း နေရာသစ်တွင် ကြောက်နေစဉ် အမျိုးသမီးတစ်ယောက်က ရောက်လာပြီး သူ့လက်မောင်းကိုကိုင်ကာ ကြင်နာစွာဖြင့် သူနေရမည့်နေရာကို ခေါ်သွားသည်။ သူတို့က ရေအိမ်သုံးစက္ကူ၊ အဝတ်အစား၊ ဖိနပ်နှင့် နွေးထွေးသော အိပ်ရာတွေကိုပေးသည်။ ညှော်ခန်းထဲသွားထိုင်သည့်အခါ အခြား မိန်းကလေးတွေ ရောက်လာပြီး ဘယ်ကလာသလဲဟု ဝိုင်းမေးကြသည်။

လူငယ်စခန်းတွင် သုံးလလောက်နေပြီးနောက် သူတို့အချင်းချင်း နားလည်မှုတွေ ရလာသည်။ တစ်ချိန်က ဆိုးပါသည်ဆိုသောသူတွေ အချင်းချင်း သူတို့ဇာတ်လမ်းလေးတွေ ပြောပြပြီး နားလည်မှုတည်ဆောက်ကြည့်ကြသည်။ အားလုံးတွင် နာကျင်ဖွယ်ရာ ဇာတ်လမ်းတွေ ရှိနေကြသည်ပင်။ သူတို့တွင် နားထောင်ပေးမည့်သူတွေ ယခင်ကမရှိ။ ယခုတော့ ကိုယ့်အချင်းချင်း ပြောစကားတွေကို နားထောင်ပေးကြသည်။ နှစ်သိမ့်ပေးကြသည်။ ကာလကြာလာသည့်အခါတွင် အားလုံးတွင် ဖိစီးထားသည့် စိတ်သောကဆိုသည်မှာ ဘာမှန်းမသိ မရှိလောက်အောင်ဖြစ်သွားတော့သည်။

လူငယ်စခန်းသည် အကောင်းချည်း ဖြစ်ချင်မှဖြစ်မည်။ အချင်းချင်း တိုက်ခိုက်မှုများ၊ နှိမ်မှုများ၊ ဝန်ထမ်းများနှင့် အဆင်မပြေမှုများ ရှိကောင်းရှိနိုင်သည်။ မည်သို့ဆိုစေ သူတို့လို လူငယ်တွေအတွက်တော့ နားခိုစရာ နေရာကောင်းတစ်ခုဖြစ်သည်ကို မငြင်းနိုင်ပေ။

စခန်းတွင် ဘတ်စ်ကက်ဘော ကစားသည်။ ကဗျာတွေဖတ်သည်၊ ရေးသည်။ သူကိုယ်တိုင် စွမ်းရည်ပြပြိုင်ပွဲများကို ဝင်ပြိုင်သည်။ နေရင်းထိုင်ရင်း သူ့အပေါ်တွင် ဖိစီးထားသည့်စိတ်တွေ လျော့ပါးစပြုလာသည်။ စခန်းအတွင်း အုပ်စုလိုက် ဖွင့်ဟဝန်ခံခြင်း၊ အကြံပြုခြင်းများ လုပ်ကြသည်။ စာသင်ကြသည်။ သူတို့ ဤနေရာကို လူဆိုးလေးတွေဟု ထင်မှတ်ပြီးရောက်လာကြခြင်းဖြစ်သည်။ သို့သော် သူတို့တွင် အခွင့်အရေးတွေ ရှိနေသေးကြောင်း ကောင်းကောင်းသဘောပေါက်လာကြသည်။

လူငယ်ပြုပြင်ရေးစခန်းဆိုသည်ကို လူတွေက လူဆိုးတွေရောက်လာပြီ၊ ပိုဆိုးကာ ထွက်လာသည့်နေရာဟု ထင်ကြသည်။ ကက်ဆီဒီက သက်သေပြသည်။ သူ့ကို ခိုနားခွင့်ပြုသည့်နေရာတွင် နေထိုင်ပြီး ဘွဲ့နှစ်ဘွဲ့ ရအောင်ယူပြသည်။

လူငယ်တွေကို အခွင့်အရေးတစ်ခု ပေးကြည့်စေချင်သည်။ လူငယ်တွေကို အထင်သေးပြီး အလကားဟုထင်ကာ ချောင်ထိုးလိုက်လျှင် တိုင်းပြည်နှင့် အနာဂတ်သာ ဆုံးရှုံးတတ်ပါသည်။ လူငယ်တွေကို လမ်းစဖော်ပေးသင့်ပါသည်။ ပျက်စီးနေသည့်ဟု ကိုယ့်အထင်နှင့်ထပ်ပြီး မဖျက်ဆီးလိုက်ရန်လိုပါသည်။ ■E01

**(ကာဆီဒီကမ့်သည် ယခုအခါ RB Oppenheim Associates အဖွဲ့အစည်းတွင် Account Coordinator တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်နေသည်)**

**(Ref: Give our troubled youth a chance)**


**The Voice Daily**

လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ရန်ကုန် -၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊

မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ












အစတုန်းကတော့ ဗိုလ်အောင်ဒင်ရယ်ပါ။ နောက်ပိုင်းနာမည်ပြောင်းလိုက်ပြီ။ ဒင်ဆိုတာ နောက်ပိတ်မို့ နိမိတ်မကောင်းဘူးလေ။ ထိန်ဆိုတော့ ထိန်ထိန်လင်း မယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဒီတော့ ဗိုလ်အောင်ထိန်ဖြစ် သွားတာ။ အခု ပြန်လာတာက ပင်နီလေးနဲ့ အရင်လို ဘောင်းဘီဝတ် သူပုန်ခေါင်းပြ မဟုတ်တော့ဘူးရယ်။

ဗိုလ်အောင်ဒင်ဘဝတုန်းက သူဟာ သူပုန်ဘက်က။ ဗိုလ်ကြီးရာထူးနဲ့။ နောက်တော့ သူပုန်တွေက ကန်ထုတ်လိုက်တယ်။ သူ့သူငယ်ချင်းတစ်ယောက်က သူပုန်တွေကို ပုန်ကန်လို့ဆိုလား။ ဒီတော့ ဗိုလ်အောင်ထိန်ဟာ သူပုန်တွေကို စိတ်နာတယ်။ သူပုန်တွေကို ကြည့်မရဘူး။ ကြည့်သာမရတယ်။ သူပုန်တွေ ပေးထားတဲ့ ဗိုလ်ကြီးဆိုတဲ့ ရာထူးကိုလည်း မစွန့်လွှတ်နိုင်။ ဒီတော့ ဗိုလ်အောင်ထိန်ဆိုပြီး ဖြစ်လာတာပေါ့။

အရင်တုန်းက ဗိုလ်အောင်ဒင်က ပိုက်ဆံ မရှိလို့ ခေါင်းပြတိုက်တယ်။ ဗိုလ်အောင်ထိန်လို့ နာမည်ပြောင်းပြီး နောက်ပိုင်းမှာတော့ သူဟာ ပိုက်ဆံကိုဂရုမစိုက်တော့ဘူး။ အဓိကက အာဏာပဲ။ အာဏာရှိရင် ကြိုက်တာလုပ်လို့ရတယ်ဆိုတာ ဗိုလ်အောင်ထိန် သိတယ်။ အဲ့တော့ အာဏာရအောင်လုပ်ရမယ်လို့ တွေးတယ်။

အာဏာရဖို့ဆိုတာ မလွယ်လှဘူး။ ဒါပေမဲ့ ဗိုလ်အောင်ထိန်ပဲ။ နပ်တာပေါ့။ ဘယ်သူက အာဏာပေးနိုင်လဲ။ အာဏာပေးနိုင်သူကို ကပ်တာပေါ့။

လွန်ခဲ့တဲ့ နှစ် ၃၀ လောက်က သူပုန်တွေကို တော်လှန်ဖို့ မမဝင်း ဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက် ပေါ်လာတယ်။ သူပုန်တွေကလည်း မမဝင်းကို ကြောက်တယ်။ မမဝင်းက တော်တယ်။ ထက်တယ်။ ပြည်သူတွေ ချစ်တယ်။ အဲ့တော့ ဗိုလ်အောင်ထိန်ဟာ မမဝင်းကို ပြေးကပ်တယ်။ မမဝင်းသာ အာဏာရရင် ငါလည်း နေရာကောင်းမှာပဲ ဆိုပြီးတော့ပေါ့။

ဒါပေမဲ့ ဗိုလ်အောင်ထိန်ဟာ ကံဆိုးတယ်။ သူပုန်တွေက ရှုပ်ရှုပ်ချုံချုံ ပေကပ်နေတာနဲ့ အာဏာရဖို့ နှစ် ၃၀ လောက်စောင့်လိုက်ရတယ်။ နောက်ဆုံးမှာ သူပုန်တွေ လက်နက်ချပြီး မမဝင်း အစိုးရတက်လာတယ်။ မမဝင်းအစိုးရတက်လာတော့ ဗိုလ်အောင်ထိန်လည်း နေရာရပြီပေါ့။

ဒါပေမဲ့ ဗိုလ်အောင်ထိန်ကို ရှေ့တန်းမထွက်ခိုင်းဘူး။ ဘာကြောင့်လဲဆိုတော့ ဗိုလ်အောင်ထိန်ဟာ သူပုန်ဘဝကလာသူမို့ ရိုင်းတယ်။ ဗိုလ်အောင်ထိန်ရဲ့နာမည်ဝှက်က ဇောက်ရှူးတဲ့လေ။ ဘာကြောင့်လဲဆိုတော့ ဗိုလ်အောင်ထိန် ဒေါသထွက်လာရင် ဇောက်ရှူး ဇောက်ရှူးလို့ ခြောက်ခါ ကြွေးကြော်လေ့ရှိတာကိုး။

ဗိုလ်အောင်ထိန်ဟာ မမဝင်းကို ဘယ်လိုကပ်ရမလဲဆိုတာသိတယ်။ ကပ်နည်းအမှန်ကတော့ ဖားတာပဲ။

“မမဝင်း နားကပ်လေး လှလိုက်တာ။ ဒီနေ့ဝတ်တဲ့ချိတ်လေးက လန်းတယ်နော်။ ဟို တဘက်လေးရော မချုံတော့ဘူးလား။ ဟိုစိန်ကလေးက မမဝင်းနဲ့ အရမ်းလိုက်တယ်” ဆိုတာတွေဟာ ဗိုလ်အောင်ထိန်ရဲ့ ဖားလုံးတွေပဲ။ အဲ့လိုဖားလွန်းအားကြီးတော့ ဗိုလ်အောင်ထိန်ဟာ ဖားကြီးနဲ့ တူလာတယ်။ ဖားတောင်မှ စားဖားမဟုတ်။ ပါးအစ်အစ်နဲ့ ဖားပြုတ်ကြီးနဲ့ တူတာ။

အဲ့လိုတွေဖားတော့ မမဝင်းကလည်း သဘောကျတယ်။ သဘောကျတော့ ဗိုလ်အောင်ထိန် အရေးပေးခံရတာပေါ့။ မောင်လေး ထိန်ထိန် ဘာလုပ်လုပ် အပြစ်မပြောရှာဘူး။ ဒီတော့ ဗိုလ်အောင်ထိန်ဟာ သူ ကြည့်မရသူတွေကို ရာထူးတွေက ဖြုတ်တယ်။ သူ့ကို ဝေဖန်သူတွေကို ဖမ်းခိုင်းတယ်။

ဗိုလ်အောင်ထိန်ဟာ ဘာနဲ့တူလာလဲဆိုတော့ ကုန်းဘောင်ခေတ်က ဘိုင်ဆပ်နဲ့ တူလာတယ်။ ဘိုင်ဆပ်ကလည်း ဘုရင်ကို ကြိုးကိုင်နိုင်တယ်။ သူ့စိတ်ကြိုက်တိုင်းပြည်ကိုလုပ်တယ်။ လူသုံးထောင်လောက် သတ်ပစ်တယ်။ ကြည့်မရသူတွေ အကုန်လုံးကို ဖမ်းတယ်။ နောက်ဆုံးတော့ ဘိုင်ဆပ်လည်း သေတာပါပဲ။

အခု ဗိုလ်အောင်ထိန်လည်း ဒီလိုပဲ။ အများဆန္ဒတွေ ဘာတွေ ဂရုစိုက်မနေဘူး။ သူ ကြည့်မရရင် ပြုတ်။ ဖြုတ်။ သူ့ကိုတည့်အောင်ပေါင်းနိုင်ရင် ရာထူးရ။ အဲ့တော့ လူတွေက ဗိုလ်အောင်ထိန်ကို ကြောက်လာကြတယ်။ ဗိုလ်အောင်ထိန်ကို ဒုတိယ ဘဘရွှေလို့တောင် တင်စားသူတွေ ရှိလာတယ်။ ဗိုလ်အောင်ထိန် စာဖတ်နေသည် မနှောင့်ယှက်ရ။ ကြည့်မရရင် ဝန်ကြီးရော၊ ဝန်ကြီးချုပ်ရော နားမလည်ဘူး။ အကုန်ဖြုတ်ပစ်မယ်။

အခုဆို သိုင်းလောကမှာ စကားလုံးတစ်ခုတောင် ခေတ်စားနေတယ်။ Bo Aung Htein Approved တဲ့။ ဗိုလ်အောင်ထိန်သာ ခွင့်ပြုလိုက်ပြီဆိုရင် ပွဲပြီးပြီ ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဗိုလ်အောင်ထိန် အထက်မှာ ဘယ်သူမှ မရှိဘူး။ ဘာလုပ်လုပ် ဗိုလ်အောင်ထိန် ခွင့်ပြုဖို့လိုတယ်။ ဗိုလ်အောင်ထိန် အပရ ပေါ့။

နောက်ဆို

No men above the Bo Aung Htein

(ဗိုလ်အောင်ထိန်အထက်မှာ ဘယ်သူမှ မရှိ) တို့။

Bo Aung Htein is State. State is Bo Aung Htein

(နိုင်ငံတော်သည် ဗိုလ်အောင်ထိန်ဖြစ်သည်) ဆိုတဲ့ စကားတွေတောင် ပေါ်လာနိုင်တယ်။

တကယ်တော့ အပေါ်မှာရေးထားတာတွေ အကုန်လုံး အထင်မှားတာ။ ဗိုလ်အောင်ထိန်က အဲ့လိုမဟုတ်ဘူး။ သူ့မှာ ရည်မှန်းချက်တစ်ခုပဲရှိတယ်။ အဲ့ဒါက ဘာလဲဆိုတော့ သူ့သားသမီးတွေကို မင်္ဂလာကောင်းကောင်းဆောင်ပေးဖို့ပဲ။ အဲ့ဒါကြောင့် ဗိုလ်အောင်ထိန်ဟာ အာဏာရှိတာနဲ့ သားသမီးတွေကို မင်္ဂလာဆောင်ပေးတယ်။ ဗိုလ်အောင်ထိန် ကျင်းပတဲ့ မင်္ဂလာဆောင်ဆိုတော့ နိုင်ငံတော်က အကြီးဆုံးတွေ အကုန်တက်ရတယ်။ နိုင်ငံတော် မင်္ဂလာဆောင်တောင် ဖြစ်သွားသေးတယ်။ ဗိုလ်အောင်ထိန်ကလည်း နိုင်ငံတော်ပဲကိုး...။

အခုဆို ဗိုလ်အောင်ထိန်ရဲ့ ရည်မှန်းချက်တွေ ပြည့်သွားပြီ။ အဲ့တော့ ဗိုလ်အောင်ထိန်ဟာ အာဏာကိုစွန့်လွှတ်တယ်။ ပါဝါတွေကို စွန့်လွှတ်တယ်။ ပြီးတော့ တောထွက်သွားပြီ။ ဒါပေမဲ့ တောတွေက မြန်မာပြည်မှာမရှိတော့ တောရှိတဲ့နိုင်ငံကို ထွက်သွားတယ်။ အခုဆို ဗိုလ်အောင်ထိန်ဟာ မဟာမြိုင်တောင်ရောက်နေပြီလား မသိဘူး။

ဗိုလ်အောင်ထိန်မရှိတော့ လူတွေက တော်တော်ပျော်ကြတယ်။ အထူးသဖြင့် ဗိုလ်အောင်ထိန့် အောက်ကလူတွေပေါ့။ ဗိုလ်အောင်ထိန်ရှိတုန်းက မလှုပ်ရဲဘူး။ စကားလည်း မပြောရဲကြဘူး။ ဒါပေမဲ့ ဗိုလ်အောင်ထိန်လည်းမရှိရော စကားတွေလည်းပြော၊ လှုပ်တာမှထတောင်ကကြတယ်ဆိုပဲ။ အခုဆို ဗိုလ်အောင်ထိန် မရှိတော့ လွှတ်တော်ကြီးတောင် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာတယ်။ အခြားလူတွေလည်း အသက်ရှူချောင်ကုန်တယ်။

ဗိုလ်အောင်ထိန်ရှိတုန်းက အဖြုတ်ခံခဲ့ရတဲ့လူတွေကလည်း အခုဆို မျှော်လင့်ချက်တွေ ရှိလာပြီ။ အရင်လိုနေရာတွေ ပြန်ရဖို့ မျှော်လင့်ကုန်ကြတယ်။

ဒါပေမဲ့သတင်းထောက်တွေကတော့ မပျော်ဘူး။ ဗိုလ်အောင်ထိန်ကို လွမ်းနေကြတယ်။ ဗိုလ်အောင်ထိန်ရှိတုန်းက ဘာပဲဖြစ်ဖြစ် သတင်းတွေ ရသေးတယ်။ ဗိုလ်အောင်ထိန် ကိုယ်တိုင်က နိုင်ငံတော်ဆိုတော့.... နိုင်ငံတော်နဲ့ပတ်သက်တဲ့ သတင်းတွေရတယ်။ အခုဆို ဗိုလ်အောင်ထိန်မရှိတော့ သတင်းတွေလည်း မရတော့ဘူး။ အခြားလူတွေကလည်း ဗိုလ်အောင်ထိန့်လို မပြောရဲဘူး။ အဆိုးဆုံးကတော့ စာမူခတွေ နည်းသွားတာပဲ။

အရင်ကဆို ဗိုလ်အောင်ထိန် ဘာပြောပြော သတင်းဖြစ်တယ်။ စိုပြေလည်း ဗိုလ်အောင်ထိန်ပြောတာတွေကိုသရော်စာရေးတယ်။ အခုဆိုဗိုလ်အောင်ထိန်ကလည်း ဘာမှမပြောတော့ ဘာမှလည်း ရေးမရတော့ဘူး။ ဒါကြောင့် ဗိုလ်အောင်ထိန်နဲ့ ပတ်သက်သမျှ ဒီတစ်ပုဒ်ဟာ နောက်ဆုံးပဲ။

■ စိုပြေ

**အခုဆို ဗိုလ်အောင်ထိန်ရဲ့ ရည်မှန်းချက်တွေ ပြည့်သွားပြီ။ အဲ့တော့ ဗိုလ်အောင်ထိန်ဟာ အာဏာကိုစွန့်လွှတ်တယ်။ ပါဝါတွေကို စွန့်လွှတ်တယ်။ ပြီးတော့ တောထွက်သွားပြီ။ ဒါပေမဲ့ တောတွေက မြန်မာပြည်မှာမရှိတော့ တောရှိတဲ့ နိုင်ငံကို ထွက်သွားတယ်။ အခုဆို ဗိုလ်အောင်ထိန်ဟာ မဟာမြိုင်တောင် ရောက်နေပြီ လား မသိဘူး။**

# ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်စာမေးပွဲစနစ်ကို လေ့လာသုံးသပ်ခြင်း

ဂျပန် နိုင်ငံတွင် ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာန National Center Test for University Admissions ကို အပြင်းအထန် ဝေဖန်မှုများပြုထားသည်ကိုတွေ့ရသည်။ ယင်းဝေဖန်မှုတွင် ဝင်ခွင့်စာမေးပွဲမေးခွန်းသည် စဉ်းစားတွေးခေါ်နိုင် စွမ်း၊ ဝေဖန်ပိုင်းဖြတ်နိုင်စွမ်း၊ ကိုယ်စွမ်းကိုယ်စကိုထုတ်ပြနိုင်စွမ်းမရှိသော စာမေးပွဲဟူ၍လည်း သုံးသပ်ထားကြောင်း တွေ့ရသည်။ စာကိုအထပ်ထပ်ဖတ်၊ အကြိမ်ကြိမ်လေ့ကျင့်ထားလျှင် အမှတ်များများ ရစေရန် ဖြေဆိုနိုင်သည့် စာမေးပွဲဖြစ်ကြောင်းလည်း ဝေဖန်မှုပြုထားသည်။

ဂျပန်နိုင်ငံတွင် ကျင်းပနေသည့် လက်ရှိစာစစ်ဌာနထုတ် မေးခွန်းကို လေ့လာသုံးသပ်ကြည့်လျှင် ဘာသာရပ်တိုင်း၌ Multiple Choice မေးခွန်းများကို အသုံးပြုနေကြောင်းတွေ့ရသည်။ ကျောင်းသားတွေက မေးခွန်းစာရွက်ပေါ်ရှိ အဖြေမှန်ခြစ်ရန် သတ်မှတ်ပေးထားသည့်နေရာကို ရွေးချယ်ပြီး ခဲတံဖြင့် မှတ်သားပေးလိုက်ရုံသာဖြစ်သည်။ ထိုအဖြေမှန်နေရာကို ကွန်ပျူတာဖြင့်စစ်ဆေးပြီး ရမှတ်ကို ထုတ်ပြန်ပေးလိုက်ရန်သာ ဖြစ်သည်။ ထိုစနစ်ဟောင်း တက္ကသိုလ်ဝင်ခွင့် စစ်ဆေးခြင်းကိုပင် ၂၀၂၀ ပြည့်နှစ်မတိုင်မီအထိ ဆက်လက်ကျင့်သုံးသွားရန်ရှိပြီး၊ ၂၀၂၀ ပြည့်နှစ်ရောက်မှ စာမေးပွဲစနစ်ကို ပြောင်းလဲမည်ဖြစ်သည်။ စာစစ်ဌာနက မည်သည့်ပုံစံဖြင့် စာမေးပွဲစစ်ဆေးမည်ဆိုခြင်းကို တိကျစွာထုတ်ပြန်ခြင်း မပြုသေးသော်လည်း အဖြေနေရာတွင် ခဲခြစ်အမှတ်အသား ပြုပေးရမည့်အစား စာဖြင့်ရေးချပေးရမည့်စနစ်ဖြစ်နိုင်ကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။ သင်္ချာစာမေးပွဲဆိုလျှင် ယခင်လို မှားမှန်ရောထွေး အမှန်ရွေး သဘောမျိုးမဟုတ်ဘဲ၊ အဖြေကို ရေးချပေးရမည့်သဘော ဖြစ်လာနိုင်သည်။

ပြဿနာက ယမန်နှစ် မေလကစသည်ဟု ဆိုရမည်။ မြူနီစီပယ်က ထုတ်ပြန်ထားသည့် မြေယာထိန်းသိမ်းပြုပြင်ရေးဆိုင်ရာ စည်းကမ်းချက်များ၊ အိမ်၊ ဆိုင်နှင့် လမ်းဆိုင်ရာ လိုက်နာရမည့် သဘောတရားများကို ကျောင်းသား ကျောင်းသူများ သိရှိစေရန် ပညာပေးကြသည်။ ကျောင်းကိုလာပြီး ပညာပေးဟောပြောကြသည်။ လက်ကမ်းစာစောင်များကို ဖတ်စေသည်။ ပြီးသည့်အခါတွင် သူတို့ နားလည်လိုက်သည့် မြူနီစီပယ်က ထုတ်ပြန်ထားသော ပြည်သူတို့လိုက်နာရမည့် အချက်များကို စာလုံးရေ ၈၀ မှ ၁၂၀ အတွင်း ရေးခိုင်းသည်။ ဂျပန်ကျောင်းသားတွေ ရေးပေးနိုင်သည်က စာလုံးရေ ၂၀ အတွင်းသာဖြစ်သည်။ ကျောင်းသားတွေ၏ ဝမ်းနည်းဖွယ်ကောင်းသည့်အစွမ်းကို ဒေသခံအာဏာပိုင်တွေက အတော်လေးစိတ်မကောင်း ဖြစ်သွားကြသည်။

ကျောင်းသူကျောင်းသားများကိုစာဖတ်စွမ်းရည်နှင့် နားလည်မှုဆိုင်ရာ စစ်ဆေးသည့်အနေနှင့် မြူနီစီပယ်က ပြဋ္ဌာန်းထားသော လမ်းညွှန်ချက်များကိုလည်း နားလည်သဘောပေါက်စေရန် စာရေးခိုင်းမှ သူတို့ပညာရေးကို ကောင်းကောင်းသဘောပေါက်သွားသည်။ ငါတို့ကျောင်းသားတွေ လွတ်လပ်စွာ တွေးခေါ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ထုတ်ဖော်ခြင်း စွမ်းရည်တွေ မည်မျှ ကင်းမဲ့နေကြောင်းကိုဖြစ်သည်။

ပြင်သစ်နိုင်ငံတွင် အထက်တန်းအဆင့် နောက်ဆုံးစာမေးပွဲနှင့် ဂျပန်နောက်ဆုံးစာမေးပွဲက မိုးနဲ့မြေလို ကွာခြားလှသည်။ ပြင်သစ်အထက်တန်း နောက်ဆုံးစာမေးပွဲတွင် အတွေးအခေါ် (Philosophy) ကို ထည့်သွင်း စစ်ဆေး စမ်းသပ်မှုတွေပါသည်။ မေးခွန်း သုံးခုမေးသည်။ တစ်ခုပဲ ရွေးရသည်။ ထိုတစ်ခုကို လေးနာရီထိုင်ဖြေရသည်။ ကျောင်းသား၏ အတွေးအခေါ်ကို စမ်းသပ်စစ်ဆေးခြင်း စစ်စစ်ဖြစ်သည်။ ကျောင်းသားက သူ့စိတ်ထဲ အတွေးထဲရှိသမျှ ချရေးနိုင်သည်။ သူ့ရေးသားချက်အပေါ် ဆရာတွေက အကဲဖြတ် အမှတ်ပေးခြင်းဖြစ်သည်။


Icecusa

ဂျပန်နိုင်ငံမှာလို ကွန်ပျူတာနှင့် စစ်ဆေးနိုင်သည့် စာမေးပွဲမျိုးမဟုတ်သည့်အတွက် ကုန်ကျစရိတ်သက်သာချင်မှ သက်သာမည်။ သို့သော် ကျောင်းသားကို ကောင်းစွာအကဲဖြတ်နိုင်သည်။ ကျောင်းသားက ကျက်ဖြေ၍မရနိုင်သည့် မေးခွန်းမျိုးတွေ မေးထားသည်။ တွေးဖြေနိုင်အောင်လည်း သူတို့ပညာရေးစနစ်က သင်ပေးထားသည်။ သူရွေးချယ်လိုက်သည့်မေးခွန်းသည် သူ့အတွက် ပညာနှင့် အတွေးအခေါ်ကို အကောင်းဆုံး ဖော်ထုတ်ပြနိုင်ခြင်းဖြစ်သည်။ လက်ရှိဖြစ်ပျက်နေသည့် ပြဿနာများဆိုင်ရာ မေးခွန်းကို သူရွေးချယ်လိုက်သည်ဆိုလျှင်လည်း သူ မည်သို့ ကိုင်တွယ်ဖြေရှင်းမည်ဆိုခြင်းကို ကောင်းစွာသဘောပေါက်နိုင်သည်။ အတွေးအခေါ်နှင့် အတွေးအမြင်ကို ဦးစားပေးသည့် စာမေးပွဲစနစ်ဖြစ်သည်။

ဂျပန်နိုင်ငံ တက္ကသိုလ်ကျောင်းသားတွေက အမေရိက၊ ဥရောပ၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံမှ တက္ကသိုလ်ကျောင်းသားများကို မကျော်နိုင်ကြောင်း သိသာသည်။ အထူးသဖြင့် စာရေး၊ စာဖတ်၊ အဆုံးအဖြတ်နှင့် ကိုယ်ပိုင်ဆန္ဒထုတ်ဖော်နိုင်စွမ်းများတွင် အားနည်းနေကြသည်။

ဂျပန်နိုင်ငံ ပညာရေးဝန်ကြီးသည် မိမိတို့ တက္ကသိုလ်ကျောင်းသားများ အဘယ်ကြောင့် နိုင်ငံခြားကျောင်းသားများနှင့်ယှဉ်လိုက်လျှင် အားနည်းနောက်ကျနေရကြောင်း ယခုမှသိလိုက်ရသလို လုပ်လိုက်သည်။ သူက လက်ရှိ တက္ကသိုလ်ဝင်စာမေးပွဲကို ထောက်ပြသည်။ ကျက်ထား မှတ်ထား လေ့ကျင့်ထားလျှင် ဖြေဆိုနိုင်သည့် စာမေးပွဲဟုဆိုသည်။ အတွေးအခေါ်မပါသော ခဲခြစ်စာမေးပွဲကို ကိုယ်ပိုင်တွေးခေါ်၊ စဉ်းစား၊ ပိုင်းဖြတ်၊ ဝေဖန်နိုင်သည့် စာမေးပွဲတစ်ခုအသွင်ပြောင်းရန် စာစစ်ဌာနကို လမ်းညွှန်သည်။

ဥရောပနိုင်ငံများတွင် အထက်တန်း နောက်ဆုံးနှစ်ကျောင်းသားများသည် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲများ ဖြေဆိုကြရသည်။ သူတို့ဖြေဆိုရသည့် အကြောင်းအရာများထဲတွင် အနောက်တိုင်းဒဿန၊ စာပေနှင့် အနုပညာဆိုင်ရာ အတွေးအခေါ်နှင့်အမြင်များကိုဝေဖန်ဆန်းစစ်ခြင်းဆိုသည့် အကြောင်းအရာများကို ထည့်သွင်းထားကြောင်းတွေ့ရသည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် သူတို့၏ စာဖတ်စွမ်းရည်၊ နားလည်နိုင်စွမ်း၊ ပြန်လည်ရေးသားဖော်ထုတ်နိုင်စွမ်းများကို စစ်ဆေးသည်။ စာတွေကို အများကြီး အရှည်ကြီးတွေ အက်ဆေးပုံစံဖြင့် ရေးခိုင်းခြင်းတွေလည်းပါသည်။ ဥရောပနိုင်ငံများ၏ ပညာရေးတွင် မူလတန်းမှ အထက်တန်းအဆင့်အထိ သဘာဝကို ခံစားခြင်း၊ တွေးခေါ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ထုတ်ဖော်နိုင်ခြင်းစွမ်းရည်ကို စစ်ဆေးသည့် သင်ကြား သင်ယူမှုများကို ထည့်သွင်းထားသောကြောင့် အစွမ်းထက်သူများများ ပေါ်ထွက်စေနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရမည်။

အမေရိကန်ပြည်ထောင်စုတွင် ကျင့်သုံးသည့် စာမေးပွဲစနစ်ကို ယခင်လို စိတ်ဖိစီးပြီး ဖြေရမည့်အစား၊ စိတ်ကို ပေါ့ပေါ့ပါးပါးထားပြီး စာမေးပွဲအဖြစ်ပြောင်းလဲနိုင်ရန် ကြိုးစားနေကြသည်။ စာမေးပွဲအတွက် စာတွေကို ကျက်လာရသည့် ဆိုသည့် သဘောတရားကို သူတို့ ပပျောက်စေရန် ကြိုးစားနေကြခြင်းဖြစ်သည်။ ရလဒ်အနေဖြင့် ကျောင်းသားများ၏ အသိပညာ ဗဟုသုတနှင့် ကျွမ်းကျင်မှုသည် သိပ်ပြီးမြင့်မားလာသည်ဟု မဆိုနိုင်သော်လည်း စာဖတ်စွမ်းရည်တွေကတော့ တက်လာသည်။ သူတို့ကလေးတွေ အနောက်ဂန္ထဝင်စာပေတွေကိုလေ့လာဖတ်ရှုမှုများ တိုးတက်လာကြသည်။ သို့သော် သင်္ချာတွင်တော့ အာရှကိုမမီ နိမ့်ကျနေဆဲဖြစ်သည်။

သို့သော် အမေရိကန်လေးတွေ ကောင်းချက်က ဘာသာရပ်တစ်ခုကို အဆင်အပြင် တင်ဆက်ဖော်ထုတ်ပြသမှု (Presentation) အားသာပြီး၊ သူတို့သည် အပြန်အလှန် ဆွေးနွေး ငြင်းခုံရမှုများတွင် အခြားနိုင်ငံက ကျောင်းသားတွေထက် သာလွန်နေသည်။ ယင်းသည် အမေရိကန်ပညာရေးစနစ်၏ ပညာကို စိတ်ပေါ့ပါးစွာ ရှာဖွေ လေ့လာသင်ယူနိုင်ရမည်ဆိုသော အကျိုးဆက်တစ်ခုဖြစ်သည်။ သူတို့ ကျောင်းသားတွေ အထက်တန်းအောင်ပြီးလျှင် ဘယ်သူကမှ သူတို့အပေါ် ဖိစီးမှုတွေမရှိ။ ကိုယ့်စိတ်ကြိုက်ဘာသာ ကိုယ်တိုင်ရွေးချယ် သင်ကြားနိုင်ခွင့်ရှိသည်။ စနစ်က လွတ်လပ်မှုကို အခြေခံသလို လွတ်လပ်သော အဖြေရှာမှုတွေကိုပါ တန်ဖိုးထားသည့် ပညာရေးစနစ်ဖြစ်နေကြောင်း တွေ့ရသည်။

အမေရိကန်တက္ကသိုလ်ပညာရေးသည် ကျောင်းသားကိုယ်တိုင် ဝါသနာပါရာကို ရွေးချယ်ပြီး လေ့လာ သင်ကြားနိုင်ရေးကို ဦးစားပေးထားသည့် ပညာရေးစနစ်ဖြစ်သည်။ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒစသည့် ဘာသာရပ်များကို အင်ဂျင်နီယာဖြစ်ချင်သော ကျောင်းသားတွေက ရွေးသင်ကြသည်။ သူတို့တွင် ဘာသင်လျှင် ဘာဖြစ်မည်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ထားသည်။ ဘွဲ့ရပြီးလျှင်လည်း ကိုယ်မည်သည့်လမ်းကြောင်း လိုက်နိုင်သည်ကို ချပြထားသည်။ အလုပ်ကိုရွေးချယ်နိုင်သလို၊ ပညာဆက်သင်ချင်သူတွေကလည်း ပညာလမ်းကြောင်းကို ရွေးချယ်နိုင်ခွင့်ရှိသည်။

ဂျပန်နိုင်ငံကျောင်းသားတွေက တစ်မျိုးထူးခြားသော ကျောင်းသားတွေ ဖြစ်နေသည်။ သူတို့သည် သင်္ချာတွင် တော်ကောင်းတော်မည်။ သိပ္ပံတွင်လည်း ထူးချွန်ကောင်း ထူးချွန်မည်။ လူမှုရေး၊ အင်္ဂလိပ်တို့တွင်လည်း အထက်တန်းအဆင့်တွင် မဆိုးဟုဆိုရမည်။ သို့သော် ထိုဘာသာရပ်အားလုံးကို သူတို့က ကျက်ဖြေ၊ လေ့ကျင့်ဖြေ၊ မေးသည့်အတိုင်းဖြေပြီး တွေးဖြေတွေ မပါ အားနည်းသည်ဟုဆိုရမည်သာ။ ကိုယ်ပိုင်အရည်အသွေး ဖော်ထုတ်နိုင်စွမ်းနှင့် ရဲရဲတွေး၊ ရဲရဲပြော၊ ရဲရဲဝေဖန်စွမ်းရည်တွင်တော့ အမေရိကန်တွေကိုမမီ။

အထက်တန်းအဆင့်ရောက်လာပြီဆိုလျှင် ရေးဖြေထက်၊ တွေးဖြေတတ်စေရန် အခြေခံသင်ကြားမှုများကို စတင်သင့်ပြီထင်သည်။ သို့သော် ၁၉၉၁ ခုနှစ်လောက်ကတည်းက အထက်တန်းသင်ပုံစံနှင့် တက္ကသိုလ်အဆင့်သင်ပုံစံတွေက သိပ်ပြီး ပြောင်းလဲမှုမရှိသည်ကိုသာ တွေ့နေရသည်။ တက္ကသိုလ်ကို အလုပ်အတွက် သေချာသည့်ဘာသာရပ်များ သင်ကြားရန်သာ ရွေးချယ်ပြီး ရောက်လာကြသည်။ တက္ကသိုလ်ကောင်းကောင်းရောက်ရန်အတွက် အမှတ်ကောင်းကောင်းရရန်ကလည်း သေရေးရှင်ရေးလို ဖြစ်နေသည်။ သိပ္ပံ၊ သင်္ချာ၊ စီးပွားရေး၊ ဥပဒေတွေနောက်ကို တကောက်ကောက်လိုက်ကြသည်။ သို့သော် အနုပညာဆိုသည့် ဘာသာရပ်ကို ယောင်လို့ပင် ကောက်ကိုင်စရာအဖြစ် မမြင်ကြသူတွေ များနေသည်။ အနုပညာနှင့်ရသပညာရပ်များကို အထက်တန်းအဆင့်မှာလောက်ကတည်းက အခြေမခံလိုက်နိုင်ကြောင်း တွေ့ရသည်။

ဥရောပကျောင်းသားများသည် အနုပညာနှင့် သိပ္ပံကို အထက်တန်းကျောင်းအဆင့်လောက်ကတည်းက သင်ကြားရသည်။ အမေရိကတွင်တော့ တက္ကသိုလ်ရောက်မှ အနုပညာဘာသာရပ်များကို (Liberal Arts) အနေနှင့် သင်ကြားကြသည်။ ဂျပန်တွင်တော့ အထက်တန်းရောက်လာသည့် ကလေးများသည် ကျူရှင်ကို လိုက်တက်၊ သေအောင်ကျက်ရသည့် ပညာရေးစနစ်နှင့်တိုးပြီး ကိုယ်ကျိုးနည်းရတော့သည်။ တက္ကသိုလ်ရောက်သည်အထိ သူတို့တွင် ကျူရှင်နှင့် အလွတ်ကျက်ရသည်မှာ မလွတ်နိုင်ကြပေ။ ထို့ကြောင့် ဂျပန်ပညာရေးစနစ်က မွေးထုတ်ပေးသူများကို 'ရှဲစောင်းစောင်းပညာရှင်မွေးထုတ်ရေးစနစ်' ဟု ဆိုကြသည်။ သူတို့တော်ကောင်းတော်မည်၊ တတ်ကောင်းတတ်မည်၊ သို့သော် လူမှုရေးနှင့် အနုပညာခံစားချက်ကင်းမဲ့သော နှလုံးသားမဲ့ ပညာရှင်များကို မွေးထုတ်ပေးသည့် ပညာရေးအဖြစ် တင်စားပြောဆိုခြင်းဖြစ်သည်။

ကျောင်းသားများကို ကိုယ်ပိုင်တွေးခေါ်နိုင်စွမ်း၊ ဆုံးဖြတ်နိုင်စွမ်းနှင့် ဖော်ထုတ်နိုင်စွမ်းများ ရင့်သန်စေလိုလျှင် နှလုံးသားထဲကို စာချည်းသက်သက် ရိုက်သွင်းပေး၍မရ။ အနုပညာနှင့် ရသခံစားမှုများကိုလည်း ကျောင်းသားများ၏ နှလုံးသားအတွင်း ထည့်သွင်းပေးနိုင်မှ ပညာရေးသည် ပြီးပြည့်စုံနိုင်ပါလိမ့်မည်။

ဂျပန်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်ကစတင်ပြီး တက္ကသိုလ်ဝင် စာမေးပွဲစနစ်ကို ပြုပြင်ပြောင်းလဲတော့မည်ဖြစ်ပါသည်။ နံကြားထောက် ခဲခြစ် မှားမှန်ရောထွေး ပညာရေးစနစ်မှသည် အတွေးအခေါ်နှင့် ခံစားမှုကို ဖော်ထုတ်နိုင်မည့် ပညာရေးစနစ် ဖြစ်လာလေမည်လား စိတ်ဝင်စားစရာဖြစ်သည်။

ခံစားမှုနှင့် ရသကို ရေးသားဖော်ထုတ်နိုင်မည့် လွတ်လပ်သောပညာရေးကို မျှော်လင့်မိပါသည်။ သို့သော် ကျောင်းသားတွေက လွတ်လပ်စွာ ရေးသားဖော်ထုတ်လာမှုများကို တက္ကသိုလ်ကျောင်းကြီးများက ပါမောက္ခ ကထိက ဆရာများက ကောင်းစွာ စဉ်းစား ပိုင်းဖြတ် အမှတ်ပေးနိုင်ပါ့မလား စဉ်းစားစရာဖြစ်သည်။ သူတို့ ဆရာ ဆရာမတွေကရော မည်သည့်စနစ်ဖြင့် အောင်မြင်ပြီး ဆရာတွေ ဖြစ်နေကြသနည်း။ ■E01

**(Ref: The Japan Times)**

# Photo Essay

## ချင်းတွင်းမြစ်ရိုးက လှေပြိုင်ပွဲ

ဓာတ်ပုံ - ငြိမ်းသူမင်း

**ချင်း**တွင်းမြစ်နှင့်မြစ်သာမြစ် ဆုံသည့်နေရာ မြစ်ခုမြစ်ကြားတွင် တည်ရှိသည့် ကလေးဝမြို့တွင် လှေလှော်ပြိုင်ပွဲ ကျင်းပခဲ့သည်။ ကလေးဝမြို့အနီး ချင်းတွင်းမြစ်အတွင်း လှေလှော်ပြိုင်ပွဲများ ကျင်းပရာတွင် ယခင်က လူဦးရေ ၂၀ အနည်းဆုံး ပါဝင်လှော်ခတ်ရသည့် လောင်းလှေပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီး ယခုအခါ လူ ၁၁ ဦးသာ ပါဝင်လှော်ခတ်ရသည့် လှေလှော်ပြိုင်ပွဲအဖြစ် ကျင်းပကြသည်။ မတ်လ ၁၇ ရက်နေ့မှ စတင်၍ ၅ ရက်အကြာ ကျင်းပသည့် လှေလှော်ပြိုင်ပွဲကို ကလေးဝမြို့အနီး ချင်းတွင်းမြစ်အတွင်း အမျိုးသားလှေလှော်အသင်း ၁၇ သင်း၊ အမျိုးသမီးလှေလှော်အသင်း ၆ သင်းဖြင့် ၆ ဖာလုံခန့် အကွာအဝေးကို ရေစုန်အတိုင်း လှော်ခတ်ပြိုင်ကြသည့် လှေလှော်ပြိုင်ပွဲကို ရိုက်ကူးဖော်ပြလိုက်ရပါသည်။



လှေလှော်ပြိုင်ပွဲတွင် ပန်းတိုင်အရင်ဝင်သည့်အသင်းက ရေလယ်တွင်ရှိသည့် မုံးဆွတ်(ပန်းတိုင်အလံ) ကို ယူငင်နေသည်ကို မြင်ရစဉ်။



လှေလှော်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လှေလှော်အသင်းသားများ အန္တရာယ်ကင်းစေရန် မြစ်အတွင်းရှိ နတ်ကောင်းနတ်မြတ်များကို အုန်း၊ ငှက်ပျော ဖွဲဖြင့်ပူဇော်ပသခြင်း၊ ရေစာကျွေးခြင်း( ချင်းတွင်းမြစ်ရှိနတ်ကောင်း နတ်မြတ်များကို ပူဇော်သည့်ဓလေ့ ) ပြုလုပ်နေသည်ကို မြင်ရစဉ်။



လှေလှော်ပြိုင်ပွဲ ကျင်းပသည့် ကလေးဝမြို့တောရကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော်ကြီး၏ပုံတုကိုပူဇော်သည့်အနေဖြင့် အဘိုးဆရာတော် (နာဂလိုဏ်ဂူဆရာတော်)၏ ရုပ်တုကို လောင်းလှေအတွင်း သယ်ဆောင်ကာ ပြိုင်ပွဲကျင်းပမည့် ချင်းတွင်းမြစ်အတွင်း လှည့်လည်ကြသည်ကိုမြင်ရစဉ်။





ချင်းတွင်းမြစ်အတွင်း လှေလှော်ပြိုင်ပွဲ မကျင်းပမီ ပြိုင်ပွဲဝင်မည့် အသင်းများမှ မြစ်အတွင်း အားစမ်းလှော်ခတ်နေကြသည်ကို မြင်ရစဉ်။



ကိုင်းကျေးရွာမှ မျိုးဆက်သစ် လှေလှော် အသင်း အမည်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်သည့် လှေ၏ဦးထိပ်ကို နဂါးပုံသဏ္ဍာန် ထုလုပ်ပြီး နတ်ကောင်းနတ်မြတ်များကို ပန်းဖြင့်ပူဇော်ဟန် ပြုလုပ်ထားသည်ကို မြင်ရစဉ်။



လှေလှော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းများ ကလေးဝမြို့ ချင်းတွင်းမြစ်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည်ကို မြင်ရစဉ်။





လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သစ်လုံးကိုထွင်းပြီး ပြုလုပ်ထားသည့် လောင်းလှေများဖြင့်သာ ပြိုင်ပွဲကျင်းပခဲ့သည်။ လောင်းလှေပြိုင်ပွဲအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကလေးဝမြို့ရှိလောင်းလှေကို လှေလှော်ပြိုင်ပွဲ အမှတ်တရအဖြစ် ပြိုင်ပွဲကျင်းပမည့်နေရာသို့ လှော်ခတ်လာသည်ကို မြင်ရစဉ်။



လှေလှော်ပြိုင်ပွဲဝင်မည့် တုန်နန်းကျေးရွာမှ လှေလှော်အမျိုးသမီး အသင်းကို မြင်ရစဉ်။

# မအောင်မြင်သော ပရောဂျက်များ

## ထရိုင်တွန်အသက်ရှူကိရိယာ


CNBC

Triton ဆိုသည့် ရေအောက် အသက်ရှူ အထောက်အကူပြုပစ္စည်းလေးတစ်မျိုးကို ဒေါ်လာ ၉ သိန်းခန့် အကုန်အကျခံပြီး တီထွင်ခဲ့ကြသည်။ ရေအောက်အသက်ရှူကိရိယာများမှာ အောက်ဆီဂျင် ဘူးများနှင့် သယ်ဆောင်ရသော ဝန်ထုပ်ဝန်ပိုးအလွန်ကြီးမားသည်။ ထရိုင်တွန်ဆိုသည်မှာ အသက်ကယ်အောက်ဆီဂျင်ဘူးမပါ၊ မျက်နှာဖုံးတစ်ခုတည်းဖြင့် ရေအောက်တွင် နေထိုင်နိုင်ရန် တီထွင်ခဲ့ကြခြင်းဖြစ်သည်။

ယင်းထရိုင်တွန်မျက်နှာဖုံးတွင် လက်ကိုင်ရိုးကဲ့သို့ မောင်းတံနှစ်ခုပါသည်။ မောင်းတံများကို ငါးပါးဟက် ကဲ့သို့ပြုလုပ်ထားပြီး ရေထဲတွင် အောက်ဆီဂျင်ကို ထုတ်ယူနိုင်စေရန် တီထွင်ကြခြင်းဖြစ်သည်။ ထရိုင်တွန်ကို အသုံးပြုပြီး ရေအောက် အနက် ၁၅ ပေအထိ ငုပ်နိုင်ခဲ့သည်။ အသင့်စီစဉ်ထားသော ပါးဟပ်များက အောက်ဆီ ဂျင်ကို ၄၅ မိနစ်ခန့် ထိန်းထားပေးနိုင်သည်။

သို့သော် ၄၅ မိနစ်အကြာ ရေအောက်တွင် နေနိုင်သည်ဆိုသော စံချိန်ကလျှော့လာသည်။ ထရိုင်တွန်အတွင်း တစ်စက္ကန့်လျှင် ရေ ၂ လီတာခန့်ကို တွန်းထုပ်အားဖြင့် လုပ်ဆောင်ပေးနိုင်မှ လူသားတို့အသက်ရှူနိုင်သည်။

ရေထဲတွင် လက်ကိုင်ရိုးကဲ့သို့ပြုလုပ်ထားသည့် ရေပန့်ကဲ့သို့သော မောင်းတံများက ဓာတ်ခဲအားဖြင့် မောင်းနှင်သည်ဆိုသော်လည်း ထင်သလောက် အလုပ်မဖြစ်ခဲ့ကြောင်းတွေ့ရသည်။ ဘက်ထရီအားမခံသောကြောင့် လေပန့်ကိုလည်း မမောင်းနိုင် အောက်ဆီဂျင်ကိုလည်း မထုတ်နိုင်သောကြောင့် အလုပ်မဖြစ်ခဲ့ပေ။ ဘက်ထရီ အားကို ကြာရှည်စွာ ခံနိုင် စေရန် ပြုပြင်နိုင်ပါက ယင်းမျက်နှာဖုံးသည် အောင်မြင်နိုင်စရာ အကြောင်း ရှိသည်။

ရင်းနှီးမြှုပ်နှံသူများက ၂၀၁၂ ခုနှစ်တွင် ငွေမထုတ်နိုင်သောကြောင့် ရပ်ဆိုင်းသွားသော်လည်း ၂၀၁၆ ခုနှစ် တွင် ဒေါ်လာ ၃ သိန်းကျော် ပြန်လည်ထောက်ပံ့ခြင်းခံရသည်။ ၂၀၁၈ ခုနှစ်တွင် ဈေးကွက်ကို တင်မည်ဟုဆိုထားသည်။ သို့သော် ယနေ့တိုင် ပေါ်မလာသေးပေ။

---

## နဂါးပျံ


YouTube

Dragonfly Futurefon ဆိုသည့် နည်း ပညာမှာ ကွန်ပျူတာလောကအတွက် စိတ်ကူးယဉ် ပစ္စည်းတစ်မျိုးဖြစ်သည်။ Dragonfly ဆိုသည်မှာ လက်ရှိ အသုံးပြုနေသော ဖုန်း၊ တက်ဘလက်နှင့် လက်ပ်တော့များကို ခေါက်ပြီး သိမ်းဆည်း သွားနိုင် ရမည်ဆိုသည့် နည်းပညာဖြစ်သည်။ ထိုနည်းပညာ အတွက် ရင်းနှီးမြှုပ်နှံသူများက ဒေါ်လာ ၇ သိန်းကျော် ထောက်ပံ့ထားသည့် ပရောဂျက်လည်းဖြစ်သည်။

Dragonfly စနစ်ကို တီထွင်သူများသည် မော်နီတာနှစ်ခြမ်းခွဲပြီး ခေါက်ဖြန့်စနစ်ကို အသုံးပြုနိုင်ရန် စီစဉ် ကြည့်ကြသည်။ နည်းပညာအရ လုပ်ဆောင်နိုင်သည်မှန်သော်လည်း ထုတ်လုပ်မှုနှင့် ကုန်ကျစရိတ်က အလွန်မြင့်မားလွန်းနေသည်။ စရိတ်ကိုလည်း လျှော့ချမရ၊ ထင်သလောက်လည်း ခရီး မပေါက်သည့်အဆုံးတွင် Dragonfly ပရောဂျက်ကို ရပ်ရမလို ဖြစ်နေသည်။

၂၀၁၆ ခုနှစ်ကတည်း ခေါက်နိုင်သည့်က နည်းပညာဖြင့် ပစ္စည်းများကို တီထွင်ခဲ့သော်လည်း မအောင်မြင် သောကြောင့် နောက်တွန့်နေသည်။ Indiegogo ကဲ့သို့ ရင်းနှီးမြှုပ်နှံသူတွေလည်း ငွေတွေဆုံးရှုံးပြီး ရပ်လုံး မပေါ်သော ကြောင့် အရှုံးကြီး ရှုံးခဲ့ရသည်။

---

## မှော်လက်စွပ်

လက်တွင် လက်စွပ်လေးတစ်ကွင်း စွပ်ထားလိုက်ပြီး ဒဏ္ဍာရီ ပုံပြင်ထဲကလို လက်လေးညွှန်လိုက်လျှင် မီးပိတ်စေ၊ မီးဖွင့်စေ၊ တီဗီတွေကို ဖွင့်စေ၊ ပိတ်စေ လုပ်နိုင်ရန် တီထွင်ကြည့်ကြပြန်သည်။ ထိုစိတ်ကူးမှ Logbar Ring ဆိုသည့် မှော်လက်စွပ်ကို လုပ်ကြသည်။ ရင်းနှီးမြှုပ်နှံသူတွေက ဒေါ်လာ ၈၀၀၀၀၀ အထိ အထောက်အပံ့ ပေးကြသည်။


Designboom

Gizmodo စာစောင်တွင် လက်ညှိုးညွှန်ရာ ဖွင့်စေ၊ ပိတ်စေဖြစ်ရန် နည်းပညာအရ ဘာတွေလိုအပ်ကြောင်း ရေးပြ ထောက်ပြကြသည်။ သို့သော် တီထွင်နေသည့် ကုမ္ပဏီကတော့ ဖြစ်သည်ဟု အာမခံသည်။ လက်စွပ်ကို YouTube ပေါ်တွင် ပွဲထုတ်သည်။ ထင်ထားသည့်အရွယ်အစား ထက်ကြီးနေသည်။ ဖုန်းကို ခိုင်းရန်အတွက် ဆော့ဖ်ဝဲကိုထည့်ထားရမည်။ အမှန်တကယ် စမ်းသပ်ကြည့်သောအခါ ၅ ရာခိုင်နှုန်းလောက်သာ လုပ်နိုင်သည်။ ပရောဂျက်ကို ရပ်နားထားလိုက်ရပြန်သည်။

---

## လက်ဆွဲ ရေခဲသေတ္တာ


Amazon

ပျော်ပွဲစားထွက်သည့်အခါတွင် လက်ထဲတွင် ဆွဲသွားနိုင်မည့် ရေခဲသေတ္တာအသေးစားလေးတွေကို စီးပွားရေး သမားတွေက တွက်ဆကြည့်ကြသည်။ ထို့ကြောင့် Kickstarter ကုမ္ပဏီကို Coolest Cooler ဆိုသည့် လက်ဆွဲ ရေခဲသေတ္တာတီထွင်ရန် ဒေါ်လာ ၁၃ သန်းခန့်ထုတ်ပေးကြသည်။ စမ်းသပ်တီထွင်မည့် ပစ္စည်းတစ်ခုအပေါ်တွင် ဤမျှများပြားသည့်ငွေပမာဏကို ထုတ်ပေးခြင်းဆိုသည်မှာ ဈေးကွက်ကြီးတစ်ခုကို မျှော်လင့်ထားသောကြောင့်လည်းဖြစ်သည်။ Coolest ကိုကြေညာစဉ်က သစ်သီးဖျော်စက်၊ ရေခဲကတ်၊ ရေလုံ စပီကာ၊ LED မီး၊ ပုလင်းဖွင့်စက်စသည်တို့ပါမည်ဟုဆိုထားသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီတွင် ဈေးကွက်တင်မည်ဟုပင်ဆိုထားသည်။ အမှာကလည်း ၃၆၀၀၀ ခန့်ရထားသည်။ သို့သော် နောက်ထပ် ၂ နှစ်သာကြာသွားသည် မပေါ်လာ။ ၂၀၁၈ ခုနှစ်တွင် ဆိုင်များပေါ်သို့ Coolest ဆိုသည့် လက်ဆွဲရေခဲသေတ္တာအနည်းငယ်ရောက်လာသည်။ ရင်းနှီးမြှုပ်နှံသူများက ငွေထပ်မထုတ်သောကြောင့် ကြာသွားရသည်ဟုဆိုသည်။

---

## လေထဲကရေထုတ်စက်

ရေသန့်သောက်သုံးရေးသည် လူသားတို့အတွက် အရေးကြီးသည့်ကိစ္စတစ်ခုဖြစ်သည်။ WaterSeer စက်က လေထဲမှရေကို ထုတ်ယူနိုင်မည်ဆိုကာ တီထွင်ကြပြန်သည်။ လေထဲက ရေထုတ်နိုင်လျှင် ပြီးပြည့်စုံသလောက် ဖြစ်သောကြောင့် အင်တာနက်ကုမ္ပဏီကြီးတစ်ခုက ဒေါ်လာ ၃၃၀၀၀၀ ရင်းနှီးမြှုပ်နှံပေးသည်။


Napalete

WaterSeer သည်လေထဲတွင်ရှိနေသည့် ရေခိုးရေငွေ့များကို စုပ်ယူပြီး ရေအဖြစ်ပြောင်းထုတ်ပေးနိုင်သည်။ နွေးသောလေများသည် အေးမြသော မျက်နှာပြင်တစ်ခုခုနှင့် ထိတွေ့လိုက်သည့်အခါတွင် ရေမှုန်ရေသီးလေးများ ဖြစ်လာသည်ကို သတိထားမိကြပေလိမ့်မည်။ ရေသီးလေးများစုဝေးပြီးလျှင် ရေအဖြစ်ပြောင်းလဲနိုင်ဆိုသည့် အခြေခံစနစ်ကြောင့် WaterSeer ကို အလုပ်ဖြစ်မည်ဟု ထင်ကြသည်။

သူတို့ WaterSeer စက်တစ်လုံးလျှင် ရေ လီတာ ၄၀ (၁၁ ဂါလန်) အထိ ထုတ်ပေးနိုင်ကြောင်း ပြောကြသည်။ သို့သော်လေထု စိုထိုင်းဆနှင့် ရေငွေ့ပျံခြင်းဆိုသည်မှာ သူ့နေရာနှင့်သူ အကန့်အသတ်ရှိသည်။ လေထုထဲက ရေကို၊ မြေအောက်ကရေကဲ့သို့ ထုတ်ချင်သလို မထုတ်နိုင်သည်က လက်တွေ့ပြဿနာဖြစ်သည်။

မြေထဲတွင်စိုက်ထားသည့် ကိရိယာက အအေးဓာတ်ကိုထုတ်ပေးနိုင်ပြီး ပြင်ပလေကစုပ်ယူကာ ရေခိုးရေငွေ့ အဖြစ် ပြောင်းလဲနိုင်မှုသည် ပတ်ဝန်းကျင်နှင့် ရာသီဥတုအပေါ်တွင်လည်းမူတည်သေးသည်။ ထို့ကြောင့် WaterSeer သည်အလုပ်မဖြစ်ဘဲ ရပ်ဆိုင်းသွားရသည်။

■ **(Ref: Most Controversial Projects)**

# မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပမည့် ကင်ဒိုပြိုင်ပွဲ ကစားသမား ၇၀ ကျော်ယှဉ်ပြိုင်မည်

**ရန်ကုန်၊ မတ် ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်ကျင်းပမည့် ဂျပန်ရိုးရာ ဓားခုတ်အားကစားနည်း ကင်ဒိုပြိုင်ပွဲကို ကစားသမား ၇၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ကမာရွတ်မြို့နယ်ရှိ ဂျပန်ကျောင်း၌ မတ်လ ၁၈ ရက်တွင် ကျင်းပရန် စီစဉ်ထားပြီး ဂျပန်၊ မြန်မာ၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ မကာအို၊ ထိုင်းနိုင်ငံတို့မှ ကစားသမားများပါဝင်မည်ဟု မြန်မာကင်ဒိုအဖွဲ့ အတွင်းရေးမှူး ဦးထွန်းဇော်က ပြောကြားသည်။

"ပြိုင်ပွဲဝင်ဖို့ စာရင်းပေးထားတဲ့ ကစားသမားစာရင်းက ၇၀ ကျော်လောက်ရှိပြီ။ နိုင်ငံအနေနဲ့ဆိုရင် တစ်နိုင်ငံလောက်တော့ တိုးနိုင်သေးတယ်" ဟု ၎င်းကဆိုသည်။

Kendo Myanmar Friends Cup ပြိုင်ပွဲတွင် အခြေခံအဆင့် ကလေးငယ်များပြိုင်ပွဲ၊ ဂျူနီယာ၊ ကင်ဒိုအဆင့်သတ်မှတ်ချက် 2 Dan အောက်နှင့် ကင်ဒိုအဆင့်သတ်မှတ်ချက် 5 Dan အောက်ပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ကစားသမား ၂၀ ဦးကျော်ပါဝင်မည်ဟု မြန်မာကင်ဒို အဖွဲ့ထံမှ သိရသည်။

မြန်မာနိုင်ငံ၌ ကင်ဒိုအားကစားအဖွဲ့ကို ၂၀၁၇ ခုနှစ်အတွင်းက စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ကစားသမား ၃၀ ကျော်ဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ကာ ဂျပန်နိုင်ငံသားနည်းပြ Kyoshi Tadayuki Dezaki ကသင်ကြားပေးခဲ့သည်။

မြန်မာကင်ဒိုအားကစားအဖွဲ့သည် စတင်ဖွဲ့စည်းချိန်ကတည်းက အဖွဲ့ချုပ်အဖြစ် အသိအမှတ်ပြုနိုင်ရေး ကြိုးပမ်းနေ သော်လည်း လက်ရှိအချိန်အထိ အဖွဲ့ချုပ်အဖြစ် သတ်မှတ်ခြင်းမခံရသေးပေ။ ■ **J-04**



# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိနိုင်ရန် နိုင်ငံလေးနိုင်ငံ လျှောက်လွှာတင်သွင်း

**ဇူးရစ်ချ်၊ မတ် ၁၇**

ကနေဒါ၊ မက္ကဆီကို၊ အမေရိကန်ပြည်ထောင်စုနှင့် မော်ရိုကိုတို့သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိနိုင်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ထံသို့ လျှောက်လွှာတင်သွင်းလိုက်ကြပြီဖြစ်ပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၏အိမ်ရှင်နိုင်ငံကို လာမည့်ဇွန်လ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း ဖီဖာက သတင်းထုတ်ပြန်ထားပြီဖြစ်သည်ဟု Daily Mail က ဖော်ပြထားသည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲသည် ဖီဖာ၏အလှည့်ကျစနစ်အရ မြောက်အမေရိကတိုက်တွင် ကျင်းပခွင့်ရရှိမည့် ပြိုင်ပွဲဖြစ်ပြီး ယင်းအတွက် မိုနာကိုမှာ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကို၊ ကနေဒါတို့နှင့်ယှဉ်ပါက အခွင့်အလမ်းနည်းပါးမှုများရှိနေသည်။

အမေရိကန် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ကော်ဒိုင်းရိုသည် လက်ရှိတွင် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်ဖြစ်ခွင့်ရနိုင်ရန်အတွက် မဲဆွယ်စည်းရုံးမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ကမ္ဘာ့အဆင့်ဘောလုံးကွင်းကြီး ၂၃ ကွင်း၊ လေ့ကျင့်ရေးကွင်းပေါင်း ၁၅၀ ကျော် တည်ဆောက်ထားပြီးဖြစ်သည့် အမေရိကန်ပြည်ထောင်စုအနေနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲ လက်ခံကျင်းပခွင့်ကို တစ်ကျော့ပြန်လည်ရရှိသင့်ကြောင်း ကော်ဒိုင်းရိုက ပြောကြားသွားခဲ့သေးသည်။

အမေရိကန်ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများသည် အခြားသောတစ်ဖက်တွင် သမ္မတ ဒေါ်နယ်ထရမ့်ကြောင့် အမေရိကန်ပြည်ထောင်စု၏ ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်ဖြစ်ခွင့် ဆုံးရှုံးသွားမည်ကို စိုးရိမ်မှုများရှိနေပြီး သမ္မတ ဒေါ်နယ်ထရမ့်မှာ ကမ္ဘာ့နိုင်ငံရေးအသိုင်းအဝိုင်းနှင့် ဆက်ဆံရေး အဆင်မပြေသည့်အတွက် ယင်းအရှိန်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အိမ်ရှင်ရွေးချယ်မှုအပေါ် ရိုက်ခတ်မှုများရှိလာနိုင်သည်ဟု အမေရိကန်ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများက ယူဆမှုများလည်း ရှိနေသည်။ ■ **E-11**

# ရုရှားမြေသို့ အသင်းကိုအားပေးရန် သွားရောက်စဉ်တွင် သတိကြီးစွာထားကြရန် အသင်းပရိသတ်များကို အာဆင်နယ် အသိပေး

**မော်စကို၊ မတ် ၁၇**




အာဆင်နယ်အသင်း တာဝန်ရှိသူများသည် အသင်းအားပေးသူများကို ယူရိုပါလိဂ်ပွဲကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကိုကြည့်ရှုရန်အတွက် ရုရှားမြေသို့ သွားရောက်ရာတွင် သတိကြီးစွာထားကြရန် အသိပေးတိုက်တွန်းလိုက်ကြောင်း The Mirror က ဖော်ပြထားသည်။

ရုရှားနှင့် အင်္ဂလန်အကြားတွင် လက်ရှိအချိန်၌ နိုင်ငံရေးအရ သဘောထားတင်းမာမှုများ မြင့်တက်နေပြီး ယင်းအချိန်တွင် ယူရိုပါလိဂ်ကွာတားဖိုင်နယ် ပွဲစဉ်များ မဲခွဲထုတ်ပြန်ရာ၌ အာဆင်နယ်နှင့် စီအက်စ်ကေအေမော်စကိုတို့မှာ တိုက်ဆိုင်စွာဖြင့်ပင် ထိပ်တိုက်တွေ့သွားခဲ့ခြင်းဖြစ်သည်။

ဗြိတိန်အစိုးရ အာဏာပိုင်များသည် ၎င်းတို့၏ နိုင်ငံပိုင်နက်အတွင်း၌ ရုရှားသူလျှို ဆာဂျီ ဆခရီပယ်လ်နှင့် ၎င်း၏သမီးဖြစ်သူ ယူလီယာတို့ တိုက်ခိုက်ခံခဲ့ရသည့်ဖြစ်စဉ်၏ နောက်ကွယ်တွင် ရုရှားအစိုးရ၏ကြိုးကိုင်မှုများ ပါရှိသည်ဟု အတိအလင်း စွပ်စွဲထားပြီး ယင်းကိစ္စအတွက် စိတ်ကျေနပ်လောက်ဖွယ်ရာ ဖြေရှင်းချက်တစ်ရပ် ပေးရန်လည်း ရုရှားအစိုးရကို ဗြိတိန်အစိုးရက တောင်းဆိုထားပြီလည်းဖြစ်သည်။

အာဆင်နယ်သည် စီအက်စ်ကေအေမော်စကိုကို ဧပြီလ ၅ ရက်နေ့တွင် ပထမအကျော့ပွဲစဉ်အဖြစ် အိမ်ကွင်း၌ လက်ခံကစားရလိမ့်မည်ဖြစ်ပြီး ယင်းနောက် သီတင်းတစ်ပတ်အကြာ ဧပြီလ ၁၂ ရက်နေ့တွင် ဒုတိယအကျော့ပွဲစဉ်ကို ယှဉ်ပြိုင်ရန်အတွက် အာဆင်နယ်က စီအက်စ်ကေအေအသင်းပိုင် ဘောလုံးကွင်းရှိရာ ရုရှားနိုင်ငံသို့ ဆက်လက် သွားရောက်ရလိမ့်မည်ဖြစ်သည်။

ရုရှားဘောလုံးပရိသတ်များနှင့် အင်္ဂလန်ဘောလုံးပရိသတ်များအကြားတွင် အတိတ်ကာလကတည်းကပင် ရန်ငြိုးများရှိခဲ့ဖူးပြီး လက်ရှိနိုင်ငံရေးအခြေအနေအရ ယင်းအမုန်းတရားများ တစ်ကျော့ပြန်လည်ခေါင်းထောင်လာမည်ကို ၎င်းတို့အနေနှင့် လွန်စွာစိုးရိမ်မိကြောင်း အာဆင်နယ်အသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။ ■ **E-11**

# လီဝန်ဒေါ်စကီးကိုခေါ်ယူရန် ဘိုင်ယန်မြူးနစ်နှင့် ရီးရဲလ်မက်ဒရစ်တို့ မူအရ သဘောတူညီမှုရ

**မြူးနစ်၊ မတ် ၁၇**



ရီးရဲလ်မက်ဒရစ်အသင်းသည်အသင်းတိုက်စစ်ကို အင်အားဖြည့်တင်းရန်အတွက် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒေါ်စကီးကိုခေါ်ယူရန် မူအရ သဘောတူညီမှုရရှိထားပြီဖြစ်ပြီး လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် လီဝန်ဒေါ်စကီးမှာ ရီးရဲလ်မက်ဒရစ်ထံသို့ ပြောင်းရွှေ့ရောက်ရှိလာရန် သေချာသွားခဲ့ပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

အသက် ၂၉ နှစ်အရွယ်ရှိလီဝန်ဒေါ်စကီးနှင့် ဘိုင်ယန်မြူးနစ်အသင်းအကြားတွင် ချုပ်ဆိုထားသောစာချုပ်သည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး ယင်းအတွက် ရီးရဲလ်မက်ဒရစ်က ၎င်းကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရရှိနိုင်ရန် အခွင့်အလမ်းကို ပိုင်ဆိုင်ထားပြီလည်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်သည် လီဝန်ဒေါ်စကီးကို ခေါ်ယူနိုင်ရေးအတွက် လွန်ခဲ့သည့်ဇန်နဝါရီလကတည်းကပင် ကစားသမား၏အေးဂျင့်ဖြစ်သူ ပီနီဇဟာဗီနှင့်တွေ့ဆုံဆွေးနွေးနေခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်တွင် လီဝန်ဒေါ်စကီးမှာ ရီးရဲလ်မက်ဒရစ်ထံသို့ ပြောင်းရွှေ့ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း ဆက်စပ်သတင်းများလည်း ကျယ်ပြန့်စွာ ထွက်ပေါ်နေပြီဖြစ်သည်။

ရီးရဲလ်မက်ဒရစ်သည် လီဝန်ဒေါ်စကီးကို ၂ နှစ်သက်တမ်းစာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရခဲ့ခြင်းဖြစ်ကာ ကစားသမားဖြစ်သူ၏ကြံ့ခိုင်မှုနှင့် စွမ်းဆောင်ရည်ကို သဘောကျပါက စာချုပ်သက်တမ်းကို ရီးရဲလ်မက်ဒရစ်က တစ်နှစ်ထပ်မံ တိုးချဲ့သွားလိမ့်မည်လည်းဖြစ်သည်။

လီဝန်ဒေါ်စကီးသည် ဒေါ့မွန်မှနေ၍ ဘိုင်ယန်မြူးနစ်ထံသို့ ပြောင်းရွှေ့ခဲ့စဉ်တွင် လည်း စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ရီးရဲလ်မက်ဒရစ်ထံသို့ လီဝန်ဒေါ်စကီး ပြောင်းရွှေ့ရောက်ရှိရန် သေချာသွားခြင်းကြောင့် ဘင်ဇီးမားမှာ လာမည့် နွေဈေးကွက် ဖွင့်လှစ်ချိန်တွင် အသင်းပြောင်းရရန် နီးစပ်သွားခဲ့ပြီဖြစ်သည်။ ■ **E-11**

# မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်ကျင်းပမည့် အာရှဘိလိယက်၊ စနူကာပြိုင်ပွဲ ယနေ့စမည်

**ရန်ကုန်၊ မတ် ၁၇**

မြန်မာနိုင်ငံအနေနှင့် ဆယ်နှစ်စုတစ်ခုအကြာတွင် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပခွင့်ရခဲ့သည့် အာရှဘိလိယက်၊ ယူ ၂၁ စနူကာနှင့် အမျိုးသမီး စနူကာပြိုင်ပွဲကို မတ်လ ၁၈ ရက် (ယနေ့) စတင်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ရန်ကုန်မြို့ရှိ Rose Garden Hotel ၌ မတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း ယင်းအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါပြိုင်ပွဲကို ပါကစ္စတန်၊ ထိုင်း၊ အိန္ဒိယ၊ အီရန်၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဟောင်ကောင်၊ ကာတာ၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံကတို့မှ ကစားသမားစုစုပေါင်း ၅၇ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ "အဖွဲ့ချုပ်အနေနဲ့ ဒီပြိုင်ပွဲကို ခမ်းခမ်းနားနားကျင်းပနိုင်ဖို့ ပြင်ဆင်ထားပါတယ်။ ဒီပွဲမှာ ကမ္ဘာ့ချန်ပီယံတွေရော ကျွန်တော်တို့ဆီက ကမ္ဘာ့အဆင့်ကစားသမားတွေ ယှဉ်ပြိုင်မှာပါ" ဟု မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမင်းနိုင်က ပြောကြားသည်။

ယင်းပြိုင်ပွဲ၏ ဘိလိယက်ပြိုင်ပွဲတွင် ကစားသမား ၁၈ ဦး၊ အသက် ၂၁ နှစ်အောက် အမျိုးသားစနူကာပြိုင်ပွဲတွင် ၂၅ ဦး၊ အမျိုးသမီးစနူကာပြိုင်ပွဲတွင် ၁၄ ဦး ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုကျင်းပသည့်ပြိုင်ပွဲသည် ၁၇ ကြိမ်မြောက် အာရှဘိလိယက်ချန်ပီယံပြိုင်ပွဲ၊ ၁၉ ကြိမ်မြောက်အာရှယူ ၂၁ စနူကာပြိုင်ပွဲနှင့် ဒုတိယအကြိမ်မြောက် အမျိုးသမီး စနူကာပြိုင်ပွဲတို့ဖြစ်ပြီး ပထမဆုရရှိသူများကို ကျပ်သိန်း တစ်ရာစီချီးမြှင့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံအနေနှင့် အာရှဘိလိယက်ပြိုင်ပွဲအတွက် ဘိလိယက်လက်ရွေးစင် ခြောက်ဦး၊ အသက် ၂၁ နှစ်အောက် စနူကာပြိုင်ပွဲအတွက် အမျိုးသားကစားသမား ငါးဦးနှင့် အမျိုးသမီးစနူကာပြိုင်ပွဲအတွက်အမျိုးသမီး ကစားသမားသုံးဦးတို့ ရွေးချယ်ထားသည်။ ■ J-04

# ဝီလ်ရှိုင်းယားကိုခေါ်ယူရန် အဲဗာတန် ကမ်းလှမ်းဆက်သွယ်

**လီဗာပူး၊ မတ် ၁၇**



အဲဗာတန်အသင်းသည် အာဆင်နယ်ကွင်းလယ်ကစားသမား ဝီလ်ရှိုင်းယားကို လက်မှတ်ရေးထိုးခေါ်ယူရန်အတွက် ကစားသမားဖြစ်သူအကျိုးဆောင်ကိုယ်စားလှယ်များထံ ကမ်းလှမ်းဆက်သွယ်ထားပြီဖြစ်ပြီး ၎င်းတို့၏ကမ်းလှမ်းမှုကို လက်ခံပေးမည်ဆိုပါက စာချုပ်လက်မှတ်ရေးထိုးခသီးသန့် ပေါင်ရှစ်သန်းပေးမည်ဟု ဝီလ်ရှိုင်းယားကို အဲဗာတန်က မက်လုံးပေးထားကြောင်း Sportmail က ဖော်ပြထားသည်။

ဝီလ်ရှိုင်းယားသည် လက်ရှိတွင် အာဆင်နယ်ဘက်က ကမ်းလှမ်းထားသည့် စာချုပ်သစ်ကို ငြင်းဆန်ပယ်ချထားပြီဖြစ်ပြီး ယင်းအတွက် ဘောလုံးရာသီပြီးဆုံးချိန်တိုင်သည်အထိ ၎င်းကို စာချုပ်သစ်ချုပ်ရန် အဆင်မပြေဖြစ်ခဲ့ပါက အာဆင်နယ်မှာ ဝီလ်ရှိုင်းယားကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ပေးလိုက်ရတော့မည်ဖြစ်သည်။

အာဆင်နယ်သည် ဝီလ်ရှိုင်းယားကို စာချုပ်သစ်ချုပ်ရန် ကမ်းလှမ်းခဲ့ရာတွင် ကစားသမားဖြစ်သူ၏လုပ်ခလစာအကျိုးခံစားခွင့်ကို လျှော့ချရန် ကြိုးပမ်းလိုက်သည့်အတွက် ယင်းစာချုပ်သစ်ကို ဝီလ်ရှိုင်းယားက ငြင်းဆန်ပယ်ချလိုက်ခြင်းဖြစ်ပြီး အဲဗာတန်နည်းပြ ဆမ်အလာဒိုက်စ်မှာ လွန်ခဲ့သည့် ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်၌လည်း ဝီလ်ရှိုင်းယားကိုခေါ်ယူရန် ကြိုးပမ်းမှုများရှိခဲ့ဖူးသည်။

ဝီလ်ရှိုင်းယားသည် လက်ရှိဘောလုံးရာသီတွင် အာဆင်နယ်ကို ကိုယ်စားပြု၍ ပြိုင်ပွဲအရပ်ရပ်၌ ပွဲစဉ်ပေါင်း ၃၁ ပွဲ ပွဲဝင်ကစားခွင့်ရရှိခဲ့ပြီးဖြစ်ကာ ၎င်း၏စွမ်းဆောင်ရည်များကို နှစ်ခြိုက်သဘောကျသည့်အတွက် အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ဆောက်ဂိတ်က လက်ရွေးစင်အသင်းလူစာရင်းတွင် ပြန်လည်ထည့်သွင်းရွေးချယ်ရန်အထိ စီစဉ်နေပြီလည်းဖြစ်သည်။

ရမ်ဆေးနှင့် ဘယ်လာရင်တို့သည်လည်း လာမည့်နွေဈေးကွက်ဖွင့်လှစ်ချိန်တွင် အာဆင်နယ်ကို ကျောခိုင်းစွန့်ခွာရန် စီစဉ်နေကြပြီဖြစ်ပြီး ရမ်ဆေးကိုခေါ်ယူရန် ချယ်လ်ဆီးကလည်းကောင်း၊ ဘယ်လာရင်ကိုခေါ်ယူရန် မန်ယူ၊ ဂျူဗင်တပ်နှင့် ဘာစီလိုနာတို့ကလည်းကောင်း စောင့်ကြည့်မှုများရှိနေသည်။

အာဆင်နယ်နည်းပြအာစင်ဝင်းဂါးသည် ရမ်ဆေး၊ ဘယ်လာရင်နှင့် ဝီလ်ရှိုင်းယားတို့ကို အသင်း၌ ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် နည်းလမ်းရှာဖွေနေဆဲဖြစ်ပြီး ရမ်ဆေးကမူ ၎င်းအနေနှင့် နည်းပြ အာစင်ဝင်းဂါးလက်အောက်၌ ပုံမှန်ပွဲထွက်ကစားခွင့်ရနိုင်ရန် ရှန်းကန်ရမှုများရှိလာသည့်အတွက် အသင်းပြောင်းရန် စိတ်ကူးရှိလာခြင်းဖြစ်သည်ဟု အသိပေးထားသည်။ ■ E-11





# ထရီဇာမေကို အာဏာရှင် ဟစ်တလာ၊ မူဆိုလိုနီ၊ ဖရန်ကိုတို့နှင့် ဆိုးလ်ကမ့်ဘဲလ် ခိုင်းနှိုင်း

**လန်ဒန်၊ မတ် ၁၇**

အင်္ဂလန်လက်ရွေးစင် နောက်ခံကစားသမားဟောင်း ဆိုးလ်ကမ့်ဘဲလ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲကို သပိတ်မှောက်ရန် စီစဉ်ထားသော ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ၏လုပ်ရပ်ကို ပြင်းပြင်းထန်ထန် ဝေဖန်ကန့်ကွက်လိုက်ပြီး ထရီဆာမေ၏ ဆုံးဖြတ်ချက်မှာ အာဏာရှင်ဆန်လွန်းချက်ရှိသည်ဟု ဆိုးလ်ကမ့်ဘဲလ်က မှတ်ချက်ပေးပြောကြားသွားခဲ့ကြောင်း Daily Star က ဖော်ပြထားသည်။

ထရီဆာမေသည် ဗြိတိန်နိုင်ငံနယ်နိမိတ်အတွင်း၌ ရုရှားသူလျှို ဆာဂျီဆခရီပယ်လ်နှင့် ၎င်း၏သမီး ယူလီယာတို့ လုပ်ကြံတိုက်ခိုက်ခံခဲ့ရသည့်ဖြစ်စဉ်မှာ ရုရှားအစိုး၏လက်ချက်ဖြစ်သည်ဟု အတိအလင်း စွပ်စွဲပြစ်တင်ထားပြီး ယင်းအတွက် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတက်ရောက်အားပေးချီးမြှင့်ရန် ဗြိတိန်နိုင်ငံရေးအသိုင်းအဝိုင်းမှနေ၍ မည်သူမျှ သွားရောက်မည်မဟုတ်ဟုလည်း ထရီဆာမေက ပြောကြားထားပြီဖြစ်သည်။

ထရီဆာမေသည် သူမအပါအဝင် ဝန်ကြီးအဖွဲ့တာဝန်ရှိသူများနှင့် မင်းသားဝီလျံတို့မှာ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို တက်ရောက်အားပေးချီးမြှင့်ရန် စီစဉ်ထားသည့် အစီအစဉ်များကို အသီးသီး ပယ်ဖျက်ပစ်လိုက်ကြပြီဖြစ်သည်ဟု ဖွင့်ဟအသိပေးသွားခဲ့ပြီး ဆိုးလ်ကမ့်ဘဲလ်က ထရီဆာမေ၏ ဆုံးဖြတ်ချက်မှာ နာဇီခေါင်းဆောင် ဟစ်တလာ၊ အီတလီဖက်ဆစ်ဗိုလ်ချုပ် မူဆိုလီနီနှင့် စပိန်ဗိုလ်ချုပ် ဖရန်ကိုတို့ကဲ့သို့ အာဏာရှင်ဆန်လွန်းလှကြောင်း ခိုင်းနှိုင်းသွားခဲ့ခြင်းဖြစ်သည်။

ဆိုးလ်ကမ့်ဘဲလ်သည် ဟစ်တလာ၊ မူဆိုလီနီနှင့် ဖရန်ကိုတို့မှာ အားကစားလောကအပေါ် နိုင်လိုမင်းထက် ပြုမူဆက်ဆံခဲ့သည့် သမိုင်းကြောင်းများကို ထောက်ပြ၍ ထရီဆာမေကို ပြစ်တင်ဝေဖန်သွားခဲ့ခြင်းဖြစ်ပြီး အားကစားရေးရာအခန်းကဏ္ဍများတွင် နိုင်ငံရေးကိစ္စရပ်များကို မရောထွေးသင့်ဟူသော ဖီဖာ၏ ပြဋ္ဌာန်းချက်ကို အားကစားနယ်ပယ်တွင် ကျင်လည်နေသူများသာမကဘဲ နိုင်ငံခေါင်းဆောင်များအနေနှင့်လည်း လိုက်နာသင့်ကြောင်း ဆိုးလ်ကမ့်ဘဲလ်က ထောက်ပြသွားခဲ့သည်။

အင်္ဂလန် လက်ရွေးစင်အသင်းနည်းပြ ဆောက်ဂိတ်သည် ၎င်း၏အသင်းအနေနှင့် နှစ်နိုင်ငံအကြား နိုင်ငံရေးသဘောထားတင်းမာမှုများ မြင့်တက်လာခဲ့မည်ဆိုပါက ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်မကစားဘဲနှင့် သပိတ်မှောက်လိုက်သည့် အခြေအနေမျိုး ဖြစ်သွားနိုင်သည်ဟု ဖွင့်ဟဝန်ခံထားပြီး လက်ရှိတွင် လုံခြုံရေးစိုးရိမ်ရသည်ဟူသော အကြောင်းပြချက်ဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို အင်္ဂလန်အသင်း ပါဝင်ကစားဖြစ်ခဲ့သည့်တိုင် ဘောလုံးသမားများ၏ ဇနီးသည်များနှင့် ချစ်သူမိန်းကလေးများ လိုက်ပါမသွားကြရန် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က တားမြစ်ထားပြီလည်းဖြစ်သည်။ ■ E-11

# ဂွါဒီယိုလာ ငွေသုံးခွင့် အလုံးအရင်းရသွားခဲ့ပါက မန်စီးတီးကို လိုက်မီရန် ခက်သွားလိမ့်မည်ဟု မော်ရင်ညို သုံးသပ်

**မန်ချက်စတာ၊ မတ် ၁၇**



မန်ယူနည်းပြ မော်ရင်ညိုသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်တွင် မန်စီးတီးအသင်းသာ ငွေအလုံးအရင်း အသုံးပြုခွင့် ထပ်မံရရှိသွားခဲ့မည်ဆိုပါက ပြိုင်ဘက်များအားလုံးအတွက် လွန်စွာ အကျပ်အတည်းတွေ့ရသည့် အခြေအနေတစ်ရပ် ကျိန်းသေဖြစ်ပေါ်လာလိမ့်မည်ဟု မှတ်ချက်ပေးသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

မော်ရင်ညိုသည် မန်စီးတီးမှာ နည်းပြဂွါဒီယိုလာ၏ဦးဆောင်မှုအောက်တွင် ဥရောပတန်းဝင် ထိပ်တန်းအသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ရန် ရည်ရွယ်ချက်ရှိနေပြီဖြစ်၍ သတိကြီးကြီးထားရတော့မည်ဟု အသိပေးသွားခဲ့ပြီး မန်စီးတီးထက် သာလွန်လိုပါက မန်စီးတီးထက် သာလွန်သည့် ရင်းနှီးမြှုပ်နှံမှုမျိုး ဆောင်ရွက်မှသာလျှင် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း မော်ရင်ညိုက ဆက်လက်အသိပေးသွားခဲ့သေးသည်။

ဂွါဒီယိုလာသည် လာမည့်နွေ ဈေးကွက်တွင် အသင်းကို အင်အားဖြည့်တင်းမှုများ ထပ်မံဆောင်ရွက်ရန် ပြင်ဆင်မှုများရှိနေပြီး ပြိုင်ဘက်များအနေနှင့် ကစားသမားတစ်ဦးကို မန်စီးတီးနှင့်ယှဉ်ပြိုင်ခေါ်ယူရရန် ဖြစ်လာခဲ့ပါက ယင်းကစားသမားကိုမန်စီးတီးရရှိမသွားစေရန် နည်းလမ်းပေါင်းစုံ အသုံးပြု၍ ကြိုးပမ်းရလိမ့်မည်ဖြစ်ကြောင်း မော်ရင်ညိုက တိုက်တွန်းသွားခဲ့သေးသည်။

မော်ရင်ညိုသည် မန်ယူကိုဦးဆောင်ခဲ့သည့် ဘောလုံးရာသီ နှစ်ရာသီအတွင်း အသင်းအတွက် ကစားသမားသစ်များ ခေါ်ယူရန် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၃၀၀ ကျော် အသုံးပြုခဲ့ပြီးဖြစ်ကာ လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် မန်ယူကို အကြီးစားပြုပြင်ပြောင်းလဲရေးတစ်ရပ် ဆောင်ရွက်နိုင်စေရန် မော်ရင်ညိုကို ငွေသုံးစွဲခွင့် အလုံအလောက်ပေးမည်ဟု မန်ယူအမှုဆောင်အရာရှိချုပ် အက်ဒ်ဝုဒ်ဝါးဒ်က အာမခံထားပြီးဖြစ်သည်။

သတင်းမီဒီယာများနှင့်တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "မန်စီးတီးဟာ အလျင်အမြန်ပဲ တိုးတက်နေပါတယ်။ လာမယ့်သီတင်းပတ်အနည်းငယ်အတွင်းမှာတင် သူတို့က အသင်းသမိုင်းကြောင်းတစ်လျှောက်မှာ ပရီးမီးယားလိဂ်အမှတ်ချန်ပီယံဆုကို တတိယအကြိမ် ကိုင်မြှောက်တော့မှာပါ။ မန်စီးတီး ဘာကြောင့်အခုလိုအဆင့်ဆီ ရောက်လာခဲ့ပါသလဲ။ သူတို့က သူတို့ရဲ့အင်အားဖြည့်တင်းမှုကို ဘယ်တော့မှ ရပ်မပစ်ခဲ့ပါဘူး။ အော့တာမင်ဒီ၊ ဒီဘရိုင်နေး၊ ဖာနန်ဒင်ညို၊ အဂူရို၊ စတာလင်းနဲ့ ဆေးလ်ဗားတို့က ဂွါဒီယိုလာ ရောက်မလာခင်ကတည်းက မန်စီးတီးဆီမှာ ရှိနေခဲ့တာဖြစ်ပါတယ်။ အဲ့ဒီအစုအဖွဲ့ထဲကို ဂွါဒီယိုလာက ငွေအလုံးအရင်း အသုံးပြုပြီး နောက်ထပ် ကစားသမားတွေ ပေါင်းထည့်ခဲ့တာပါ။ လာမယ့်နွေ ဈေးကွက်မှာ သူတို့နဲ့အပြိုင် ငွေသုံးစွဲပြီး ကစားသမားမခေါ်နိုင်ဘူးဆိုရင် မန်စီးတီးကို လိုက်မီဖို့က အရမ်းကို ခက်သွားပါတော့မယ်" ဟု ပြောကြားသွားခဲ့သည်။ ■ E-11



# ရှစ်နာရီကြာခဲ့သည့် ထိုင်ဝမ်ကသက်တံ ဂရင်းနစ် စံချိန်တင်

ထိုင်ဝမ်က တက္ကသိုလ်တစ်ခုမှာ မှတ်တမ်းတင်ထားတဲ့ သက်တံတစ်စင်းဟာဆိုရင် ကမ္ဘာပေါ်မှာ အချိန်အကြာဆုံး တည်ရှိတဲ့ သက်တံအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။

အဆိုပါသက်တံဟာ အချိန်အားဖြင့် ၈ နာရီ ၅၈ မိနစ် ခံခဲ့ပါတယ်။

ထိုင်ဝမ်ရဲ့ တရုတ်ယဉ်ကျေးမှု တက္ကသိုလ် လေထုသိပ္ပံဌာနက အဆိုပါ သက်တံကို နိုဝင်ဘာလက မှတ်တမ်းတင်ထားတာဖြစ်ပါတယ်။

ကမ္ဘာ့စံချိန်သတ်မှတ်တဲ့ ဂရင်းနစ်အဖွဲ့က စနေနေ့မှာကမ္ဘာ့စံချိန်သတ်မှတ်မှုဆိုင်ရာအခမ်းအနားပြုလုပ်ခဲ့ပါတယ်။

၁၉၉၄ ခုနှစ်က အင်္ဂလန်မှာ ၆ နာရီကြာအောင် တည်ရှိခဲ့တဲ့ သက်တံရဲ့ စံချိန်ကို ကျော်လွှားခဲ့တာဖြစ်ပါတယ်။

"အံ့အားသင့်စရာ သိပ်ကိုကောင်းပါတယ်။ ကောင်းကင်ပေါ်ကရတဲ့ လက်ဆောင်လိုပါပဲ"ဟု ပါမောက္ခချူးကွန်ဆွန်က ပြောကြားပါတယ်။

■F-02

# ဆွစ်ဇာလန်က မြေအောက်ရေကန်ကြီးထဲမှာ လှေလှော်ပြိုင်ပွဲကျင်းပ



ဆွစ်ဇာလန်နိုင်ငံ စိန့်လီယိုနက်ဒ် ဒေသမှာ ဥရောပရဲ့အကြီးဆုံးမြေအောက်ရေကန်ကြီးတစ်ခု ရှိပါတယ်။

ကျောက်စက်တွေကြားက Alpine ရေကန်ကြီးထဲမှာ လှေပြိုင်ပွဲကျင်းပခဲ့ရာမှာ ဝါသနာရှင်တွေ တပျော်တပါး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။

မတ်တတ်လှေ အမျိုးအစားတွေ ဝင်ရောက်ပြိုင်ကြတာဖြစ်ပြီး အလွန်လှပတဲ့ ပြိုင်ပွဲဝင် ဓာတ်ပုံတွေလည်း မီဒီယာပေါ်မှာ တွေ့ရပါတယ်။

လာရောက် လှော်ခတ်သူတွေဟာ နှစ်သက်ရာ အားကစားဝတ်စုံတွေ ဝတ်လာကြပြီးတော့ တစ်ဦးဟာဆိုရင် လင်းနို့လူသားဝတ်စုံ ဝတ်လာခဲ့ပါတယ်။

ထိုရေကန်ကို ၁၉၄၃ ခုနှစ်ကမှ ဖော်ထုတ်တွေ့ရှိတဲ့ မြေအောက်ကျောက်ဂူအတွင်း ရေအိုင်ကြီးဖြစ်ပါတယ်။

အနက်ပေကတော့ မမှန်ပါဘူး။ ၁၃ ပေကနေ ၄၉ ပေအထိ နက်တဲ့နေရာတွေလည်း ရှိပါတယ်။ သိပ်လှတဲ့ နေရာပေါ့။

■ F-02

# သတင်းအချက်အလက်ကမ္ဘာ

★ ကမ္ဘာပေါ်မှာ ပညာသင်သင့်ပါလျက် ပညာသင်ခွင့်မရတဲ့ မိန်းကလေး ၆၂ သန်း ရှိနေပါတယ်။ တချို့ဒေသတွေမှာ မိန်းကလေးငယ်တွေဟာ ပညာသင်မယ်ဆိုရင် အသက်အန္တရာယ်တောင် ခြိမ်းခြောက်ခံရပါတယ်။



★ အမေရိကန် အလုပ်သမားဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်မှာ ထုတ်ပြန်ထားတဲ့ ကိန်းဂဏန်းတွေအရ အရွယ်ရောက်ပြီးအလုပ်လုပ်နိုင်တဲ့ အသက်အရွယ်ရှိ အမျိုးသားအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းဟာ လုပ်ငန်းခွင်ထဲရောက်ကြပြီး အမျိုးသမီးကတော့ ၅၇ ရာခိုင်နှုန်းပဲ လုပ်ငန်းခွင်ထဲ လာရောက်အလုပ်ရကြပါတယ်။ အမျိုးသမီးအလုပ်သမားတွေဟာ အလုပ်အကိုင်ရရှိခြင်းမှာ အမျိုးသားတွေနဲ့မတူတဲ့ အတားအဆီး အခက်အခဲတွေ ပိုကြုံနေရပါတယ်။



★ အသက် ၁၅ နှစ်ကနေ ၄၄ နှစ်ကြား အမျိုးသမီးတွေအတွက် ကင်ဆာရောဂါ၊ ယာဉ်တိုက်ခံရခြင်း၊ စစ်ဘေးသင့်ခြင်းနဲ့ ငှက်ဖျားရောဂါရနိုင်ခြင်းတို့ထက် အလိုမတူဘဲ လိင်ပိုင်းဆိုင်ရာ အဓမ္မကျင့် စော်ကားခံရနိုင်ခြေက ပိုများတယ်လို့ ကုလသမဂ္ဂက သတိပေးထားပါတယ်။







★ လူငါးယောက် လူကုန်ကူးခံရတိုင်း သားကောင်လေးဦးဟာ အမျိုးသမီးတွေဖြစ်ပါတယ်။ လူကုန်ကူး ဒုစရိုက်သမားတွေဟာ ဇနီးမယားအဖြစ် ရောင်းစားခြင်း၊ အတင်းအဓမ္မပြည့်တန်ဆာ လုပ်ခိုင်းခြင်းနဲ့ ကျွန်ပြုခိုင်းစေခြင်းတို့ ပြုလုပ်ဖို့ အမျိုးသမီးတွေကို ပိုမိုပစ်မှတ်ထားကြပါတယ်။